ရွှေပါရမီစာစဉ်(၆)



# အရှင်သန္တာဓိက

ရွှေပါရမီတောရ


# လောက၌အကောင်းဆုံးသောအရာ

သတ္တမအကြိမ်

800



ဘယ်ပန်းရနံ့
ဘယ်လောက်မွှေးမွှေး
လေညာဆန်ရိုးမရှိပါဘူး ။
ကိုယ်ကျင့်သီလပန်းရနံ့ကတော့
လေစုန်ရောလေဆန်ပါ
လေအောက်ရောလေညာပါ
ထက်အောက်ဝဲယာ
မွှေးပျံ့သင်းကြိုင်ပါတယ် ။



GRAPHIC
NAY WINN AUNG
099061597

# ရွှေပါရမီ ၂၀၀၀ အမှတ်(၂)


စာမူခွင့်ပြုချက်

၃၂၀၁၄၁၀၃၀၇

မျက်နှာဖုံးခွင့်ပြုချက်

၃၂၀၁၄၈၀၃၀၇

၂၀၀၇ ခုနှစ် ● မတ်လ ● သတ္တမအကြိမ် ● အုပ်ရေ ၂၈၀၀၀

မျက်နှာဖုံးပန်းချီ

နေဝင်းအောင်

အတွင်းသရုပ်ဖော်ပန်းချီ

မောင်မောင်သိုက်

<u>မျက်နှာဖုံးပုံနှိပ်သူ</u>

ဦးတိုးဝင်း (၀၂၄၃၁)၊ နေလရောင်ပုံနှိပ်တိုက်

အမှတ် ၉၆၊ ၁၁ လမ်း၊ လမ်းမတော်မြို့နယ်။

<u>အတွင်းပုံနှိပ်သူ</u>

ဦးကြင်ရွှေ (၀၃၁၀၅)၊ မိသားစုပုံနှိပ်တိုက်

အမှတ် ၉၀–အေ၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်။

<u>ထုတ်ဝေသူ</u>

ဦးရှိန်ဝင်း (၀၃၉၆၄)၊ ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့

အမှတ် (၁၉ အေ/၂)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။

<u>ဖြန့်ချိရေး</u>

ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့

အမှတ် (၆၁)၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်။

(☎ ၂၂၆၅၀၀၊ ၂၁၀၄၆၂)

---

တန်ဖိုး ၆၀၀ ကျပ်

# အရှင်ဆန္ဒာဓိက ( ရွှေပါရမီတောရ )

- ၁၉၆၇ ခုနှစ်၊ ဇန်နဝါရီလ(၉)ရက်၊ အင်္ဂါနေ့တွင် ရေနံချောင်းမြို့ သူဌေးကုန်းရပ်ကွက်၌ ခမည်းတော် ဦးစိန်ဝင်း၊ မယ်တော် ဒေါ်သိန်းသိန်းတို့မှ ဖွားမြင်သည်။
- ၁၉၈၄ ခုနှစ်တွင် ဆယ်တန်းစာမေးပွဲကို ရေနံချောင်းမြို့ အထက(၁)မှ ခြောက်ဘာသာ (ဘာသာစုံ) ဂုဏ်ထူးဖြင့် မြန်မာတစ်နိုင်ငံလုံး ဒုတိယရလျက် အောင်မြင်သည်။ သုံးထပ်ကွမ်းလူ့ရည်ချွန်အဖြစ် ၈တန်း၊ ၉တန်း၊ ၁၀တန်းတို့၌ သုံးနှစ်ဆက်တိုက် ရွေးချယ်ခံခဲ့ရသည်။
- ၁၉၈၄ ခုနှစ်၊ ဆယ်တန်းအောင်မြင်ပြီးနောက် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပြီး အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်တွင် ပရိယတ္တိစာပေများ လေ့လာဆည်းပူးခဲ့သည်။
- ၁၉၉၂ ခုနှစ်တွင် ပထမကျော်ဘွဲ့ နှင့် ၁၉၉၅ ခုနှစ်တွင် ဓမ္မာစရိယဘွဲ့တို့ကို ရရှိခဲ့သည်။
- ၁၉၉၈ ခုနှစ်တွင် အသက်(၃၀)ပြည့် ပုလဲရတုမွေးနေ့ အထိမ်းအမှတ်အဖြစ် တစ်ယောက်တည်းနေ တစ်စိတ်တည်းထား စာအုပ်ကို စတင်ထုတ်ဝေခဲ့သည်။
- ယခုအခါ သထုံမြို့ ကေလာသတောင်၊ ရွှေပါရမီတောရကျောင်း၌ တစ်ပါးတည်း ကောစာရီတောရဆောက်တည်လျက် ပရိယတ်၊ ပဋိပတ်အလုပ် အားထုတ်လျက်ရှိသည်။ ▪

အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)၏

# ထွက်ရှိပြီးစာအုပ်များ


၁။ တစ်ယောက်တည်းနေ တစ်စိတ်တည်းထား

၂။ ကိုယ့်စိတ်ကိုယ်စစ်

၃။ မသေခင်ဘာလုပ်ကြမလဲ

၄။ ရဲရင့်သူတို့၏နေရာ

၅။ ငြိမ်းအေးသောဘဝပိုင်ရှင်

၆။ လောက၌အကောင်းဆုံးသောအရာ

၇။ ဘယ်အိမ်မှာနေကြမလဲ

၈။ အိုဘယ့်အလှူရှင်

၉။ အနှိုင်းမဲ့ချမ်းသာ

၁၀။ ရဟန်းဘာကြောင့်ပြုရတယ်

၁၁။ ဆေးပေါင်းခတဲ့မျက်ရည်

၁၂။ မြင့်မြတ်သူတို့၏စံအိမ်

၁၃။ လမ်းခွဲတာဝမ်းနည်းစရာလား

၁၄။ အလင်းစေတမန်

၁၅။ အချစ်ကံခေပေမယ့်အနှစ်ကျန်စေရမယ်

၁၆။ ငါ့ကိုမချစ်ပါနဲ့

၁၇။ ကြာလိုလူ

# သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

## အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

ဤစာအုပ်အပါအဝင်
ရွှေပါရမီစာစဉ်အားလုံးကို
ဓမ္မဒါနအလှူရှင်အသီးသီးတို့မှ
တရားအလှူ၊ ပညာပါရမီအလှူ၊
တိုက်ရိုက်သာသနာပြုအလှူအဖြစ်
လှူဒါန်းထားသော
ရွှေပါရမီဓမ္မစာပေပြန့်ပွားရေး ထာဝရအလှူတော်ငွေဖြင့်
ထုတ်ဝေပါသည်။

ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့

# မာတိကာ


| | | |
|---|---|---|
| ၁။ | ■ လောက၌အကောင်းဆုံးသောအရာ | ၁၁ |
| ၂။ | ■ ကိုယ်ကျင့်တရားရဲ့အဓိပ္ပါယ် | ၁၉ |
| ၃။ | ■ ချစ်သူတွေဝိုင်းကာပတ်လည် | ၂၄ |
| ၄။ | ■ သီလစောင့်ရင်အရူမတောင့်ပါတယ် | ၂၉ |
| ၅။ | ■ သီလရဲရင့်ပွဲလယ်တင့် | ၃၅ |
| ၆။ | ■ သီလရှိကလိုတရ | ၃၉ |
| ၇။ | ■ ခေါင်းပေါ်ကဆံပင်လိုအလေးအနက်ထားရမယ် | |
| | ■ ခါးပေါ်ကလုံချည်လိုကိုယ်နဲ့မကွာမြဲရမယ် | ၄၅ |
| ၈။ | ■ ကုရုဓမ္မအခါတော်နေ့ သို့မဟုတ် ဂရုဓမ္မအခါတော်နေ့ | ၄၉ |
| ၉။ | ■ ရေထဲကျတဲ့မြားငါးလေးတွေထိသွားလား | ၅၄ |

| | | |
|---|---|---|
| ၁၀။ | ■ သူနဲ့သာဆိုရင် | ၅၇ |
| ၁၁။ | ■ ဘာလို့များသူတစ်ပါးပစ္စည်းအလကားလိုချင်ရင်တာလဲ | ၆၂ |
| ၁၂။ | ■ တစ်ဖက်တိုးဖို့တစ်ဖက်ယူတစ်ဖက်လူအပေါ်ရှိုးပါဦးမလား | ၆၇ |
| ၁၃။ | ■ အသေအချာမသိဘဲနဲ့ဘာလို့များ | |
| | ■ တစ်ဖက်သားကိုစွပ်စွဲချင်ရတာလဲ | ၇၃ |
| ၁၄။ | ■ ကွက်လပ်ကလေးဖြည့်ပေးပါ | ၇၈ |
| ၁၅။ | ■ ဘာပဲလုပ်လုပ်ဆိတ်ကွယ်ရာမရှိ | ၈၅ |
| ၁၆။ | ■ အာသာနဲ့ချမ်းသာ၊ဘယ်"သာ"ကိုယူမလဲ | ၉၂ |
| ၁၇။ | ■ စိတ်လစ်လို့စိတ်ညစ်တာပါ | ၉၇ |
| ၁၈။ | ■ သီလဖြူစင်ရုံနဲ့ကျေနပ်မနေပါနဲ့ | ၁၀၁ |
| ၁၉။ | ■ သီလအတွက်အသက်စွန့်ရဲလား | ၁၀၆ |
| ၂၀။ | ■ သစ္စာဆိုနိုင်လောက်အောင်သီလစောင့်ထိန်းပါ | ၁၁၃ |
| ၂၁။ | ■ ဘဝကောင်းတစ်ခုရချင်ရင်ငါးပါးသီလလုံမှဖြစ်မယ် | ၁၁၈ |
| ၂၂။ | ■ သတိပဋ္ဌာန်အားထုတ်မှသီလလုံခြုံမယ် | ၁၂၆ |
| ၂၃။ | ■ အပ္ပမာဒေန သမ္ပာဒေထ | ၁၃၄ |

ရွှေပါရမီစခန်းဖြင့်ခေမာပြည်လှမ်းနိုင်ကြပါစေ။

# တရားဖွင့်ဂုဏ်တော်ပွား

အရဟံ၊

ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား။

အရဟံ၊

ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို
ပြုတော်မမူသော မြတ်စွာဘုရား။

အရဟံ၊

ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။

ပညာတတ်လို့၊ အမျိုးမြတ်လို့
ငါ့ကို ချစ်မြတ်နိုးတာမှ မဟုတ်ဘဲ၊
ကိုယ်ကျင့်သီလကောင်းလို့သာ
ချစ်မြတ်နိုးတာလေ၊
ရုပ်ရည်၊ ဥစ္စာ၊ ပညာ၊ တန်ခိုး
ဘာများတန်ဖိုးရှိလို့လဲကွယ်...။



# လောက၌အကောင်းဆုံးသောအရာ

လောကမှာ အကောင်းဆုံးသောအရာဟာ ဘာလဲ၊ ဘယ်အရာဟာ လောကမှာ အကောင်းဆုံးလဲလို့ မေးလိုက်ရင် အဖြေအမျိုးမျိုးထွက်လာမှာ သေချာပါတယ်။ ဟိုလူက ဟိုဟာကို အကောင်းဆုံးလို့ ပြောမယ်၊ ဒီလူက ဒီဟာကို အကောင်းဆုံးလို့ပြောမယ်။ လူတစ်ယောက်နဲ့တစ်ယောက် အကောင်းဆုံးအရာ သတ်မှတ်ချက်ချင်း တူညီကြမှာ မဟုတ်ပါဘူး။

လူတစ်ကိုယ် အကြိုက်တစ်မျိုးဆိုတဲ့အတိုင်း လူအမျိုးမျိုးမှာ အကြိုက်အမျိုးမျိုး ရှိကြမှာပါ။ ကိုယ်အကြိုက်ဆုံးအရာကိုပဲ အကောင်းဆုံးအရာလို့လဲ သတ်မှတ်ကြမှာပါ။ ဒါက ပုဂ္ဂလဓိဋ္ဌာန်အနေနဲ့ ပြောတာပေါ့။ ဒါပေမဲ့ ပုဂ္ဂလဓိဋ္ဌာန်အနေနဲ့မဟုတ်ဘဲ ဓမ္မဓိဋ္ဌာန်အနေနဲ့ အကောင်းဆုံးအရာ သတ်မှတ်တဲ့နေရာမှာတော့ ကိုယ်ကြိုက်တာ၊ မ

ကြိုက်တာကို ပစာနပြုလို့ မဖြစ်ပါဘူး။ ပင်ကိုသဘာဝအရ ကောင်းတာ၊ မကောင်းတာကိုပဲ ပစာနပြုရပါမယ်။ သူ့ပင်ကိုသဘာဝကိုက အကောင်းဆုံးအရာ ဖြစ်နေဖို့ပဲ လိုအပ်ပါတယ်။

တရားနာပရိသတ်များ .... လောက၌ အကောင်းဆုံးသော အရာဘာဖြစ်မယ်လို့ ထင်ပါသလဲ၊ လောကမှာ ဘယ်အရာအကောင်းဆုံးလို့ ယူဆပါသလဲ၊ ကိုယ့်အတွေးနဲ့ကိုယ် ဖြေကြည့်ပါဦး၊ ကိုယ့်အထင်နဲ့ကိုယ် ပြောကြည့်ပါဦး။

"တရားအကောင်းဆုံးပါဘုရား"

"ဝိပဿနာအကောင်းဆုံးပါဘုရား"

"နိဗ္ဗာန်အကောင်းဆုံးပါဘုရား"

". . . အကောင်းဆုံးပါဘုရား"

တစ်ယောက်တစ်မျိုးစီပါလားနော်။

ကဲ–ဘယ်အဖြေမှန်သလဲဆိုတာ အဖြေညှိကြည့်ဖို့အတွက် ဇာတ်တော်လေးတစ်ခုရဲ့ နိဒါန်းပိုင်းလေးကို နည်းနည်းလေး ပြောပြပါမယ်။

တစ်ခါတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး အုပ်စိုးစဉ်တုန်းက ဦးဇင်းတို့ရဲ့ မြတ်စွာဘုရားအလောင်းဟာ အဲဒီ ဗြဟ္မဒတ်မင်းကြီးရဲ့ ပုရောဟိတ်ပုဏ္ဏား ဖြစ်ခဲ့ဖူးတယ်။

အဲဒီ ပုရောဟိတ်ပုဏ္ဏားကို ဗြဟ္မဒတ်မင်းကြီးက အင်မတန်ချစ်တယ်။ အင်မတန်မြတ်နိုးတယ်။ ပေးစရာရှိ သူများထက် ပိုပြီးတော့ပေးတယ်။ ချီးမြှောက်စရာရှိ သူများထက်ပိုပြီးတော့ ချီးမြှောက်တယ်။

ကျူညီစောင့်ရှောက်စရာရှိ သူများထက်ပိုပြီးတော့ ကူညီစောင့်ရှောက်တယ်။ အတိုချုပ်ပြောရမယ်ဆိုရင်တော့ ပုရောဟိတ်ပုဏ္ဏားကို ဗြဟ္မဒတ်မင်းကြီးက သူများထက်ပိုပြီးတော့ ချစ်မြတ်နိုးတယ်။

အားလုံးထက် သိသိသာသာကို ချစ်မြတ်နိုးတော့ တစ်နေ့မှာ ဘုရားလောင်းပုရောဟိတ်ပုဏ္ဏားက စဉ်းစားတယ်။

" ရှင်ဘုရင်ကြီးက ငါ့ကို သူများထက်ပိုပြီးတော့ ချစ်မြတ်နိုးတယ်။ ဒီလိုချစ်မြတ်နိုးတာဟာ ငါ့ရဲ့အမျိုးမြတ်ခြင်းကြောင့်ပဲလား။ ဒါမှမဟုတ် ငါပညာတတ်ခြင်းကြောင့်ပဲလား။ ဒါမှမဟုတ် ငါ့ရဲ့ ကိုယ်ကျင့်သီလ ကောင်းခြင်းကြောင့်ပဲလား။ စမ်းသပ်ကြည့်ဦးမှပဲ"

ဆိုပြီးတော့ တစ်နေ့မှာ မင်းနန်းတော်ကနေ အခစားပြန်လာတဲ့အချိန် ရှင်ဘုရင်ရဲ့ ရွှေပန်းထိမ်ဖိုကနေပြီးတော့ ရွှေအသပြာတစ်ခု အသိမပေးဘဲနဲ့ ယူလာခဲ့တယ်။ ဒုတိယနေ့မှာ ရွှေအသပြာနှစ်ခု အသိမပေးဘဲနဲ့ ယူလာခဲ့တယ်။ တတိယနေ့မှာ ရွှေအသပြာတစ်ဆုပ် အသိမပေးဘဲနဲ့ ယူလာခဲ့တယ်။

ရွှေပန်းထိမ်သည်ကလည်းပဲ ပုရောဟိတ်ပုဏ္ဏားကို ရိုသေလေးစားတဲ့အတွက်ကြောင့် ပထမနေ့မှာ ဘာမှမပြောဘူး။ ကြည့်နေလိုက်တယ်။ ဒုတိယနေ့မှာလဲ ဘာမှမပြောပါဘူး။ ကြည့်နေလိုက်တယ်။ တတိယနေ့ ရွှေတစ်ဆုပ်လည်းယူရော ချက်ချင်း ဖမ်းယူပြီးတော့ ....

" သင်ဟာ ဒီလောက်အချိန်ကာလကြာအောင် ကိုယ့်ကိုယ်ကို ကိုယ်ကျင့်သီလရှိသလိုလိုနဲ့ လှည့်လည်ခဲ့တာပဲ။ သင်ဟာ နှစ်ပေါင်းများစွာ ကိုယ့်ကိုယ်ကို ကိုယ်ကျင့်သီလရှိသလိုလို အယောင်ဆောင်

ခဲ့တာပဲ။ ဒီနေ့တော့ သင့်ရဲ့အမှန်တရား ပေါ်ပြီ။ သင်ဟာ ကိုယ်ကျင့်သီလ လုံးဝမရှိတဲ့လူတစ်ယောက်ပဲ။ သင့်ကို ကျွန်ုပ်ဖမ်းတယ် "

ဆိုပြီးတော့ သူခိုးဗျို့ သူခိုး သူခိုးနဲ့ တစ်ခါတည်း အော်တော့တာပဲ။ အဲဒီလိုအော်တော့ အနီးအနားပတ်ဝန်းကျင်မှာရှိတဲ့ လူတွေလည်း ပြေးလာကြပြီးတော့ ဟိုလူက နှစ်ချက်သုံးချက်လောက် ရိုက်လိုက်၊ ဒီလူကနှစ်ချက်သုံးချက်လောက်ရိုက်လိုက်နဲ့ ဝိုင်းဝိုင်းပြီးတော့ ရိုက်ကြတယ်။

" သင့်ကိုကျွန်ုပ်တို့က ပညာရှိသူတော်ကောင်းကြီး၊ ကိုယ်ကျင့်သီလကောင်းတဲ့ ပုဂ္ဂိုလ်ကြီးလို့ ထင်လာခဲ့တာ။ ထင်ပြီးတော့ ရိုသေလေးစားလာခဲ့တာ။ ခုတော့ သင်ဟာ ကိုယ်ကျင့်သီလမရှိတဲ့သူတစ်ယောက်ပဲ " ဆိုပြီးတော့ ကြိုးနဲ့ လက်ပြန်ကြိုးတုပ်ပြီးတော့ ရှင်ဘုရင်ဆီ ခေါ်လာခဲ့တယ်။ ရှင်ဘုရင်ဆီရောက်တော့ ရှင်ဘုရင်က ....

" ဘာကိစ္စလဲ "

" ဒီလိုပါပဲ၊ ရှင်ဘုရင်ရဲ့ ရွှေပန်းထိမ်ဖိုကနေ ရွှေအသပြာတွေ သုံးရက်တိုင်တိုင် ခိုးယူတဲ့အတွက်ကြောင့် ရှေ့တော်မှောက် ခေါ်လာခဲ့ခြင်းပါ "

" ကဲ–ဒီလိုခိုးယူတယ်ဆိုလို့ရှိရင်လည်း သူ့အပေါ်မှာ ပေးသင့်ပေးထိုက်တဲ့ မင်းပြစ်မင်းဒဏ် ပေးလိုက်တော့ပေါ့။ တရားဥပဒေအတိုင်း စီရင်လိုက်ပါ" လို့ ရှင်ဘုရင်က မိန့်တော်မူတဲ့အခါမှာ ပုရောဟိတ်ပုဏ္ဏားကြီးက ....

" အရှင်မင်းကြီး အကျွန်ုပ် သူခိုးမဟုတ်ပါဘူး "

"သူခိုးမဟုတ်ဘူးဆိုရင်ရွှေပန်းထိမ်ဖိုက ရွှေတွေ အသိမပေးဘဲ ဘာဖြစ်လို့ ယူရတာလဲ"

"မှန်လှပါအရှင်မင်းမြတ်၊ အရှင်မင်းမြတ်ဟာ ကျွန်ုပ်ကို သူများ ထက်ပိုပြီးတော့ ချစ်မြတ်နိုးတယ်။ သူများထက် ပိုပြီးတော့ ချီးမြှောက် တယ်။ သူများထက် ပိုပြီးတော့ စောင့်ရှောက်တယ်။ သူများထက် ပိုပြီး တော့ အရေးပေးတယ်။

"အားလုံးထက်ပိုပြီးတော့ ချစ်မြတ်နိုးခြင်း၊ အရေးပေးခြင်းဟာ ကျွန်တော်မျိုး အမျိုးမြတ်လို့ပဲလား၊ ပညာတွေတတ်လို့ပဲလား၊ ကိုယ် ကျင့်သီလကောင်းလို့ပဲလားဆိုတာ စမ်းသပ်ကြည့်ချင်လို့ ကျွန်ုပ် ယခု ကဲ့သို့ယူရခြင်း ဖြစ်ပါတယ်။

"ခုတော့ ကျွန်ုပ်သိပါပြီ။ အမျိုးမြတ်တာလည်း ဘာမှ သုံးမရ ပါဘူး။ ပညာတတ်တာလည်း ဘာမှ သုံးမရပါဘူး။ ကိုယ်ကျင့်သီလ ကောင်းခြင်းကသာ သုံးရပါတယ်။ လောကမှာ အကောင်းဆုံးအရာ ဟာ ကိုယ်ကျင့်သီလ၊ လောကမှာ အမြတ်ဆုံးအရာဟာ ကိုယ်ကျင့်သီလ ဆိုတာ ကျွန်ုပ် သဘောပေါက်ပါပြီ။ လောကမှာ သီလထက် ကောင်း မြတ်တဲ့အရာ မရှိဘူးဆိုတာ ကျွန်ုပ် သဘောပေါက်ပါပြီ။

"ဒါ့ကြောင့် လောကမှာ အကောင်းဆုံးအရာဖြစ်တဲ့ ဒီကိုယ် ကျင့်သီလနဲ့ ထိုက်တန်တဲ့အလုပ်ကို လုပ်နိုင်ဖို့အတွက် အိမ်ရာတည် ထောင်လူ့ဘောင်ကို စွန့်ပြီးတော့ ရဟန်းပြု တောထွက်ခွင့်ပေးပါတော့"

ရှင်ဘုရင်ကလည်း အကြောင်းအကျိုး သိသွားတော့ တော မထွက်ဖို့ တားပါတယ်။ ပုရောဟိတ်ပုဏ္ဏားကြီးရဲ့ဆွေမျိုးတွေ၊ မိတ်ဆွေ

တွေကလည်း တားကြတယ်။ ငိုကြတယ်။ ဘယ်လိုပင် ငိုယိုပြီး တောင်းပန်ကြပေမဲ့လည်း ပုရောဟိတ်ပုဏ္ဏားကတော့ ....

"လောကမှာ အကောင်းဆုံးအရာဖြစ်တဲ့ ဒီကိုယ်ကျင့်သီလနဲ့ ထိုက်တန်တဲ့ ကျင့်စဉ်တွေ၊ လုပ်ငန်းတွေဆိုတာ အိမ်ရာတည်ထောင် လူ့ဘောင်ထဲမှာနေပြီး လုပ်ခြင်းအားဖြင့် မပြည့်စုံနိုင်ပါဘူး။ လူ့ဘောင်ကိုစွန့် တောထွက် ရဟန်းပြုပြီးတော့ ကျင့်သုံးမှသာလျှင် ဒီသီလနဲ့ ထိုက်တန်တဲ့အလုပ်ကို လုပ်လို့ရမယ်။ သီလနဲ့ထိုက်တန်တဲ့အလုပ် အထွတ်အထိပ်ရောက် ပြီးပြည့်စုံမယ်။ ဒါ့ကြောင့် မတားကြပါနဲ့တော့"

လို့ဆိုပြီးတော့ မေတ္တာရပ်ခံပါတယ်။ နောက်ဆုံးတော့ ရှင်ဘုရင်ကလည်း ခွင့်ပြုလိုက်ရပါတယ်။ အဲဒီလို ရှင်ဘုရင်က ခွင့်ပြုလိုက်ပြီဆိုတာနဲ့ တစ်ပြိုင်နက်တည်း ဘုရားလောင်းပုရောဟိတ်ပုဏ္ဏားက ရှင်ဘုရင်နဲ့တကွ နန်းတော်မှာ ရောက်လာကြတဲ့ပရိသတ်အားလုံးကို ဂါထာလေးတစ်ပုဒ်နဲ့ တရားဟောပါတယ်။

သီလံ ကိရေဝ ကလျာဏံ၊ သီလံ လောကေ အနုတ္တရံ။
ပဿ ဃောရဝိသော နာဂေါ၊ သီလဝါတိ န ဟညတိ။

"လောကမှာ ကိုယ်ကျင့်သီလဆိုတာအကောင်းဆုံးပဲ။ ကိုယ်ကျင့်သီလထက်ကောင်းတာ ဘာမှမရှိတော့ဘူး။ ကြည့်လိုက်ကြစမ်းပါဦး။ ကြမ်းတမ်းတဲ့ အဆိပ်ရှိတဲ့၊ အဆိပ်ပြင်းထန်တဲ့ မြွေကိုတောင်မှ မကိုက်ခဲ့၊ မညှဉ်းဆဲတဲ့အတွက် သီလရှိသူလို့ ချီးမွမ်းကြတယ်။ ဘယ်သူကမှ သူ့ကို မညှဉ်းဆဲကြဘူး။"

ကြည့်လိုက်ကြစမ်းပါဦးလို့ဆိုတာက ....

ပုရောဟိတ်ပုဏ္ဏားကို လက်ပြန်ကြိုးတုပ်ပြီးတော့ နန်းတော်ကိုခေါ်လာတဲ့အချိန် လမ်းခရီးမှာ ဘာတွေရသလဲလို့ဆိုတော့ မြွေအလမ္ပယ်ဆရာတွေ မြွေအလမ္ပယ်ပြနေတာ တွေ့ရတယ်။

တစ်ခါတစ်ရံ မြွေရဲ့လည်ပင်းကိုကိုင်၊ တစ်ခါတစ်ရံ မြွေရဲ့အမြီးဖျားကိုကိုင်၊ တစ်ခါတစ်ရံ လူရဲ့လည်ပင်းမှာ မြွေကိုပတ်ပြီးတော့ မြွေအလမ္ပယ်ကစားပြတယ်။ အဲဒါတွေကိုမြင်ရတော့ ပုရောဟိတ်ပုဏ္ဏားက မြွေအလမ္ပယ်သမားတွေကို ပြောတယ်။

"အမောင်တို့၊ ဒီမြွေကို လည်ပင်းကနေ ဘာလို့ ကိုင်ကြတာလဲ။ အမြီးကနေဘာလို့ ကိုင်ကြတာလဲ၊ ဘာလို့ လည်ပင်းမှာ ရစ်ပတ်ပြီးတော့ ကစားကြတာလဲ၊ ဒီမြွေက သင်တို့ကို ကိုက်လိုက်လို့ရှိရင် သင်တို့ အသက်ဆုံးရှုံးရလိမ့်မယ်။ ဒါကြောင့် မကိုင်ကြပါနဲ့။"

အဲဒီလိုပြောတော့ မြေအလမ္ပယ်ဆရာတွေ၊ ပတ်ဝန်းကျင်မှာရှိတဲ့ လူတွေက ....

"ပုဏ္ဏားကြီး၊ ဒီမြွေဟာသီလရှိတယ်။ အကျင့်ကောင်းတယ်။ သင်သာလျှင် သီလမရှိတဲ့သူဖြစ်တယ်။ အကျင့်ယုတ်မာတဲ့သူ ဖြစ်တယ်။ သင်သာလျှင် သီလမရှိ၊ အကျင့်ယုတ်မာတဲ့အတွက်ကြောင့် ရှင်ဘုရင့် ရွှေပန်းထိမ်ဖိုက ရွှေတွေကို ခိုးယူတာမဟုတ်လား။

"ဒီမြွေဟာ ငါတို့ကို မကိုက်ဘူး။ မညှဉ်းဆဲဘူး။ သီလရှိတဲ့သူဖြစ်တယ်။ ဒါကြောင့် တို့ သူတို့နဲ့ကစားတယ်။ သင်သာလျှင် သီလမရှိတဲ့သူ" ဆိုပြီးတော့ နောက်ထပ်တစ်ချက်လောက် ထပ်ရိုက်လိုက်ပြန်တယ်နော်။

ဘုရားလောင်းပုဏ္ဏားက အဲဒါကို ပြန်ပြီး ပြောပြတာပါ။

" ကြည့်လိုက်ကြစမ်းပါ။ အင်မတန်အဆိပ်ပြင်းထန်တဲ့ မြွေတောင်မှ၊ လူတွေအားလုံးက ရွံမုန်းကြ စက်ဆုပ်ကြ ကြောက်ရွံ့ကြတဲ့ မြွေတောင်မှ မကိုက်ဘူး၊ မညှဉ်းဆဲဘူးဆိုရင် ဒီမြွေဟာ သီလရှိတဲ့သူ၊ အကျင့်ကောင်းတဲ့သူ ဆိုတဲ့နာမည်လေးကို ရပါတယ်။ အကျင့်ကောင်းတဲ့သူ၊ သီလရှိတဲ့သူဆိုပြီးတော့ ချီးမွမ်းခြင်းကို ခံလိုက်ရပါတယ်။

" ဒါ့ကြောင့်လောကမှာ သီလသည်သာလျှင် အကောင်းဆုံး ဖြစ်ပါတယ်။ အဲဒီအကောင်းဆုံးဖြစ်တဲ့သီလနဲ့ ထိုက်တန်တဲ့အလုပ်ကို လုပ်ဖို့အတွက် ကျွန်ုပ်ကို တောထွက်ခွင့်ပြုပါတော့ " လို့ အဲဒီတရားအဆုံးအမပေးပြီးတော့ တောထွက်သွားပါတယ်။

အဲဒီတော့ ဇာတ်တော်ကို ဒီနေရာမှာပဲ ခေတ္တခဏရပ်နားထားပေါ့။ ဇာတ်တော်ဆုံးပြီဆိုတာနဲ့ တရားကလဲ ဆုံးမှာပါ။

အဲဒီတော့ ဒါဆိုရင် တရားနာပရိသတ်များ အဖြေရပြီပေါ့။ လောကဦ အကောင်းဆုံးသောအရာဟာ ဘာတဲ့လဲ။

" သီလပါဘုရား "

သီလ...တဲ့။ ဒါ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ဟောထားတဲ့ တရားနော်။ ဘုရားအလောင်းတော်ဘဝက ဟောခဲ့တဲ့ ဂါထာကို ခုဘုရားဖြစ်တဲ့အခါမှာ တစ်ဆင့်ပြန်ပြီးတော့ဟောတယ်။ မှားပါတယ်လို့မကန့်ကွက်ဘဲ မှန်ပါတယ်လို့ပဲ အတည်ပြုထားတဲ့အတွက်ကြောင့် ဒါသည်ပင်လျှင်၊ အလောင်းတော်ဘဝက ဟောခဲ့တဲ့ ဒီဂါထာသည်ပင်လျှင် ဘုရားဟောဂါထာစစ်စစ်ပါပဲ။

## ကိုယ်ကျင့်တရားရဲ့အဓိပ္ပါယ်

သီလကို ဘယ်လို ခေါ်ကြသလဲဆိုတော့ ကိုယ်ကျင့်လို့ ဒီလိုလည်း ခေါ်ကြတယ်။ ကိုယ်ကျင့်သီလလို့ ဒီလိုလည်း တွဲပြီး ခေါ်ကြတယ်ပေါ့။ ဘာဖြစ်လို့ ကိုယ်ကျင့်လို့ ခေါ်တာလဲ။

သီလဆိုတာ ကိုယ်နဲ့နှုတ်နဲ့ လွန်ကျူးမှုကို စောင့်ထိန်းရတဲ့အလုပ်ဖြစ်ပါတယ်။ ကာယကံအနေနဲ့ မလွန်ကျူးသင့်တာတွေ မလွန်ကျူးမိအောင်၊ မလုပ်သင့်တာတွေ မလုပ်မိအောင်၊ ဝစီကံအနေနဲ့ မလွန်ကျူးသင့်တာတွေ မလွန်ကျူးမိအောင်၊ မပြောသင့်တာတွေ မပြောမိအောင် စောင့်ထိန်းရပါတယ်။ အဲဒီလို ကိုယ်နဲ့နှုတ်နဲ့ ကျင့်ရတဲ့အကျင့်မို့လို့လည်း ကိုယ်ကျင့်လို့ ခေါ်ပါတယ်။

နှုတ်ဆိုတာလည်း ကိုယ်ထဲမှာပါပြီးသားမို့ ကိုယ်နဲ့ကျင့်ရလို့ ကိုယ်ကျင့်တရားလို့ ခေါ်ပါတယ်။ ကိုယ်ကျင့်တရားလို့ပြောလိုက်ရင် နှုတ်ကျင့်တရားလည်း ပါပြီးသားပါပဲ။

နောက်တစ်နည်းအားဖြင့်လည်း သူတစ်ပါး ဒုက္ခရောက်မှာကို စိုးရိမ်တာထက် ကိုယ်ဒုက္ခရောက်မှာကို စိုးရိမ်တဲ့အတွက် ကိုယ်ဒုက္ခ မရောက်အောင်ကျင့်ရတာမို့လို့လည်း ကိုယ်ကျင့်လို့ ခေါ်ပါတယ်။

သူများအသက် မသတ်ဘူး။ ဘာလို့မသတ်တာလဲ။ သူများ မသေစေချင်လို့ မသတ်တာမဟုတ်ဘူး။ သူများအသက် သတ်လို့ရှိရင် နောင်ဘဝတွေကျ ကိုယ်ဖြစ်လေရာဘဝတွေမှာ အသတ်ခံရတတ်တယ်၊ အသက်တိုတတ်တယ် ဆိုပြီးတော့ ဒီလို နောင်သံသရာမှာ ကိုယ့် ပြန်အသတ်ခံရမှာကို ကြောက်လို့၊ ကိုယ်သေမှာ ကြောက်လို့ မသတ် တာ။ အဲဒီလို ကိုယ်ကောင်းဖို့ကျင့်တဲ့အကျင့်မို့လို့လည်း ကိုယ်ကျင့်လို့ ခေါ်ပါတယ်။

စိတ်ဓာတ်အဆင့်မြင့်တဲ့ပုဂ္ဂိုလ်တွေကတော့ သူများသေမှာ တကယ်စိုးရိမ်တဲ့စိတ်ပဲ ပါတာပေါ့လေ။ သူ့အဆင့်နဲ့သူပေါ့နော်။

အဲဒီလောက် အဆင့်မမြင့်သေးတဲ့သူကတော့ သူများသေမှာ ကိုတော့ သိပ်ကိုယ်ချင်းမစာဘူး။ သိပ်မသနားဘူး။

ဒါပေမဲ့လို့ သူများအသက်သတ်လို့ရှိရင် ဖြစ်လေရာဘ ကိုယ်ပြန်အသတ်ခံရတတ်သတဲ့၊ အသက်တိုတတ်သတဲ့ ဆိုတော့ ကိုယ်အသက်တိုမှာ၊ ကိုယ်သေမှာကြောက်လို့ မသတ်တော့ဘူး။

အဲဒီလို ကိုယ့်အတွက်ကိုယ်ကျင့်တဲ့တရားမို့လို့၊ ကိုယ့်အတွက် ကောင်းဖို့ ကျင့်ရတဲ့ တရားမို့လို့ ကိုယ်ကျင့်လို့ ခေါ်ပါတယ်။

နောက်တစ်နည်းအားဖြင့်လည်း ကိုယ်ချင်းစာတရားနဲ့ ကျင့် တဲ့ အကျင့်မို့လို့လည်း ကိုယ်ကျင့်တရားလို့ ခေါ်ပါတယ်။

သူတစ်ပါးအသက်ကို ငါမသတ်ဘူး။ ငါ့ကိုလာသတ်လို့ရှိရင် မကြိုက်သလို သူ့ကိုလာသတ်ရင် သူလည်းကြိုက်မှာ မဟုတ်ဘူး။ ငါ့ကို လာရိုက်လို့ရှိရင် ငါမကြိုက်သလို သူ့ကိုလာရိုက်ရင် သူလည်းကြိုက်မှာ မဟုတ်ဘူး။ ငါလည်းပဲ သူများကို မသတ်ဘူး။ မညှဉ်းဆဲဘူး။

ငါ့ပစ္စည်း သူများခိုးသွားရင် ငါမကြိုက်သလို သူ့ပစ္စည်းခိုးရင်လည်း သူကြိုက်မှာ မဟုတ်ဘူး။ ငါလည်းသူများပစ္စည်း မခိုးဘူး စသည်အားဖြင့် ကိုယ်နဲ့ နှိုင်းယှဉ်စာနာတတ်တဲ့ ကိုယ်ချင်းစာတရား၊ ကိုယ်ချင်းစာစိတ်ဓာတ်ကို အရင်းခံပြီးကျင့်ရတဲ့အကျင့်မို့လို့လည်းပဲ ကိုယ်ကျင့်တရားလို့ ခေါ်ပါတယ်။

နောက်တစ်နည်းအားဖြင့် ကိုယ်ကြိုက်တာ ကိုယ်ကျင့်တာမို့လို့လည်း ကိုယ်ကျင့်တရားလို့ ခေါ်ပါတယ်။

ကိုယ်ကြိုက်တာကိုယ်ကျင့်တယ်ဆိုတာက ....

" ကိုယ့်ပစ္စည်းခိုးတာ ကိုယ်ကြိုက်လား"

" မကြိုက်ပါဘူးဘုရား "

" ကိုယ့်ပစ္စည်းမခိုးတာတော့ မကြိုက်ဘူးလား "

" ကြိုက်ပါတယ်ဘုရား "

ကိုယ့်ပစ္စည်းကို သူများမခိုးတာ၊ သူများမယူတာ၊ သူများအလစ်မသုတ်တာ၊ သူများအချောင်မနှိုက်တာ၊ သူများ ခွင်ရိုက်မသွားတာ ကိုယ်ကြိုက်တယ်။ အဲဒီတော့ ကိုယ်ကြိုက်တဲ့အတိုင်း ကိုယ်လည်းကျင့်ပေါ့နော်။ သူများပစ္စည်းလည်း ကိုယ်မယူနဲ့ပေါ့။ သူများပစ္စည်းလည်း ကိုယ်ခွင်မရိုက်နဲ့ပေါ့။

အဲဒီလို ကိုယ်ကြိုက်တာ ကိုယ်ကျင့်တာမို့လို့လည်းပဲ ကိုယ်ကျင့်တရားလို့ ခေါ်ပါတယ်။

ဒီလို သီလကို ကိုယ်ကျင့်လို့ ခေါ်ခြင်းရဲ့ အဓိပ္ပါယ် လေးမျိုးလောက်မှတ်ထားပေါ့နော်။ အဲဒီလိုအားဖြင့် ကိုယ်ကျင့်သီလသာလျှင် လောကမှာ အကောင်းဆုံးအရာ ဖြစ်ပါတယ်။

## ချစ်သူတွေဝိုင်းကာပတ်လည်

လောကမှာ ဘာ့ကြောင့် ကိုယ်ကျင့်သီလ အကောင်းဆုံး ဖြစ်ရသလဲ။ ကိုယ်ကျင့်သီလရဲ့ အကျိုးတရားကို ကြည့်မယ်ဆိုရင် ဒီဇာတ်တော် ပထမပိုင်းမှာတော့ တစ်ဖက်သားရဲ့ ချစ်ခင်မြတ်နိုးမှုကို ခံယူရခြင်းဆိုတဲ့ အကျိုးတရားပေါ့။ လူချစ်လူခင်ပေါများခြင်း၊ နတ်ချစ်နတ်ခင်ပေါများခြင်း၊ သတ္တဝါတွေအားလုံးက ချစ်ခင်ကြခြင်း ဆိုတဲ့ အကျိုးတရားကို သီလလုံခြုံတဲ့ပုဂ္ဂိုလ် ရရှိနိုင်ပါတယ်။

မချစ်တော့လည်း ဘာဖြစ်လဲ၊ သီလမလုံလို့ မချစ်တော့လည်း ဘာဖြစ်လဲလို့ တချို့က စောဒကတက်ချင်လည်း တက်မှာပေါ့နော်။ သူများရဲ့ချစ်ခြင်းကို အထူးတလည် မျှော်လင့်တမ်းတပြီး နေစရာတော့ မလိုဘူးပေါ့။

ဒါပေမဲ့ သူများရဲ့ ချစ်ခင်ခြင်း၊ နှစ်သက်ခြင်း၊ မြတ်နိုးခြင်းကို ရတာဟာ ကိုယ့်အတွက်ရော၊ ကိုယ့်ပတ်ဝန်းကျင်အတွက်ရော

ကောင်းတာပါပဲ။ အထူးသဖြင့်တော့ ကိုယ့်အတွက်လည်းပဲ ကောင်းတာပါပဲ။

ကိုယ့်ကို အားလုံးက မုန်းတီးနေကြပြီဆိုရင် ကိုယ့်ဘဝဟာ ဘာမှ ရှင်သန်တိုးတက်ခွင့်မရှိတော့ဘူး။ အားလုံးရဲ့အမုန်းကို ခံနေရတဲ့ ဘဝမှာ စိတ်ချမ်းသာမှုဆိုတာ တကယ်တော့ မရှိပါဘူး။

စကားအရသာ ဘယ်သူ ချစ်ချစ် မချစ်ချစ်ပေါ့ကွာ၊ ငါ ကောင်းစားရင်ပြီးရော၊ သီလတွေ ဖျက်မယ်လို့ ပြောတာပါ။ ကိုယ့်ရဲ့ ကိုယ်ကျင့်သီလ ဖောက်ပြန်မှုတွေလွန်ကဲလာလို့ ပတ်ဝန်းကျင်ရဲ့ မုန်းတီးမှုကို ခံရပြီဆိုရင် သူကိုယ်တိုင်လည်း စိတ်ချမ်းသာမှု မရတော့ပါဘူး။

ကိုယ်ကျင့်သီလကောင်းခြင်းဟာ ပီယဆေးတစ်မျိုးပါပဲ။ လူတွေက ပီယဆေးဆိုပြီးတော ဟိုအမွှေးနံ့သာလေးတွေ ဆောင်လိုက်၊ ဒီအမွှေးနံ့သာလေးတွေ ဆောင်လိုက်နဲ့ အဆောင်မျိုးစုံ ဆောင်ထားကြတယ်။ မက်လည်းမက်မောကြတယ်။

သီလသာလုံအောင် စောင့်ထိန်းပါ။ ကိုယ်ကျင့်တရားကောင်းတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်အောင်သာ ကြိုးစားပါ။ သီလတည်းဟူသော အဆောင်လေးသာ ဆောင်ထားရင် အားလုံးက ချစ်ပါတယ်။ မြင်ရုံနဲ့လည်း ချစ်၊ ကြားရုံနဲ့လည်း ချစ်၊ ချစ်ကြပါတယ်။ သီလထက်ကောင်းတဲ့ ပီယအဆောင် ရှိပါဦးမလား၊ မရှိပါဘူး။

ရပ်ကွက်ထဲမှာ မောင်ဖြူနဲ့မောင်မဲလို့ လူနှစ်ယောက်ရှိတယ်ဆိုပါတော့ ။

မောင်ဖြူက နာမည်နဲ့လိုက်အောင် အသားကလေးကလည်း

ဖြူပါတယ်။ ရုပ်ကလေးကလည်း ချောပါတယ်။ ဒါပေမဲ့ ကိုယ်ကျင့်သီလ လုံးဝ မရှိဘူး။ အကျင့်ယုတ်မာတယ်။ အင်မတန် အကျင့်မည်းညစ်တယ်။

မောင်မဲက နာမည်နဲ့လိုက်အောင် အသားကလည်း မည်းပါတယ်။ ရုပ်ကလည်း ဆိုးပါတယ်။ ဒါပေမဲ့ ကိုယ်ကျင့်သီလရှိတယ်။ အကျင့်ကောင်းတယ်။ အင်မတန် အကျင့်ဖြူစင်တယ်။

အဲဒီနှစ်ယောက်မှာ၊ မောင်ဖြူနဲ့မောင်မဲနှစ်ယောက်မှာ တရားနာပရိသတ်များ ဘယ်သူ့ကို ချစ်မလဲ၊ မောင်မဲပဲ ချစ်မှာပေါ့နော်။

ရုပ်ချောပေမယ့် အကျင့်ဆိုးနေတဲ့သူ၊ အကျင့်မကောင်းတဲ့သူကိုတော့ ရုပ်ဘယ်လောက်ချောချော မချစ်ပါဘူး။ ဩော် ရုပ်ကလေးက သနားကမားနဲ့ တော်တော့်ကို မိုက်ရိုင်းတဲ့ကောင်ပဲ ဆိုပြီးတော့ မုန်းတီးကြမှာပါ။

မောင်မဲကိုတော့ ရုပ်ဆိုးပေမယ့် အကျင့်ချောနေလို့၊ အကျင့်ကောင်းနေလို့ အားလုံးက ချစ်ကြပါတယ်။ ဩော် ဘဝအကျိုးပေးမကောင်းလို့ ရုပ်ကလေးကဆိုးပေမယ့် ကိုယ်ကျင့်တရားကတော့ကောင်းလိုက်တာ။ စိတ်ထားလေးက ဖြူစင်လိုက်တာနဲ့ မြင်မြင်သမျှလူတိုင်းက ချစ်ခင်ကြပါတယ်။

အသားဖြူပေမယ့် အကျင့်မဖြူရင် ဘယ်သူကမှ မချစ်ခင်ကြပါဘူး။ အကျင့်မည်းတဲ့အတွက် လူတိုင်းက မုန်းတီးကြပါတယ်။ အသားမည်းပေမယ့် အကျင့်မမည်းရင် ဘယ်သူကမှ မမုန်းတီးကြပါဘူး။ အကျင့်ဖြူတဲ့အတွက် လူတိုင်းက ချစ်ခင်ကြပါတယ်။

ချစ်ခြင်း၊ မုန်းခြင်းမှာ အသားဖြူခြင်း၊ အသားမည်းခြင်းက အဓိကမဟုတ်ပါဘူး။ အကျင့်ဖြူခြင်း၊ အကျင့်မည်းခြင်းကသာ အဓိက ဖြစ်ပါတယ်။ ရုပ်ချောတိုင်း လူမချစ်ပါဘူး။ အကျင့်ချောမှ လူချစ်ပါ တယ်။

ခုနတုန်းက ဉပမာကိုပဲ ပြန်ကြည့်လိုက်ပေါ့လေ။ အင်မတန် အဆိပ်ပြင်းထန်တဲ့ မြွေတောင်မှ မကိုက်တော့ဘူး၊ မညှဉ်းဆဲတော့ဘူး ဆိုရင်(မကိုက်ဘူး၊ မညှဉ်းဆဲဘူး ဆိုတာက လူက မကိုက်အောင်၊ မညှဉ်း ဆဲအောင် လုပ်ထားလို့ပါ) သူကမကိုက်တဲ့ မညှဉ်းဆဲတဲ့အတွက်ကြောင့် သူတစ်ပါးက သူ့ကို မညှဉ်းဆဲတော့ဘူး။ ချစ်ခင်မြတ်နိုးကြပါတယ်။ မြွေကလည်းပဲ မြွေက ၾကပြနေတယ်ဆိုလို့ရှိရင် အားလုံးက ကြည့်ချင်ကြ တာပေါ့။

ဒါ့ကြောင့် သီလဖြူစင်ခြင်းရဲ့ အကျိုးတရားတစ်ခုအနေနဲ့ ဇာတ်တော်မှာ တိုက်ရိုက်လာတာကို မှတ်မယ်ဆိုရင်တော့ ပတ်ဝန်း ကျင်ရဲ့ ချစ်ခင်မြတ်နိုးမှုကို ခံယူရခြင်းဆိုတဲ့ အကျိုးတရားပဲ။

ချစ်ခြင်းသန့်သန့်ကို အခြေခံတာမဟုတ်ဘဲ ကြည်ညိုခြင်းကို အခြေခံထားတဲ့ ချစ်ခြင်းတွေမှာ အကြည်ညိုပျက်စရာ အပြောမှား၊ အပြုမှားလေးတွေ ပြောမိ၊ ပြုမိလိုက်တာနဲ့ အဲဒီချစ်ခြင်း ပျက်ပြယ်သွား တတ်ပါတယ်။

တချို့ကလည်း ချစ်ခင်ရင်းနှီးလွန်းလို့ စမိနောက်မိတာလေး တွေကို နားမလည်ခွင့်မလွှတ်နိုင်ဘဲ မုန်းတီးသွားတတ်ပါတယ်။ မမုန်း တောင်မှ " အနီးကပ်ပေါင်းကြည့်မှ မကောင်းမှန်းသိတယ်၊ ထင်သ

လောက် သိပ်မဟုတ်ပါဘူး၊ အလကား ဟန်ဆောင်နေတာပါ ” စသည် အားဖြင့် ကွယ်ရာမှာ ကဲ့ရဲ့ရှုတ်ချ အပြစ်ပြောတတ်ကြပါတယ်။

တစ်ဖက်ကကြည့်ရင်တော့ ကိုယ်ကျင့်သီလရဲ့ တန်ဖိုးပေါ့။ တခြားတစ်ဖက်ကကြည့်ရင်တော့ ချစ်ခင်ရင်းနှီးမှုကို စော်ကားလိုက်တာပါပဲ။ ချစ်လို့ခင်လို့ စတာနောက်တာကို သီလပျက်ပုဒ်မတပ်ပြီး ကဲ့ရဲ့စရာမှ မလိုတာ။

လူတစ်ယောက်ရဲ့ ချစ်မြတ်နိုးဖွယ်တန်ဖိုးကို ကိုယ်ကျင့်သီလရှိခြင်းနဲ့ တိုင်းတာသတ်မှတ်နိုင်သလို ကိုယ့်အပေါ်ထားရှိတဲ့ တစ်ဖက်သားရဲ့ ချစ်ခြင်းမေတ္တာ စစ်မစစ်၊ ခိုင်မခိုင်ကိုလည်း ကိုယ့်ဘက်က ကိုယ်ကျင့်သီလ အားနည်းခြင်း (တစ်ခါတစ်ရံ ချွတ်ယွင်းသွားခြင်း၊ သို့မဟုတ် ချွတ်ယွင်းယောင်ဆောင်ခြင်း)နဲ့ စမ်းသပ်နိုင်ပါတယ်။

ကိုယ့်ဘက်က ကိုယ်ကျင့်သီလပျက်သွားလို့၊ သို့မဟုတ် ပျက်တယ်လို့ သူထင်မြင်ယူဆသွားလို့ ကိုယ့်ကို သူမချစ်တော့ဘူးဆိုရင်၊ သို့မဟုတ် ချစ်သေးပေမယ့် ကွယ်ရာမှာ အပြစ်ပြောကဲ့ရဲ့နေတယ်ဆိုရင် သူ့ရဲ့ချစ်ခြင်းကို စစ်မှန်လေးနက်တဲ့၊ ခိုင်မြဲတည်ကြည်တဲ့ ချစ်ခြင်းလို့ ပြောလို့မရပါဘူး။

ခွင့်လွှတ်နိုင်စွမ်းနည်းပါးတဲ့ သူ့ရဲ့ချစ်ခြင်းကိုလွမ်းနေစရာလည်း မလိုပါဘူး၊ ချစ်ခင်ရင်းနှီးမှုကို အလွဲသုံးစားလုပ် စော်ကားတဲ့ သူ့ကို ရင်ထဲက ထုတ်ပြီး မေ့ပစ်လိုက်ရုံပါပဲ။ (အစမခံနိုင်ရင်သွားချစ်မနေနဲ့တော့ပေါ့။)

ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ၊ ကိုယ်ကျင့်သီလနဲ့ပြည့်စုံရင်တော့

အချစ်စစ်ပဲဖြစ်ဖြစ်၊ အချစ်တုပဲဖြစ်ဖြစ်၊ အတိုင်းအတာတစ်ခုအထိတော့ ခိုင်မြဲနေမှာ အမှန်ပါပဲ။

သီလရဲ့အကျိုးတရားတွေကတော့ ပြောပြမယ်ဆိုရင် မကုန်နိုင်ပါဘူး။ အင်မတန် များပြားလွန်းလှပါတယ်။ အဲဒီများပြားလှတဲ့ အကျိုးတရားတွေကို မြတ်စွာဘုရားရှင်က အနှစ်ချုပ်ပြီးတော့ သီလရဲ့အကျိုးတရားငါးပါးဆိုပြီး ဟောထားပါတယ်။

## သီလစောင့်ရင်အရှုံးမတောင့်ပါတယ်

ကိုယ်ကျင့်သီလ ပြည့်စုံခြင်းရဲ့ ပထမဆုံးအကျိုးတရားကတော့ စီးပွားဥစ္စာပြည့်စုံခြင်းဆိုတဲ့အကျိုးတရားပါပဲ။

လောကမှာ စီးပွားဥစ္စာ မပြည့်စုံချင်တဲ့သူရယ်လို့ တစ်ယောက်မှမရှိပါဘူး။ အားလုံး ပြည့်စုံချင်တဲ့သူတွေချည်းပါပဲ။ ကိုယ်ကျင့်သီလနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ စီးပွားဥစ္စာနဲ့လည်း ပြည့်စုံပါတယ်။ ရာထူးဌာနန္တရနဲ့လည်း ပြည့်စုံပါတယ်။ ဘာကြောင့်လဲဆိုတော့ မမေ့လျော့ခြင်းတည်းဟူသော အကြောင်းကြောင့်ပါပဲ။

ကိုယ်ကျင့်သီလရှိတဲ့သူဟာ ဘယ်တော့မှ မမေ့ပါဘူး။ မမေ့ဘူးဆိုတာကတော့ ကိုယ်ကျင့်သီလကို လုံခြုံအောင်စောင့်ထိန်းနေတဲ့ ပုဂ္ဂိုလ်ဟာ ရှောင်သင့်ရှောင်ထိုက်တာတွေ ရှောင်တယ်။ လုပ်သင့်လုပ်ထိုက်တာတွေ လုပ်တယ်။ ဒီတော့ ကိုယ့်ရဲ့စီးပွားဥစ္စာတွေ တိုးတက်တာပေါ့။ ကိုယ့်ရဲ့ လုပ်ငန်းတွေ အောင်မြင်တာပေါ့။

နောက်တစ်ချက်ကလည်းပဲ ကိုယ်ကျင့်သီလကို လုံခြုံအောင် စောင့်ထိန်းနေတဲ့ ပုဂ္ဂိုလ်ဟာ တခြား ကုသိုလ်ကောင်းမှုတွေကို မမေ့တော့ပါဘူး။ ကိုယ်ကျင့်သီလကို တန်ဖိုးထားတဲ့သူဟာ ဒါနကောင်းမှုကိုလည်း ပြုဖို့မမေ့ပါဘူး။ သမထဘာဝနာတွေ ပွားဖို့လည်းမမေ့ပါဘူး။ ဝိပဿနာဘာဝနာတွေ ပွားဖို့လည်း မမေ့ပါဘူး။

သီလတစ်ခုကို ပိုင်ပိုင်နိုင်နိုင်ကြီး ကျင့်သုံးလိုက်ပြီ ဆိုတာနဲ့ တစ်ပြိုင်နက် တခြားကုသိုလ်တရားတွေလည်း မမေ့မလျော့နဲ့ ပြည့်စုံလာတော့တာပါပဲ။

အဲဒီ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ၊ ကုသိုလ်တရားတွေရဲ့ အစွမ်းသတ္တိ တန်ခိုးတေဇော်အာနုဘော်ကြောင့် စီးပွားဥစ္စာ တိုးတက်ခြင်း၊ လာဘ်လာဘပေါများခြင်း၊ ရာထူးတိုးခြင်းဆိုတဲ့ အကျိုးတရားတွေကို ရရှိလာတော့တာပါပဲ။

သီလရှိတော့ကိုယ့်ကို သူများကယုံကြည်တာပေါ့။ သီလမရှိဘူးဆိုရင် ဘယ်သူကမှ မယုံကြည်ကြဘူး။ ကိုယ်ကျင့်သီလမရှိတဲ့သူဆိုရင် ပိုက်ဆံသွားချေးတောင်မှ ဘယ်သူမှ ပေးမှာမဟုတ်ပါဘူး။

အဲဒီတော့ ကိုယ်က သီလရှိတဲ့သူ၊ ကိုယ်ကျင့်တရားကောင်းတဲ့သူဆိုတော့ လုပ်ဖော်ကိုင်ဖက်တွေက၊ ပတ်ဝန်းကျင်က ယုံကြည်ကြတယ်။ ယုံကြည်တော့ ကိုယ်လိုအပ်တဲ့ အကူအညီတွေကိုလည်း လွယ်လွယ်ကူကူနဲ့ ပေးကြတယ်။ အဲဒီတော့ ကိုယ့်ရဲ့လုပ်ငန်းတွေ အောင်မြင်တာပေါ့။ ဒါကြောင့် သီလပြည့်စုံခြင်းဟာ စီးပွားဥစ္စာတိုးတက်ခြင်းဆိုတဲ့ အကျိုးကို ဖြစ်စေနိုင်တယ်။

ကိုယ်ကျင့်သီလပြည့်စုံခြင်းရဲ့ ဒုတိယမြောက်အကျိုးတရား ကတော့ ကောင်းသတင်း ကျော်စောခြင်းဆိုတဲ့ အကျိုးတရားပါပဲ။

ကိုယ်ကျင့်သီလကောင်းတဲ့ပုဂ္ဂိုလ်ရဲ့အကြောင်းကို ပတ်ဝန်းကျင်က အကောင်းပဲ ပြောကြတာပါပဲ။ ဘယ်သူဘယ်ဝါကတော့ ကိုယ်ကျင့်တရား ကောင်းလိုက်တာ၊ သီလဖြူစင်လိုက်တာနဲ့ သူ့ရဲ့ ကောင်းသတင်းတွေ ကျော်စောသွားတယ်။ ကောင်းသတင်းတွေ ပျံ့နှံ့ သွားတယ်။ လူသတင်း လူချင်းဆောင်ဆိုတာ အဓိကအားဖြင့်တော့ ကိုယ်ကျင့်သီလရဲ့ ဂုဏ်သတင်းပါပဲ။

လောကမှာ ဒါနကောင်းမှု မပြုလို့ ပတ်ဝန်းကျင်က သိပ်မကဲ့ ရဲ့ပါဘူး။ သမထဝိပဿနာ ဘာဝနာအလုပ်တွေ အားမထုတ်လို့လည်း ပတ်ဝန်းကျင်က သိပ်မကဲ့ရဲ့ပါဘူး။ ကိုယ်ကျင့်သီလပျက်ပြီ၊ ကိုယ်ကျင့် သီလဖောက်ပြန်ပြီ၊ ကိုယ်ကျင့်တရားယုတ်မာပြီဆိုရင်တော့ ပတ်ဝန်း ကျင်က ကဲ့ရဲ့ကြတော့တာပါပဲ။

နဂိုက အတင်းမပြောတတ်တဲ့သူတောင်မှ ရပ်ထဲရွာထဲမှာ လူတစ်ယောက် ကိုယ်ကျင့်သီလ သိသိသာသာ ဖောက်ပြန်ပြီဆိုရင် သူ့အတင်း၊ သူ့အပြစ် ပြောချင်စိတ်တော့ ပေါက်လာသေးတာပဲနော်။

ဒါကြောင့် ကိုယ်ကျင့်သီလပျက်စီးပြီဆိုရင် မကောင်းသတင်း တွေပဲ ထွက်တယ်။ ကိုယ်ကျင့်သီလ ပြည့်စုံမှသာ ကောင်းသတင်းတွေ ကျော်စောပါတယ်။

ဘယ်ပန်းရနံ့ ဘယ်လောက်မွှေးမွှေး လေညာဆန်ရိုးမရှိပါဘူး။ ကိုယ်ကျင့်သီလပန်းရနံ့ကတော့ လေစုန်ရော လေဆန်ပါ၊ လေအောက်

ရော လေညာပါ၊ ထက်အောက်ဝဲယာ မွှေးပျံ့သင်းကြိုင်ပါတယ်။

ကောင်းသတင်း ကျော်စောပြီဆိုတော့ ကောင်းသတင်းရှိတဲ့ ပုဂ္ဂိုလ်ရဲ့ထံကို သူတော်ကောင်းများကလည်း ချဉ်းကပ်ကြပါတယ်။

သူတော်ကောင်းပုဂ္ဂိုလ်များက ချဉ်းကပ်ကြပြီဆိုရင် ကိုယ်ကျင့်သီလမကောင်းတဲ့သူနဲ့ ကောင်းတဲ့သူရှိတဲ့အထဲက ကိုယ်ကျင့်သီလကောင်းတဲ့သူရဲ့ထံကိုပဲ ချဉ်းကပ်ချင်ကြပါတယ်။

အလှူခံစရာရှိရင်လည်း ကိုယ်ကျင့်သီလရှိတဲ့သူဆီမှာပဲ အလှူခံချင်ကြပါတယ်။ တရားဟောစရာရှိရင်လည်း ကိုယ်ကျင့်သီလရှိတဲ့သူကိုသာ ဟောချင်ကြပါတယ်။ တရားပြပေးမယ်ဆိုလို့ရှိရင်လည်း ကိုယ်ကျင့်သီလရှိတဲ့သူကိုသာ တရားပြပေးချင်ကြပါတယ်။ ကိုယ်ကျင့်သီလရှိတဲ့သူအပေါ်မှာသာ ပညာရှိသူတော်ကောင်းများက အထူးတလည် ချီးမြှောက်ချင်ကြတာပါ။

ရတနာရှိရာ ရတနာလာ ဆိုသလိုပေါ့လေ။ အကောင်းဓာတ်ရှိတဲ့နေရာကို အကောင်းဓာတ်ရှိသူတွေသာ လာကြပါတယ်။ ကောင်းသတင်းရှိတဲ့၊ ကောင်းသတင်းကို ပိုင်ဆိုင်ထားတဲ့ပုဂ္ဂိုလ်ရဲ့ထံမှောက်ကို ကောင်းသတင်းရှိတဲ့၊ ကောင်းသတင်းကို ပိုင်ဆိုင်ထားတဲ့ပုဂ္ဂိုလ်များက ချဉ်းကပ်လာကြတာပါပဲ။

သီလမရှိတဲ့ ပုဂ္ဂိုလ်ရဲ့ ပစ္စည်းဥစ္စာကို သီလရှိတဲ့ပုဂ္ဂိုလ်တွေ ပညာရှိ သူတော်ကောင်းတွေက လုံးဝလိုချင်စိတ်မရှိကြဘူး။ နူနာသည်ရဲ့လက်ထဲကို ရောက်သွားတဲ့ စားဖွယ်ဘောဇဉ်လိုပဲ သဘောထားကြတယ်။

နဂိုက ဘယ်လောက်ကောင်းတဲ့ အစားအစာပဲဖြစ်ဖြစ်၊ ဘယ်လောက်တန်ဖိုးကြီး၊ ဘယ်လောက်အရသာရှိတဲ့ အစားအစာပဲဖြစ်ဖြစ် အရိအရွဲတွေ ပေကျံနေတဲ့ နူနာသည်ရဲ့လက်ထဲ ရောက်သွားပြီဆိုရင် ဘယ်သူမှ မစားချင်ကြတော့ဘူး။ ရွံစရာကောင်းသွားလို့။

နဂိုက ဘယ်လောက်ကောင်းတဲ့ မုန့်ပဲဖြစ်ဖြစ် နူနာသည်ရဲ့ လက်ထဲမှာ တင်လိုက်ပြီ၊ နူနာသည်ရဲ့လက်ထဲ ရောက်သွားပြီဆိုရင်တော့ ဘယ်သူမှ မစားချင်ကြတော့ဘူး။ ဒါပေမဲ့ ဘယ်သူတော့ စားချင်သလဲဆိုရင် သူ့လို နူနာရှိတဲ့ လူအချင်းချင်းတော့ စားချင်ကြမှာ ပေါ့နော်။

အဲဒီလိုပါပဲ။ သီလမရှိတဲ့ပုဂ္ဂိုလ်ရဲ့ သီလပျက်ခြင်းကို ရင်းနှီးပြီးတော့ရထားတဲ့ ပစ္စည်းဥစ္စာတွေကို သီလရှိတဲ့ပုဂ္ဂိုလ်များ၊ သီလကို တန်ဖိုးထားတဲ့ ပညာရှိသူတော်ကောင်းများက လုံးဝ မလိုချင်ကြပါဘူး။ လုံးဝ မစားသုံးချင်ကြပါဘူး။ လုံးဝ အလှူမခံချင်ကြပါဘူး။ နူနာသည်ရဲ့လက်ထဲမှာရှိနေ၊ ရောက်နေတဲ့ စားဖွယ်ဘောဇဉ်လို၊ အသုံးအဆောင် ပစ္စည်းလိုပဲ သဘောထားတော်မူကြပါတယ်။

သူ့လို သီလမရှိတဲ့ပုဂ္ဂိုလ်၊ သူနဲ့အလားတူ ကိုယ်ကျင့်တရား ဖောက်ပြန်နေတဲ့ပုဂ္ဂိုလ်တွေကတော့ သူ့ရဲ့ပစ္စည်းကို မျက်စောင်းထိုးချင်ထိုးမှာပေါ့နော်။

သီလရှိတဲ့သူက သီလမရှိတဲ့သူရဲ့ ပစ္စည်းကို မမက်မောပါဘူး။ သီလမရှိသူ ကျွေးတဲ့ ကြက်သားဟင်းထက် သီလရှိတဲ့သူ ကျွေးတဲ့ ချဉ်ပေါင်ဟင်းကိုပဲ မက်မောကြပါတယ်။ မက်မောတယ်ဆိုလို့

လည်း လောဘကို ဆိုလိုတာ မဟုတ်ဘူးနော်။ သူ့နေရာနဲ့သူ။

ဒါကြောင့် သီလရှိတဲ့ပုဂ္ဂိုလ်ဟာ ကောင်းသတင်းကျော်စော တဲ့အတွက်ကြောင့် သူတော်ကောင်းတို့ရဲ့ ချီးမွမ်းခြင်းကိုလည်း ခံယူရ ပါတယ်။

ခုနပြောခဲ့တဲ့ ဓာတ်တော်ထဲမှာပါတဲ့ လူချစ်လူခင်ပေါများခြင်း ဆိုတဲ့ အကျိုးတရားကလည်း ဒီ ကောင်းသတင်း ကျော်စောခြင်းဆိုတဲ့ အကျိုးတရား၊ ကောင်းသတင်း ကျော်စောခြင်းကြောင့် လူကောင်း သူကောင်းတို့ ချီးမွမ်းခြင်းဆိုတဲ့ အကျိုးတရားထဲမှာ ပေါင်းထည့်လို့ ရပါတယ်။

## သီလရဲရင့်ပွဲလယ်တင့်

ကိုယ်ကျင့်သီလပြည့်စုံခြင်းရဲ့ တတိယမြောက်အကျိုးတရားကတော့ ပရိသတ်လေးပါးထဲ ရဲရဲရင့်ရင့် ဝင်ထွက်သွားလာနိုင်ခြင်း၊ ပရိသတ်အလယ် တင့်တယ်ခြင်းဆိုတဲ့ အကျိုးတရားပါပဲ။

ကိုယ်ကျင့်သီလပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ ဘယ်ပရိသတ်ထဲ သွားသွား ရဲရဲရင့်ရင့် သွားရဲပါတယ်။ မင်းပွဲစိုးပွဲဝင်ရင်လည်း ရဲရဲရင့်ရင့်ပါပဲ။ ပညာရှိပွဲ ပညာရှင်ပွဲဝင်ရင်လည်း ရဲရဲရင့်ရင့်ပါပဲ။ သူဌေးပွဲ သူကြွယ်ပွဲဝင်ရင်လည်း ရဲရဲရင့်ရင့်ပါပဲ။ သူတော်ကောင်းပွဲ သူတော်မြတ်ပွဲဝင်ရင်လည်း ရဲရဲရင့်ရင့်ပါပဲ။

ဘယ်ပရိသတ်ထဲဝင်ဝင်၊ မျက်နှာလေးငယ်ပြီး ဝင်ရတယ်ဆိုတာမရှိဘူး။ မျက်နှာကြီးကြီးနဲ့ ဝင်နိုင်တယ်။ မျက်နှာမကြည်မလင်မသာမယာနဲ့ ဝင်ရတယ်ဆိုတာ မရှိဘူး။ မျက်နှာကြည်ကြည်လင်လင်

သာသာယာယာနဲ့ ဝင်နိုင်တယ်။

ပစ္စည်းဥစ္စာချို့တဲ့ရင် ချို့တဲ့နေပါစေ။ အဝတ်အစားတွေ နွမ်းနေရင် နွမ်းနေပါစေ။ ကိုယ်ကျင့်သီလကောင်းတဲ့သူတစ်ယောက်ဟာ ဘယ်လူတောထဲသွားသွား မျက်နှာကြည်ကြည်လင်လင်၊ ပြုံးပြုံးရွှင်ရွှင်၊ ရဲရဲတင်းတင်းနဲ့ သွားရဲပါတယ်။

ဘာလို့လဲဆိုတော့ ကိုယ်ကျင့်သီလ ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှု အပြည့်အဝရှိနေလို့ပါပဲ။

ကိုယ်ကျင့်သီလပြည့်စုံခြင်းရဲ့ စတုတ္ထမြောက်အကျိုးတရားကတော့ မတွေမဝေသေရခြင်း ဆိုတဲ့ အကျိုးတရားပါပဲ။

ကိုယ်ကျင့်သီလလုံခြုံနေတော့ နောင်တတစ်ဖန် ပူပန်စရာတွေမရှိတော့ဘူး။ ဩော် ငါ့မှာကိုယ်ကျင့်သီလ ပျက်စီးသွားလေခြင်း၊ မလုပ်သင့်တာလုပ်မိလေခြင်း စသည်အားဖြင့် နောင်တပူပန်ခြင်း၊ နှလုံးမသာယာခြင်းဆိုတာ မရှိတဲ့အတွက်ကြောင့် စိတ်ကလေး ကြည်လင်ပြီးတော့နေတယ်။

ဒါ့ကြောင့် သေခါနီးမှာ ကိုယ့်သီလလေး ဆင်ခြင်လိုက်တာနဲ့၊ ဒါနကောင်းမှုတွေ ဘာဝနာကောင်းမှုတွေ အထူးမဆင်ခြင်မိတောင်မှ ကိုယ့်သီလလေးကို ပြန်ဆင်ခြင်လိုက်တာနဲ့ ကြည်လင်ရွှင်လန်းတဲ့ စိတ်ကလေးဖြစ်ပြီးတော့ ချမ်းချမ်းသာသာ အေးအေးမြမြ သေဆုံးရပါတယ်။

ကိုယ်ကျင့်သီလပြည့်စုံခြင်းရဲ့ ငါးခုမြောက် အကျိုးတရားကတော့ ကောင်းရာသုဂတိ လားရောက်ရခြင်း ဆိုတဲ့ အကျိုးတရားပါပဲ။

သေတဲ့အချိန်မှာ စိတ်ကြည်ကြည်လင်လင်လေးနဲ့ သေရ

တယ်ဆိုတော့ ကောင်းရာသုဂတိ ရောက်တော့မှာပေါ့။

လူတစ်ယောက်သေဆုံးတဲ့အခါ ကြည်လင်တဲ့စိတ်နဲ့ သေလို့ရှိရင် ကောင်းရာသုဂတိဘဝကို ရောက်ပါတယ်။ ညစ်နွမ်းတဲ့စိတ်နဲ့ သေလို့ရှိရင် မကောင်းရာဒုဂ္ဂတိဘဝကို ရောက်ပါတယ်။

ကိုယ်ကျင့်သီလပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ မကြည်လင်တဲ့စိတ်၊ ညစ်နွမ်းတဲ့စိတ်နဲ့ ဘယ်တော့မှ သေဆုံးရခြင်းမရှိပါဘူး။ ကြည်လင်အေးချမ်းတဲ့စိတ်၊ သန့်ရှင်းဖြူစင်တဲ့စိတ်နဲ့ပဲ သေဆုံးရမြဲ ဖြစ်ပါတယ်။

ဒါ့ကြောင့် ကိုယ်ကျင့်သီလပြည့်စုံတဲ့ပုဂ္ဂိုလ် သေလွန်သွားတဲ့အခါမှာ မကောင်းရာဒုဂ္ဂတိဘဝကို လုံးဝလားရောက်ရခြင်း မရှိပါဘူး။ ကောင်းရာသုဂတိဘဝကိုသာ သေချာပေါက် လားရောက်ရပါတယ်။

ကိုယ်ကျင့်သီလမရှိတဲ့သူတွေဟာ သတင်းဆိုးအပုပ်နံ့ လှိုင်နေတဲ့အတွက် သူတို့ကို လူ့ငါးပိလို့ခေါ်ပါတယ်။ လူ့ငါးပိတွေဟာ သုဂတိကို မရောက်နိုင်ပါဘူး။ လူ့ငါးပိနဲ့ သုဂတိ၊ ကာရန်တူပေမယ့် တခြားစီပါနော်။ တွဲစပ်ပေးလို့ မရပါဘူး။ လူ့ငါးပိရဲ့လားရာဟာ ဒုဂတိပါ။(ဒုဂတိ= ဒုဂ္ဂတိ)

သီလရဲ့အကျိုးတရား အကျဉ်းချုပ် ဘယ်နှပါးလဲ။ ငါးပါး။

(၁) စီးပွားဉစ္စာပြည့်စုံခြင်း။

(၂) ကောင်းသတင်းကျော်စောခြင်း။

(၃) ပရိသတ်လေးပါးထဲ ရဲရဲရင့်ရင့် ဝင်ထွက်သွားလာနိုင်ခြင်း။

(၄) မတွေမဝေသေရခြင်း။

(၅) သေလွန်ပြီးနောက် ကောင်းရာသုဂတိဘဝ လားရောက်ရခြင်း။ အကျိုးတရားငါးပါး။

သီလရဲ့အကျိုးတရားကတော့ အသချေ်အနန္တပါပဲ။ ဒါပေမဲ့ တူရာတူကြောင်း ပေါင်းစုလိုက်ရင်တော့ ဒီငါးမျိုးထဲမှာ အားလုံးအကျုံးဝင်သွားပါတယ်။ အခုပြောပြခဲ့တဲ့ အကျိုးတရားငါးမျိုးကတော့ ကိုယ်ကျင့်သီလရဲ့ လောကီအကျိုးတရားများသာ ဖြစ်ပါတယ်။

## သီလရှိကာလိုတာရ

ကိုယ်ကျင့်သီလရဲ့ လောကုတ္တရာအကျိုးတရားကို ကြည့်မယ်ဆိုရင်လည်း အင်မတန် အားရကျေနပ်စရာ ကောင်းပါတယ်။

ကိုယ်ကျင့်သီလရှိတဲ့ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ဝိပ္ပဋိသာရလို့ခေါ်တဲ့ နောင်တတစ်ဖန်ပူပန်ခြင်းသဘော၊ စိတ်နှလုံးမသာမယာဖြစ်ခြင်းသဘော မရှိတော့ပါဘူး။ အဝိပ္ပဋိသာရလို့ ခေါ်တဲ့ စိတ်ကြည်လင်ခြင်းသဘော၊ စိတ်ရွှင်လန်းခြင်းသဘောပဲ ဖြစ်ပါတယ်။

စိတ်ကြည်လင်ရွှင်လန်းနေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဝမ်းမြောက်ခြင်းဆိုတဲ့ ပါမောဇ္ဇ ဖြစ်ပါတယ်။

ဝမ်းမြောက်ခြင်းဆိုတဲ့ ပါမောဇ္ဇ ဖြစ်တဲ့ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ နှစ်သက်ခြင်းဆိုတဲ့ ပီတိဖြစ်ပါတယ်။

နှစ်သက်ခြင်းဆိုတဲ့ ပီတိဖြစ်တဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ကိုယ်စိတ်နှစ်ပါး ငြိမ်းအေးခြင်းဆိုတဲ့ ပဿဒ္ဓိဖြစ်ပါတယ်။

ကိုယ်စိတ်နှစ်ပါးငြိမ်းအေးခြင်းဆိုတဲ့ ပဿဒ္ဓိဖြစ်တဲ့ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းဆိုတဲ့ သုခဖြစ်ပါတယ်။

ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းဆိုတဲ့ သုခဖြစ်တဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ စိတ်တည်ငြိမ်မှုဆိုတဲ့ သမာဓိ ဖြစ်ပါတယ်။

စိတ်တည်ငြိမ်မှုဆိုတဲ့ သမာဓိဖြစ်တဲ့ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ရုပ်တရားနာမ်တရားတွေရဲ့ သဘာဝကို အရှိအရှိအတိုင်း အမှန်အမှန် အတိုင်း သိမြင်ခြင်းဆိုတဲ့ ယထာဘူတဉာဏဒဿနဖြစ်ပါတယ်။

အရှိတရား အမှန်တရားကို သိမြင်ခြင်းဆိုတဲ့ ယထာဘူတ ဉာဏဒဿနဖြစ်တဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ငြီးငွေ့ခြင်းဆိုတဲ့ နိဗ္ဗိဒါ ဖြစ် ပါတယ်။

ငြီးငွေ့ခြင်းဆိုတဲ့ နိဗ္ဗိဒါဖြစ်တဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ တပ်မက်မှု ကင်းခြင်းဆိုတဲ့ ဝိရာဂ ဖြစ်ပါတယ်။ (မဂ်လေးပါးပါပဲ။)

တပ်မက်မှုကင်းခြင်းဆိုတဲ့ ဝိရာဂဖြစ်တဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ လွတ်မြောက်ခြင်းဆိုတဲ့ ဝိမုတ္တိနဲ့ လွတ်မြောက်ခြင်းကို သိမြင်ခြင်းဆိုတဲ့ ဝိမုတ္တိဉာဏဒဿန ဖြစ်ပါတယ်။ (ဖိုလ်လေးပါးနဲ့ ပစ္စဝေက္ခဏာဉာဏ် တွေပါပဲ။)

ဒီတော့ သီလရဲ့အကျိုးတွေကို အဆက်ဆက်ပြထားတာ အ လယ်က အချက်အလက်တွေကို ကျော်ပြီးကြည့်လိုက်မယ်ဆိုရင် သီလ နဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်နဲ့ နိဗ္ဗာန်ကို မျက် မှောက်ပြုနိုင်တယ်လို့ ဒီလို အဓိပ္ပါယ်ရပါတယ်။ ဒါ သီလရဲ့ လော ကုတ္တရာ အကျိုးတရားပါပဲ။

ဒီတော့ သီလဟာ နိဗ္ဗာန်အထိရောက်စေနိုင်တယ်လို့ ဆိုလိုတာပါပဲ။ တစ်နည်းပြောရရင်တော့ သီလနဲ့ပြည့်စုံတဲ့ပုဂ္ဂိုလ်ဟာ ရဟန္တာအထိ ဖြစ်စေနိုင်တယ်လို့ ဒီလိုဆိုလိုတာပါ။

ရဟန္တာအထိဖြစ်စေနိုင်တယ်ဆိုမှတော့ လောကမှာအကောင်းဆုံးသောအရာဟာ သီလလို့ မဆိုထိုက်ပေဘူးလား။ ဆိုထိုက်ပါတယ်။ သီလရှိမှ နိဗ္ဗာန်ရောက်နိုင်တယ်ဆိုတဲ့အကြောင်းကို ပိုင်ပိုင်နိုင်နိုင် မှတ်ထားကြရမယ်။

တချို့က နိဗ္ဗာန်ရောက်ဖို့အတွက် သီလမလိုပါဘူး။ သီလနဲ့ နိဗ္ဗာန်မပို့စမ်းပါနဲ့။ ဒီလိုပြောတတ်ကြတယ်။ ဒါကတော့ အချိန်ရမှဆက်ပြောပါမယ်။

သီလမရှိဘဲနဲ့ နိဗ္ဗာန်မရောက်နိုင်ဘူးဆိုတာကို ခုနပြောခဲ့တဲ့ သီလအကျိုး အချက်အလက် အဆက်ဆက်အနေနဲ့၊ သီလအကျိုး အဆင့်ဆင့်အနေနဲ့ နောက်ဆုံး ဝိမုတ္တိဉာဏဒဿနအထိ ဖြစ်သွားတယ်ဆိုတဲ့ ဘုရားဟောပါဠိတော်ကို အာရုံပြုပြီးတော့ ယုံကြည်ထားရမယ်။

ကိုယ်ကျင့်သီလနဲ့ပတ်သက်လို့ လောကီအကျိုးငါးခုကိုလည်း ပြောပြီးသွားပြီ။လောကုတ္တရာအကျိုးအနေနဲ့လည်း ရဟန္တာဖြစ်လို့ နိဗ္ဗာန်ရောက်တဲ့အထိ ပြောပြီးသွားပြီ။

အဲဒါတွေ မှတ်ရတာများနေသေးတယ်ဆိုရင် သီလရဲ့အကျိုးတရားကို မြတ်စွာဘုရား တစ်ခွန်းတည်း ဟောထားတာလေးရှိတယ်။ အင်မတန်ကောင်းပါတယ်။ တရားနာပရိသတ်များအားလုံး ကျက်ထားဖို့တောင် ကောင်းတယ်။ တချို့လည်း ရပြီးသားဖြစ်မှာပါ။

ကြားဖူးကြတယ်မဟုတ်လား။ ဘာတဲ့လဲ။

ဣဗ္ဗုတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ။

" သီလရှိတဲ့ပုဂ္ဂိုလ်ရဲ့ စိတ်တောင့်တမှု မှန်သမျှ ပြီးစီးပြည့်စုံရပါတယ်။ ဘာလို့လဲဆိုတော့ စိတ်စင်ကြယ်သန့်ရှင်းနေလို့ပါပဲ။ "

ဘာများလိုသေးတုံး၊ မလိုတော့ဘူးနော်။ သီလရှိရင် စိတ်ရဲ့ တောင့်တမှုတွေမှန်သမျှ အားလုံး ပြည့်စုံတယ်ဆိုမှတော့ ဘာမှမလိုတော့ဘူးပေါ့။ မလိုတော့ဘူးဆိုရင် တရားပွဲပြီးရုံပေါ့နော်။

ဘာဖြစ်လို့ အရှင်ဘုရားက ဒီနေ့ သီလအကြောင်း ဒီလောက် တောင် ဟောနေရတာလဲဆိုတော့ ....

ဒီနေ့ ဘာအခါတော်နေ့လဲ။

.... .... .... ....

ဥပမာဆိုပါတော့၊ ဝါဆိုလပြည့်နေ့ဆိုရင် ဘာအခါတော်နေ့ လဲ။

ဥပုသ်နေ့ပါဘုရား။

ဩော် ...ဒကာကြီးနှယ်၊ ဥပုသ်နေ့ကတော့ လူတိုင်းသိတာ ပေါ့။ အခါတော်နေ့ကို ပြောတာလေ။

ဝါဆိုလပြည့်နေ့ဆိုရင် ဘာအခါတော်နေ့လဲ။ ဓမ္မစကြာ အခါတော်နေ့။ ဝါခေါင်လပြည့်နေ့ဆိုရင် မေတ္တာအခါတော်နေ့။ သီတင်းကျွတ်လပြည့်နေ့ဆိုရင် အဘိဓမ္မာအခါတော်နေ့။ အဲဒီတော့ ကြားထဲက ကျန်နေတဲ့ တော်သလင်းလပြည့်နေ့ ဘာအခါတော်နေ့လဲ။ ဘယ်သူမှ မပြောနိုင်တော့ဘူးနော်။

" အမိန့်ရှိပါဘုရား။"

မိန့်နေတာပဲလေ ဒကာကြီးရဲ့။ မိန့်နေတာကို အမိန့်ရှိပါဆို တော့ ဘာမိန့်ရမှန်းမသိတော့ဘူးနော်။ အဲဒီတော့ တရားနာပရိသတ် များအားလုံး ပန်းပေးပြီပေါ့။ စဉ်းစားပါဦး။ နည်းနည်းလေးနော်။

သူ့နေ့နဲ့သူ လိုက်ဖက်တဲ့ တရားလေး ဟောနေတာဆိုတော့ ဉာဏ်ပါးတဲ့သူဆိုရင် ရမ်းပြီးတော့ ပြောလိုက်မှာပဲ။ သီလအခါတော်နေ့ ဆိုပြီးတော့နော်။

တော်သလင်းလပြည့်နေ့ဟာ ဂရုဓမ္မအခါတော်နေ့ ဖြစ်ပါ တယ်။ ဂရုဓမ္မအခါတော်နေ့။ တချို့ ဆရာတော်၊ သံဃာတော်တွေ သီလပေးပြီးရင် ဆိုလေ့ရှိပါတယ်။

တိသရဏေန သဟ ဂရုဓမ္မနိစ္စသီလံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ တဲ့။ ကဲ ဘာတုံး ဂရုဓမ္မ ။

.... .... .... ....

ဒီဘုန်းကြီး သီလအကြောင်းဟောပြောတာ မလွန်ပါဘူးနော်။ တို့က ဝိပဿနာတရားပဲ အဆင့်မြင့်မြင့်နာချင်တာ၊ ဒီဘုန်းကြီးက ဘယ့်နှယ့် တို့သိပြီးသားသီလအကြောင်းဟောနေတာလဲလို့ ဦးဇင်းတို့က အဲဒီလိုများပြောမလားလို့ နည်းနည်းလေး ခပ်ကြောက်ကြောက် ဖြစ်နေ တာ။ ခုတော့ မေးကြည့်တာမရတဲ့အတွက် မကြောက်တော့ပါဘူးနော်။

တရားနာပရိသတ်များ မသိသေးတဲ့တရားကို သိအောင် ဟော ရတဲ့အတွက် ဦးဇင်းတို့ ကျေနပ်ဝမ်းမြောက်မိပါတယ်။

ဂရုဓမ္မဆိုတာ ငါးပါးသီလကို ပြောတာလေ။ ဗုဒ္ဓဘာသာဝင်

တွေရဲ့ အခြေခံပဓာနအကျဆုံးကျင့်စဉ်ဖြစ်တဲ့ ငါးပါးသီလကို ဂရုမမူလို့ ခေါ်ပါတယ်။

တရားနာပရိသတ်များ " ဝိပဿနာ၊ ဝိပဿနာ " နဲ့ ဝိပဿနာဆိုတဲ့ စကားလုံး တွင်တွင်ကြီးသုံးပြီး လူကြားသူကြားထဲ အာပေါင်အာရင်းသန်သန်နဲ့ ဆရာကြီးလုပ်နိုင်ရုံနဲ့ ကျေနပ်မနေကြနဲ့နော်။

အခြေခံအကျဆုံးနဲ့ အရေးအကြီးဆုံးဖြစ်တဲ့ ငါးပါးသီလအကြောင်းလည်း ပြည့်ပြည့်စုံစုံသိအောင် လုပ်ထားကြဦး။ ငါးပါးသီလအကြောင်းတော့ ထောင့်စေ့အောင် သိထားမှဖြစ်မယ်။

ငါးပါးသီလကို အလေးအနက်မထားဘဲ ပစ်ပယ်ပြီး ဝိပဿနာစကားနဲ့သာ လူတွင်ကျယ်လုပ်နေရင် အောက်ပိုင်းကိုယ်တုံးလုံးနဲ့ အပေါ်က တိုက်ပုံအင်္ကျီဝတ်ထားသလို ဖြစ်နေမယ်။ လုံးဝကြည့်လို့ မကောင်းဘူးနော်။

တိုက်ပုံတောင်မှ တိုက်ပုံကောင်းကောင်းဖြစ်မှာ မဟုတ်ပါဘူး။ တိုက်ပုံအစုတ်၊ တိုက်ပုံအပြဲပဲ ဖြစ်မှာပါ။

## ခေါင်းပေါ်ကဆံပင်လိုအလေးအနက်ထားရမယ်
## ခါးပေါ်ကလုံချည်လိုကိုယ်နဲ့မကွာမြဲရမယ်

ဂရုစမ္မလို့ ဘာကြောင့်ခေါ်သလဲဆိုတော့ .... အထူးအလေးအမြတ်ထားပြီး ကျင့်ရမယ့်တရားမို့လို့၊ မိမိတို့ရဲ့ ခေါင်းပေါ်မှာရှိတဲ့ ဆံပင်လို အထူးအလေးအမြတ်ထားပြီး ကျင့်ရမယ့်တရားမို့လို့ ဂရုစမ္မလို့ခေါ်တာပါ။

မွေးလာကတည်းက မိမိတို့ခေါင်းမှာပေါက်လာတဲ့ ဆံပင်၊ သေတဲ့အချိန်ထိဆိုတာ အသာထားလိုက်ဦးပေါ့လေ။ ခုထိတရားနာ ပရိသတ်များခေါင်းပေါ်က ချရဲ့လား၊ မချပါဘူးနော်။

ဆံပင်ရှည်တဲ့အခါ ဖြတ်ပစ်တာပဲ ရှိမယ်။ ဆံပင်တွေ တစ်ချောင်းမကျန် အကုန်လုံး နုတ်ပစ်လိုက်တဲ့သူရယ်လို့ ရှိပါသလား။ မရှိပါဘူး။ ဦးဇင်း အခုခေါင်းရိတ်ထားတာ ပြောင်နေတာပဲနော်။ ဒါပေမဲ့ ဆံပင်မရှိဘူးလား၊ ရှိပါတယ်။ ကတုံးမို့ ဆံပင်မရှိဘူးမထင်နဲ့နော်။ ဆံပင်က ရှိတယ်။ ဒါပေမဲ့ ရှိတဲ့ဆံပင်က တိုလွန်းနေလို့ ကတုံးလို့

ခေါ်ရတာ။

တရားနာပရိသတ်များ၊ လောကမှာ ကတုံးဆိုတာရှိလား။ မြင်ဖူးလား။ ကတုံး၊ ကတုံးရယ်လို့ မရှိဘူးနော်။ ကတုံးလူမျိုး၊ ကတုံး သက်သက် ဆိုတာမရှိဘူး။ ရိတ်လို့ပြောင်နေတာကိုပဲ ကတုံးလို့ခေါ် တာ မဟုတ်လား။

ကတုံး ဆိုတာ ဘာတုံး။ ရိတ်လို့ပြောင်တာကို ကတုံးလို့ ခေါ်တာပါနော်။ ဆံပင်ကိုပြောင်နေအောင် ရိတ်ထားတာကိုပဲ ကတုံး လို့ခေါ်တာပါ။ ဆံပင်မရှိတဲ့သူ မဟုတ်ဘူးနော်။ ဆံပင်ကတော့ ရှိတာ ပေါ့နော်။ တိုပြီးနေလို့။

အဲဒီတော့ မွေးလာကတည်းက မိမိခေါင်းပေါ်မှာရှိတဲ့ ဆံပင်ကို သေတဲ့အထိ မချဘဲနဲ့ ဦးထိပ်မှာရွက်ထားသလို၊ ဦးထိပ်မှာ အမြဲတမ်း တင်ထားသလိုပဲ ငါးပါးသီလဆိုတဲ့ ကိုယ်ကျင့်တရားကိုလည်းပဲ မိမိရဲ့ ကိုယ်ပေါ်၊ နှုတ်ပေါ်၊ ဦးထိပ်ပေါ်မှာ အမြဲတမ်း ရွက်ထား၊ တင်ထား၊ ကပ်ဆောင်ထားရမယ်။

ခေါင်းပေါ်က ဆံပင်လိုပဲ အလေးအမြတ်ထားပြီးတော့ ကျင့် သုံးရမှာမို့လို့ ငါးပါးသီလကို ဂရုဓမ္မလို့ ခေါ်ပါတယ်။

နောက်တစ်နည်းအားဖြင့်လည်း ငါးပါးသီလကို နိစ္စသီလ လို့ ခေါ်တယ်။ နိစ္စဆိုတာဘာတုံး။ မြဲတာနော်။ အဲဒီတော့ နိစ္စသီလဆိုတာ အမြဲတမ်း ကျင့်ရမယ့် ကိုယ်ကျင့်တရား။ ငါးပါးသီလဆိုတာ လူတိုင်း လူတိုင်း အမြဲတမ်းကျင့်ရမယ့် ကိုယ်ကျင့်တရား ဖြစ်ပါတယ်။

ခါးဝတ်ပုဆိုးလို၊ ခါးဝတ်လုံချည်လို မြဲရမယ့် တရားမို့လို့

ငါးပါးသီလကို နိစ္စသီလလို့ ခေါ်ပါတယ်။

မိမိတို့ခါးမှာဝတ်ထားတဲ့ အဝတ်ဟာ ရှက်တတ်ကြောက်တတ်တဲ့ အရွယ်ကစပြီးတော့ သေဆုံးတဲ့ အချိန်အထိ ချွတ်တယ်လို့မရှိပါဘူး။ အမြဲဝတ်ထားရပါတယ်။

လူရှေ့မှာလည်း ခါးဝတ်ကို ဝတ်ထားရတာပါပဲ။ လူကွယ်ရာမှာလည်း ခါးဝတ်ကို ဝတ်ထားရတာပါပဲ။ လူမမြင်လို့ဆိုပြီး ခါးဝတ်ကို ချွတ်ထားတဲ့လူရှိလား။ မရှိပါဘူး။ နောက်ဆုံး ညအိပ်တဲ့အချိန်မှာတောင်မှပဲ ခါးဝတ်ပုဆိုးကို ဝတ်ပြီး အိပ်ကြတာပါပဲ။

အဲဒီတော့ ရှေ့တွင်ပဲဖြစ်ဖြစ်၊ ကွယ်ရာမှာပဲ ဖြစ်ဖြစ် ခါးဝတ်ပုဆိုး၊ ခါးဝတ်လုံချည်ကို ဘယ်တော့မှ မချွတ်သလိုပဲ ငါးပါးသီလဆိုတဲ့ ကိုယ်ကျင့်တရားကိုလည်းပဲ မိမိရဲ့အသက်ခန္ဓာ တည်မြဲနေသ၍ ဘယ်တော့မှ မချွတ်ဘဲနဲ့ မိမိရဲ့ရုပ်ခန္ဓာအစဉ်မှာ အမြဲကိန်းဝပ်နေအောင် ကြိုးစားသင့်လို့မို့လို့ သူ့ကို ဘာသီလလို့ခေါ်လဲ။ နိစ္စသီလလို့ ခေါ်ပါတယ်။

သီလဆိုတာကတော့ သူရဲ့တိုက်ရိုက်ထွက်တဲ့ အဓိပ္ပါယ်ကတော့ အလေ့ပါပဲ။ အလေ့အထကို သီလလို့ခေါ်တာ။ဘာအလေ့အထလဲဆိုတော့ လူမျိုးတိုင်း လူမျိုးတိုင်း၊ ဘာသာဝင်တိုင်း ဘာသာဝင်တိုင်း သက်ရှိလူသားရယ်လို့ဖြစ်လာရင်၊ လူမှန်ရင် ကျင့်ရမယ့်တရားမို့လို့ သီလလို့ ခေါ်တာပါပဲ။

သီလဆိုတာ အလေ့၊ အဲဒီအလေ့ကို ခေါင်းပေါ်ကဆံပင်လိုရာသက်ပန် အလေးအမြတ်ထားသင့်လို့ ဂရုဓမ္မ၊ ခါးဝတ်လုံချည်လို

ထာဝရမြဲမြဲသင့်လို့ နိစ္စ၊ အားလုံးပေါင်းလိုက်တော့ ဂရုဓမ္မနိစ္စသီလ။

ဒါကြောင့်မို့လို့ ငါးပါးသီလကို ဂရုဓမ္မနိစ္စသီလ လို့ခေါ်ပါတယ်။ တော်သလင်းလပြည့်နေ့ကိုတော့ ဂရုဓမ္မနိစ္စသီလအခါတော်နေ့လို့ ခေါ်ပါတယ်။ ဒါပေမဲ့ ရှည်ရှည်ဝေးဝေး ပြောမနေတော့ဘဲ လိုရင်းတိုရှင်းနဲ့ ဂရုဓမ္မအခါတော်နေ့လို့ ခေါ်ပါတယ်။ တရားနာပရိသတ်များ မမေ့စေနဲ့နော်။

## ကုရုဓမ္မအခါတော်နေ့ သို့မဟုတ် ဂရုဓမ္မအခါတော်နေ့

ဂရုဓမ္မအခါတော်နေ့ သို့မဟုတ် ငါးပါးသီလအခါတော်နေ့မှာ ကျင်းပတဲ့တရားပွဲမှာ သီလအကြောင်းဟောတာ ဦးပဥ္စင်း လွန်သလား။ မလွန်ပါဘူးနော်။ မလွန်ဘူးဆိုတာ နောက်ပိုင်းမှာ ပိုပြီးတော့ ထင်ရှားလာလိမ့်မယ်။ ငါးပါးသီလလောက် အရေးကြီးတာ ငါးပါးသီလပဲ ရှိတော့တာ။

ဂရုဓမ္မအခါတော်နေ့ကို တစ်နည်းအားဖြင့် ကုရုဓမ္မအခါတော်နေ့လို့လည်း ခေါ်ပါတယ်။

ကုရုဓမ္မဆိုတာက ကုရုဆိုတာ ကုရုတိုင်းသားတွေ၊ ဓမ္မဆိုတာ ကျင့်သုံးတဲ့တရား၊ ကုရုဓမ္မဆိုတော့ ကုရုတိုင်းသားတွေ ကျင့်သုံးတဲ့တရား။

ငါးပါးသီလကို ကုရုတိုင်းသားတွေ တလေးတစား ကျင့်သုံးတဲ့တရားဖြစ်လို့ ကုရုဓမ္မလို့ ခေါ်ပါတယ်။ ကုရုတိုင်းသားတွေရဲ့ တရားဆိုပါတော့။

ဘယ်ကကုရုတိုင်းလဲဆိုရင်တော့ ဇာတ်တော်ထဲမှာပါတဲ့ ဟိုး
တစ်ချိန်တုန်းက ကုရုတိုင်းပါပဲ။

အကျဉ်းချုပ်ပြောရရင်တော့ ဦးပဉ္စင်းတို့ရဲ့ မြတ်စွာဘုရား အ
လောင်းတော် ကုရုတိုင်းမှာ ထီးနန်းအုပ်ချုပ် မင်းလုပ်ခဲ့စဉ်တုန်းက မင်း
ကျင့်တရား ဆယ်ပါးနဲ့အညီ အုပ်ချုပ်တဲ့အပြင် အထူးသဖြင့် ငါးပါးသီ
လကို အထူးစင်ကြယ်အောင် ထိန်းသိမ်းစောင့်ရှောက် ကျင့်သုံးခဲ့ပါ
တယ်။

ကုရုမင်းကြီးတစ်ဦးတည်းသာ ငါးပါးသီလကို အထူးကျင့်သုံး
တာ မဟုတ်ပါဘူး။ ကုရုမင်းကြီးရဲ့ မယ်တော်ကြီးရယ်၊ မိဖုရားကြီး
ရယ်၊ ညီတော်အိမ်ရှေ့မင်းသားရယ်၊ ပုရောဟိတ်ပုဏ္ဏားရယ်၊ မြေတိုင်း
အမတ်ရယ်၊ ရထားထိန်းရယ်၊ သူဌေးကြီးရယ်၊ တင်းချင်အမတ်ကြီး
ရယ်၊ တံခါးစောင့်ရယ်၊ ပြည့်တန်ဆာမရယ်၊ ကုရုမင်းကြီးအပါအဝင်
အားလုံးပေါင်း ဆယ့်တစ်ယောက်၊ ငါးပါးသီလကို အထူးစင်ကြယ်
အောင် ထိန်းသိမ်းစောင့်ရှောက် ကျင့်သုံးခဲ့ကြပါတယ်။

ဇာတ်တော်ပါအဖြစ်အပျက်ထဲမှာ ဒီဆယ့်တစ်ယောက်က ဂို
ပြီးထင်ရှားနေလို့သာ ဆယ့်တစ်ယောက်လို့ ပြောရတာပါ။ တကယ်
တော့ ကုရုတိုင်းသူ၊ ကုရုတိုင်းသားတွေအားလုံး ငါးပါးသီလကို အထူး
စင်ကြယ်အောင် ထိန်းသိမ်းစောင့်ရှောက် ကျင့်သုံးခဲ့ကြပါတယ်။ ခေါ်
ဆောင်ကောင်းသလို နောက်လိုက်တွေလည်း ကောင်းခဲ့ကြပါတယ်

ကုရုတိုင်းသူ တိုင်းသားတွေ လိုက်နာကျင့်သုံးကြတဲ့ တရား
လို့လည်း ငါးပါးသီလကို ကုရုဓမ္မလို့ ခေါ်ပါတယ်။ ကျင့်သုံးကြပုံ

ကြည့်လိုက်ပြန်တော့လည်း ပေါ့ပေါ့လျော့လျော့ ကျင့်သုံးကြတာမဟုတ်
ဲ လေးလေးနက်နက် အထွတ်အမြတ်ထားပြီး ကျင့်သုံးကြတာမို့
ရုစမ္မလို့လည်း ခေါ်ပါတယ်။ ဂရုဆိုတာ အလေးအနက်ထားတာ၊
အထွတ်အမြတ်ထားတာပါ။ ကုရုတိုင်းသားတွေ ငါးပါးသီလကို
ဘယ်လောက်တောင် အလေးအနက်ထားတယ်၊ ဘယ်လောက်တောင်
အထွတ်အမြတ်ထားတယ်ဆိုတာ နောက်ပိုင်းမှာ သိရပါလိမ့်မယ်။

တစ်ခါတော့ ကုရုတိုင်းရဲ့ အိမ်နီးချင်းတိုင်းပြည်တစ်ခုဖြစ်တဲ့ ကာလိင်္ဂတိုင်းမှာ အကြီးအကျယ် မိုးခေါင်ပါတယ်။ မိုးခေါင်တဲ့အတွက် အစာရေစာ ပြတ်လပ်ပြီး တိုင်းသူပြည်သားတွေ ငတ်မွတ်ခေါင်းပါးကုန်ကြပါတယ်။ အစာအာဟာရ ချို့တဲ့တဲ့အတွက် ရောဂါမျိုးစုံရဲ့ နှိပ်စက်မှုဒဏ်ကိုလည်း ခံစားကြရပါတယ်။

မိုးခေါင်ဘေး၊ ငတ်မွတ်ဘေးနဲ့ ရောဂါဘေး၊ ဘေးသုံးမျိုးသင့်တဲ့အတွက် လူတွေဟာ ကလေးသူငယ်တွေကို လက်မှာကိုင်ဆွဲပြီး ရေခြားမြေခြား တိုင်းတစ်ပါးကို ဒုက္ခသည်တွေအဖြစ်နဲ့ ထွက်ပြေးတိမ်းရှောင်ကုန်ကြပါတယ်။

ဗဟုသုတရှိတဲ့ အမတ်ကြီးတွေရဲ့ အကြံပေးချက်အရ ကာလိင်္ဂမင်းဟာ မိုးရွာအောင်ဆိုပြီးတော့ အလှူလည်းပေး၊ သီလလည်းဆောက်တည်၊ ဥပုသ်လည်းယူပြီးတော့ ကျက်သရေတိုက်ခန်းထဲမှာ နေဇာမြက် (မြေဇာမြက်)ကို ခင်းအိပ်ပြီးတော့ ခုနစ်ရက်ခုနစ်ရက်ဆင်လုပ် ယတြာချေပါတယ်။ ဒါပေမဲ့ မိုးက မရွာပါဘူး။

တစ်ခါတစ်ရံ တိုက်ဆိုင်မှုရှိတဲ့အခါ ဟုတ်သလိုလို ထင်ရပေ

မယ့် တကယ့်အရေး တကယ့်ဘေးကျတော့ ခတ်ရိုက်ခတ်ဆင်တွေ၊ ယတြာတွေက ဘာမှအားမကိုးရပါဘူး။ ဘာမှ အစွမ်းမထက်ပါဘူး။

အဆောင်လက်ဖွဲ့ကို အထင်ကြီးတဲ့အမတ်ကြီးတွေကလည်း ကုရုတိုင်းမှာ မိုးကောင်းတာဟာ ကုရုမင်းရဲ့ မင်္ဂလာဆင်တော်ကြောင့် ဖြစ်တယ်ဆိုပြီး ကုရုမင်းရဲ့ မင်္ဂလာဆင်တော်ကို အဆောင်အဖြစ် အလှူ ခံပြီး ဆောင်ထားဖို့ အကြံပေးကြပြန်ပါတယ်။

ကုရုမင်းက ကြည်ကြည်ဖြူဖြူ လှူလိုက်လို့ မင်္ဂလာဆင်တော် ကို ဆောင်ထားပေမယ့်လည်း မိုးက လုံးဝမရွာသွန်းခဲ့ပါဘူး။ အဆောင် လက်ဖွဲ့ကြောင့် ကောင်းကျိုးဆိုးကျိုး ဖြစ်တယ်လို့ အယူလွဲမှားနေသူ တွေ သင်ခန်းစာ ယူသင့်လှပါတယ်။ နောက်ဆုံးတော့ ဘာမှ အားကိုး လို့ မရတဲ့ မင်္ဂလာဆင်အဆောင်လက်ဖွဲ့ကို ကုရုမင်းကြီးထံ ပြန်ပေးလိုက် ပါတယ်။

အယူမှန်ကန်တဲ့ ပညာရှိသူတော်ကောင်း အမတ်ကြီးတွေက ကုရုတိုင်းမှာ မိုးကောင်းတာဟာ ကုရုမင်းကြီးနဲ့တကွ ကုရုတိုင်းသားတွေ ကုရုဓမ္မကို အထူးစင်ကြယ်အောင် ထိန်းသိမ်းစောင့်ရှောက် ကျင့်သုံးကြ လို့ ဖြစ်ပါတယ်။ ကုရုတိုင်းသားတွေ ကျင့်သုံးတဲ့ ကုရုဓမ္မကို ရွှေပြားနဲ့ ရေးကူးဆောင်ယူလာပြီး ကာလိင်္ဂတိုင်းသားတွေ လိုက်နာကျင့်သုံးကြ မယ်ဆိုရင် ကာလိင်္ဂတိုင်းလဲ မိုးခေါင်တဲ့ဘေးက လွတ်မြောက်ပါလိမ့် မယ်လို့ အကြံပေးကြပါတယ်။

အယူအမြင်မှန်ကန်တဲ့ ပညာရှိသူတော်ကောင်း အမတ်ကြီး တွေရဲ့ အကြံပေးချက်အတိုင်း ကုရုတိုင်းကနေ ရွှေပြားနဲ့ ရေးကူးဆောင်

ယူလာတဲ့ ကုရုစမ္မကို ကာလိင်္ဂမင်းကြီးနဲ့ ကာလိင်္ဂတိုင်းသားတွေ အထူးစင်ကြယ်အောင် ထိန်းသိမ်းစောင့်ရှောက်ကျင့်သုံးလိုက်ကြတော့မှပဲ ကာလိင်္ဂတိုင်းအနှံ့ မိုးကောင်းကောင်းရွာသွန်းပါတော့တယ်။ မိုးခေါင်ဘေး၊ ငတ်မွတ်ဘေးနဲ့ ရောဂါဘေး၊ ဘေးကြီးသုံးပါးလုံးဝငြိမ်းပျောက်ပြီး တိုင်းနိုင်ငံဟာ အစာရေစာမှအစ အစစအရာရာ စည်ပင်ဝပြောလို့ အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်လာပါတော့တယ်။

ကုရုတိုင်းသားတွေ ကျင့်သုံးတဲ့တရား(ကုရုစမ္မ)ဆိုတာ ငါးပါးသီလပါပဲ။ အဲဒီကုရုစမ္မရဲ့ ဂုဏ်ကျေးဇူး၊ ကုရုစမ္မရဲ့တန်ခိုး၊ ကုရုစမ္မရဲ့ အစွမ်းသတ္တိဟာ အခုလိုမိုးတွင်းကာလမှာ(မိုးခေါင်တဲ့ ကာလိင်္ဂတိုင်းနဲ့ ဆက်စပ်ပြီး) သိသိသာသာ ပေါ်လွင်ထင်ရှားခဲ့တဲ့အတွက်ကြောင့် မိုးတွင်းကာလရဲ့ လပြည့်နေ့တစ်ခုဖြစ်တဲ့ တော်သလင်းလပြည့်နေ့ကို ကုရုစမ္မအခါတော်နေ့လို့ ဂုဏ်ပြုသတ်မှတ်ခဲ့ခြင်း ဖြစ်ပါတယ်။

ကုရုစမ္မကို ကုရုတိုင်းသားတွေ ကျင့်သုံးပုံက အလေးအနက်ရှိလွန်း၊ အထွတ်အမြတ်ထားလွန်း၊ ဂရုစိုက်လွန်းလှတာမို့ ဂရုစမ္မအခါတော်နေ့လို့လည်း ခေါ်ပါတယ်။

## ရေထဲကျတဲ့မြား၊ ငါးလေးတွေထိသွားလား

ကုရုမင်းကြီး ငါးပါးသီလကို အလေးအနက် အထွတ်အမြတ် ထားပြီး ဂရုတစိုက်ကျင့်သုံးပုံကလည်း ကြည်ညိုလေးစားစရာ၊ အတုယူ အားကျစရာ ကောင်းလှပါတယ်။

အဲဒီခေတ်က တိုင်းပြည်တွေမှာ သုံးနှစ်တစ်ကြိမ် တန်ဆောင် မုန်းလရောက်တိုင်း နက္ခတ်ပွဲသဘင်တွေ အကြီးအကျယ်ကျင်းပကြ ပါတယ်။ အဲဒီနက္ခတ်ပွဲသဘင်တွေမှာ ရှင်ဘုရင်တွေက နတ်သားအသွင် ဝတ်စားဆင်ယင်ပြီး ပန်းမျိုးစုံတန်ဆာဆင်ထားတဲ့ မြားအထူးအဆန်း တွေနဲ့ အရပ်လေးမျက်နှာကို ပစ်လွှတ်ကြပါတယ်။ မြားပစ်တမ်းကစား ကြတယ်ဆိုပါတော့။

တစ်ခုသောနှစ်ရဲ့ တစ်ခုသောနက္ခတ်ပွဲမှာ ကုရုမင်းကြီးလည်း မြားပစ်တမ်းကစားပါတယ်။ အရပ်မျက်နှာသုံးခုကို ပစ်လိုက်တဲ့မြားသုံး စင်းရဲ့ ကျသွားတဲ့နေရာတွေကို မြင်တွေ့ရပေမယ့် အရပ်မျက်နှာတစ်ခု

ပြပစ်လိုက်တဲ့ မြားတစ်စင်းရဲ့ ကျသွားတဲ့နေရာကိုတော့ မမြင်တွေ့ရ
ပါဘူး။ ဘာလို့လဲဆိုတော့ အဲဒီမြားတစ်စင်းက ရေကန်တစ်ခုထဲကျ
သွားလို့ပါပဲ။

"အို ....ဒုက္ခပါပဲ၊ မြားတစ်စင်း ရေထဲ ကျသွားပြီ၊ အဲဒီမြား
ငါးကလေးတွေရဲ့ ကိုယ်ပေါ်ကျသွားရင်တော့ ငါးကလေးတွေ သေကုန်
တော့မှာပဲ၊ ငါပစ်လိုက်တဲ့မြားကြောင့် ငါးကလေးတွေ သေသွားရင်
ငါတော့ ပါဏာတိပါတကံ ထိုက်ပြီထင်ပါရဲ့"။

ကုရုမင်းကြီးဟာ သူပစ်လွှတ်လိုက်တဲ့မြား မတော်တဆ
ရေထဲကျသွားတာကို အကြောင်းပြုပြီး သူ့ရဲ့ငါးပါးသီလအပေါ်
စိတ်မသန့်ဘဲ သံသယဖြစ်နေပါတယ်။

တကယ်တော့ သေစေလိုတဲ့ စိတ်စေတနာမပါတဲ့အတွက်
ငါးကလေးတွေ သေခဲ့ရင်တောင်မှ ပါဏာတိပါတကံ မထိုက်ပါဘူး။
ပြောပြစရာအပြစ်ဆိုလို့ အပြစ်မဟုတ်တဲ့ ဒါလေးပဲရှိကဲ့ ကုရုမင်းကြီးရဲ့
ငါးပါးသီလကိုမှ ဂရုမဖွလို့ မပြောရင် ဘယ်သူ့ငါးပါးသီလကို ဂရု
မဖွလို့ ပြောဦးမှာလဲ။

ကုရုမင်းကြီးရဲ့မယ်တော် ငါးပါးသီလကို အလေးအနက်
အထွတ်အမြတ်ထားပြီး ဂရုတစိုက် ကျင့်သုံးပုံကလည်း ကြည်ညိုလေး
စားစရာ၊ အတုယူအားကျစရာကောင်းလှပါတယ်။

တစ်ခါတော့ ကုရုမင်းဟာ တိုင်းတစ်ပါးက လာရောက်ဆက်
သတဲ့ အဖိုးတစ်သိန်းတန် စန္ဒကူးနံ့သာနှစ်တစ်ခုနဲ့ အဖိုးတစ်ထောင်
တန် ရွှေပန်းခိုင်တစ်ခုကို မယ်တော်ကို အမြတ်တနိုး လျှုဒါန်းပူဇော်

ပါတယ်။ မယ်တော်ကလည်း သူမသုံးဘဲ ချွေးမနှစ်ယောက်ကို ခွဲဝေပေးပါတယ်။ သားကြီးကုရုမင်းရဲ့ မိဖုရားကြီး (ချွေးမအကြီး)ကိုတော့ ဘုရင်ကတော်ပဲ၊ဘုန်းကြီးတယ်ဆိုပြီး တစ်ထောင်တန်ရွှေပန်းခိုင်ပေးပါတယ်။ သားငယ်အိမ်ရှေ့မင်းသားရဲ့ မိဖုရား (ချွေးမအငယ်)ကိုတော့ အိမ်ရှေ့မင်းကတော်ဆိုတော့ ဘုန်းနည်းတယ်ဆိုပြီး တစ်သိန်းတန်စန္ဒကူးနံ့သာနှစ် ပေးလိုက်ပါတယ်။ ပေးပြီးမှ မယ်တော်က ပြန်စဉ်းစားပါတယ်။

"အော်....တကယ်တော့ သူတို့ ဘုန်းကြီးတာ၊ မကြီးတာက ငါ့အတွက် အဓိကမှ မဟုတ်ဘဲ။ ဂုဏဂုဒ္ဓိ၊ ဝယဂုဒ္ဓိ ဆိုတဲ့အတိုင်း ဂုဏ်ကြီးသူ၊ အရွယ်ကြီးသူကို ပိုရိုသေ၊ ပိုလေးစား၊ ပိုဦးစားပေးရမှာပေါ့။

"အခုတော့ ဂုဏ်ကြီးသူ၊ အရွယ်ကြီးသူကို တန်ဖိုးနည်းတဲ့ ပစ္စည်းပေးလိုက်မိပြီ၊ ဂုဏ်ငယ်သူ၊ အရွယ်ငယ်သူကို တန်ဖိုးကြီးတဲ့ ပစ္စည်းပေးလိုက်မိပြီ။ ဟိုပေးသင့်တာ ဒီပေး၊ ဒီပေးသင့်တာ ဟိုပေးလိုက်မိတဲ့အတွက် ငါတော့ အဒိန္နာဒါနကံ ထိုက်ပြီထင်ပါရဲ့"။

မင်းကြီးမယ်တော်ဟာ သူခွဲဝေပေးလိုက်တဲ့ပစ္စည်း၊ အကြီးအသေးပြောင်းပြန်ဖြစ်နေတာကို အကြောင်းပြုပြီး သူ့ရဲ့ ငါးပါးသီလအပေါ် စိတ်မသန့်ဘဲ သံသယဖြစ်နေပါတယ်။

တကယ်တော့ ကိုယ့်ပစ္စည်းကိုယ်ပေးတာပဲ၊ ကိုယ်ဆန္ဒရှိသလိုပေးပိုင်ခွင့် ရှိပါတယ်။ ဘယ်လိုပေးပေး အပြစ်မဖြစ်ပါဘူး။ ပြောပြစရာအပြစ်ဆိုလို့ အပြစ်မဟုတ်တဲ့ ဒါလေးပဲရှိတဲ့ မင်းကြီးမယ်တော်ရဲ့ ငါးပါးသီလကိုမှ ဂရုမစိုက်လို့ မပြောရင် ဘယ်သူ့ငါးပါးသီလကို ဂရုမစိုက်လို့ပြောဦးမှာလဲ။

## သူနဲ့သာဆိုရင်

ကုရုမင်းကြီးရဲ့ မိဖုရားကြီး ငါးပါးသီလကို အလေးအနက် အထွတ်အမြတ်ထားပြီး ဂရုတစိုက်ကျင့်သုံးပုံကလည်း ကြည်ညို လေးစားစရာ၊ အတုယူအားကျစရာ ကောင်းလှပါတယ်။

တစ်နေ့တော့ ကုရုမင်းကြီးနဲ့ အိမ်ရှေ့မင်းသားတို့ ဆင်စီးပြီး တိုင်းခန်းလှည့်လည်ကြပါတယ်။ ဆင်တစ်စီးထဲမှာ မင်းကြီးက ရှေ့က ထိုင်၊ အိမ်ရှေ့မင်းသားက နောက်ကထိုင်ပြီး မြို့ကို လက်ျာရစ်လှည့်လည် ကြည့်ရှုကြပါတယ်။

မိဖုရားကြီးကလည်း ခြသေ့်ခံတဲ့ လေသာပြတင်းနားကနေ ရပ်ပြီး မောင်တော်မင်းမြတ် တိုင်းခန်းလှည့်လည်တာကို ရှုစားငေးမော နေပါတယ်။

အဲဒီနေ့ကျမှ တိုက်တိုက်ဆိုင်ဆိုင် မိဖုရားကြီးရဲ့ မျက်စိထဲ အိမ်ရှေ့မင်းသားဟာ ခါတိုင်းထက် ပိုချော၊ ပိုလှ၊ ပိုကျက်သရေရှိ

နေပါတယ်။ ဝတ်စားတန်ဆာတွေကလည်း ခါတိုင်းနေ့တွေကထက် ပိုပြီးတောက်ပြောင်နေတာကိုး။ အထူးနေ့ဆိုတော့ အထူးဝတ်စား ဆင်ယင်ထားတာပေါ့။

ဆင်ပေါ်မှာ ရှင်ဘုရင်နဲ့အတူတွဲထိုင်နေတဲ့ အိမ်ရှေ့မင်းသား ရဲ့ အထူးချောမောခန့်ညားမှုကို မြင်တွေ့ရတဲ့အခါ မိဖုရားကြီး စိတ် ထဲ မရိုးမရွဖြစ်လာပါတယ်။

"သူ့ကိုသာ ငါ တရင်းတနှီး တချစ်တကျွမ်း ပေါင်းထားရင် သူ့အစ်ကို နတ်ရွာစံလို့ သူ ရှင်ဘုရင်ဖြစ်တဲ့အခါ ငါ့ကို မိဖုရားဆက် မြှောက်မှာ သေချာတယ်၊ သူနဲ့သာဆိုရင်....." လို့ မိဖုရားကြီးစိတ်ကူးယဉ် နေပါတယ်။

အိမ်ရှေ့မင်းသားအပေါ် ခေတ္တခဏ ကြွေသွားပြီးမှ မိဖုရားကြီး ပြန်သတိဝင်လာပါတယ်။

"ဘုရားရေ....၊ ငါဘာတွေတွေးနေမိတာလဲ၊ ငါ့မှာ လင် ယောကျ်ားငုတ်တုတ်ရှိရက်သားနဲ့ တခြားယောကျ်ားတစ်ယောက် အပေါ် သာယာနှစ်သက်တပ်မက်တဲ့စိတ် ဖြစ်သွားရတယ်လို့၊ ကိုယ့် ကာမပိုင်မဟုတ်သူကို တဏှာစိတ်နဲ့ကြည့်မိတဲ့အတွက် ငါတော့ ကာ မေသုမိစ္ဆာစာရကံ ထိုက်ပြီထင်ပါရဲ့။ "

မိဖုရားကြီးဟာ အိမ်ရှေ့မင်းသားကို ရွှေလက်တွဲလိုတဲ့စိတ်နဲ့ သာယာတပ်မက်စွာ ငေးမောကြည့်ရှုမိတာကို အကြောင်းပြုပြီး သူ့ရဲ့ ငါးပါးသီလအပေါ် စိတ်မသန့်ဘဲ သံသယဖြစ်နေပါတယ်။

တကယ်တော့ ကိုယ့်အိမ်ထောင်ဖက်မဟုတ်သူကို စိတ်ထဲ

ကသာ သာယာတပ်မက်မိသွားတာပဲ၊ ကိုယ်ထိလက်ရောက် လွန်ကျူး ဖောက်ပြန်တာမှမဟုတ်တာ၊ ဘာအပြစ်မှ မသင့်ပါဘူး။ ပြောပြစရာ အပြစ်ဆိုလို့ အပြစ်မဟုတ်တဲ့ ဒါလေးပဲရှိတဲ့ မိဖုရားကြီးရဲ့ ငါးပါးသီလကို မှ ဂရုစမ္မလို့ မပြောရင် ဘယ်သူ့ငါးပါးသီလကို ဂရုစမ္မလို့ပြောဦးမှာလဲ။

ကုရုမင်းကြီးရဲ့ ညီတော်အိမ်ရှေ့မင်းသား ငါးပါးသီလကို အ လေးအနက် အထွတ်အမြတ်ထားပြီး ဂရုတစိုက်ကျင့်သုံးပုံကလည်း ကြည်ညိုလေးစားစရာ၊ အတုယူအားကျစရာ ကောင်းလှပါတယ်။

အိမ်ရှေ့မင်းသားဟာ ညချမ်းအချိန်ရောက်တိုင်း မင်းကြီးထံ ပါးကို နေ့စဉ်အခစားဝင်ပါတယ်။ မင်းကြီးထံပါး ခစားဖို့သွားတိုင်း ရထားနဲ့ပဲ သွားလေ့ရှိတာမို့ မင်းရင်ပြင်ကို ရထားဆိုက်တယ်ဆိုရင်ပဲ မင်းနန်းတော်မှာ ညအိပ်မယ်ဆိုရင် အိမ်ရှေ့မင်းသားက ကြိုးနဲ့နှင်တံ ကို ရထားဦးမှာ ထားခဲ့ပါတယ်။

ရထားဦးမှာ ကြိုးနဲ့နှင်တံထားခဲ့တဲ့ အမှတ်အသားကိုကြည့်ပြီး ရထားထိန်းအပါအဝင် နောက်လိုက်ဖိုလ်ပါ လူသူပရိသတ်က "တို့ အိမ်ရှေ့မင်းသား မင်းနန်းတော်မှာ ညအိပ်မှာပဲ" ဆိုပြီး ကိုယ့်အိမ်ကိုယ်ပြန် သွားကြပါတယ်။ နောက်တစ်နေ့နံနက်စောစောကျမှ ရထားနဲ့တကွ အားလုံးပြန်ရောက်လာကြပြီး အိမ်ရှေ့မင်းသား နန်းတော်က ပြန်ထွက် အလာကို စောင့်မျှော်ကြပါတယ်။

တကယ်လို့ နန်းတော်မှာ ညမအိပ်ဘဲ ချက်ချင်းပြန်ထွက်မယ် ဆိုရင်တော့ အိမ်ရှေ့မင်းသားက ကြိုးနဲ့နှင်တံကို ရထားအတွင်းထဲမှာ ထားခဲ့ပါတယ်။ ဒီအမှတ်အသားကိုကြည့်ပြီး နောက်ပါလူတွေက " တို့

အိမ်ရှေ့မင်းသား ခဏာနေပြန်ထွက်လာလိမ့်မယ်" ဆိုပြီး နန်းတော်တံခါးဝကနေ ရပ်တန့် စောင့်ဆိုင်းနေကြပါတယ်။

တစ်နေ့တော့ ခဏာတစ်ဖြုတ်နေပြီးပြန်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကြိုးနဲ့နှင်တံကို ရထားအတွင်းထဲမှာပဲထားခဲ့ပြီး မင်းနန်းတော်ကို အခစားဝင်ခဲ့ပါတယ်။ နန်းတော်ထဲရောက်တယ်ဆိုရင်ပဲ ဖြုန်းခနဲဆိုမိုးကသည်းထန်စွာ ရွာသွန်းတော့တာမို့ မင်းကြီးက နန်းတော်မှာပဲ ညအိပ်ခိုင်းတဲ့အတွက် အိမ်ရှေ့မင်းသားလည်း မင်းကြီးဆန္ဒအတိုင်း နန်းတော်မှာပဲ ညအိပ်လိုက်ရပါတယ်။

အပြင်မှာကျန်ခဲ့တဲ့ နောက်ပါလူတွေခမျာမှာ ခုပဲပြန်ထွက်လာနိုး၊ ခုပဲ ပြန်ထွက်လာနိုးနဲ့ တစ်ညလုံး မိုးရွာကြီးထဲမှာ မတ်တတ်ရပ်စောင့်ဆိုင်းနေရတဲ့အတွက် တစ်ကိုယ်လုံး မိုးရွှဲရွှဲစိုပြီး ခိုက်ခိုက်တုန်အောင် ချမ်းအေးနေကြပါတော့တယ်။

နောက်တစ်နေ့နံနက် မင်းနန်းတော်က ထွက်လာတော့မှ အိမ်ရှေ့မင်းသားလည်း မိုးရွှဲရွှဲစိုပြီး ကိုယ်ခိုက်ခိုက်တုန်နေတဲ့ သူ့လူတွေကို ကြည့်ပြီး အကြီးအကျယ် စိတ်ထိခိုက်သွားပါတယ်။

"အလို...ဘုရား ဘုရား...၊ ငါ့ရဲ့ အစီအစဉ်လွဲချော်မှုကြောင့် လူပေါင်းများစွာ မိုးသည်းထဲမှာ ဒုက္ခရောက်ရပါပေါ့လား။ ငါတစ်ယောက်အတွက်နဲ့ လူတွေ ပင်ပန်းဆင်းရဲကုန်ကြတာမို့ ငါတော့ ပါဏာတိပါတကံ ထိုက်ပြီထင်ပါရဲ့၊ ဒါမဟုတ် ကြိုးနဲ့နှင်တံ အထားမှားသလို ဖြစ်သွားတဲ့အတွက် မုသာဝါဒကံ ထိုက်ပြီထင်ပါရဲ့။"

အိမ်ရှေ့မင်းသားဟာ သူ့လုပ်ရပ်ဖြစ်တဲ့ ရထားအတွင်းထဲမှာ

ကြိုးနဲ့နှင်တံထားခဲ့တဲ့ အမှတ်အသားကြောင့် သူ့လူတွေ မိုးသည်းထဲမှာ တစ်ညလုံး ပင်ပန်းဆင်းရဲသွားရတာကို အကြောင်းပြုပြီး သူ့ရဲ့ငါးပါးသီလအပေါ် စိတ်မသန့်ဘဲ သံသယဖြစ်နေပါတယ်။

တကယ်တော့ တစ်ဖက်သားကို တမင်ညှဉ်းဆဲလိုတဲ့စိတ်နဲ့ ပင်ပန်းဆင်းရဲအောင် ရည်ရွယ်လုပ်ခဲ့တာမှ မဟုတ်ဘဲ၊ မျှော်လင့်မထားတဲ့ အကြောင်းတရားတွေကြောင့် အခြေအနေ ရုတ်တရက်ပြောင်းသွားလို့ ခုလိုမတော်တဆဖြစ်ခဲ့ရတာပဲ၊ သူ့မှာ ဘာအပြစ်မှမရှိပါဘူး။

ပြောပြစရာအပြစ်ဆိုလို့ အပြစ်မဟုတ်တဲ့ ဒါလေးပဲရှိတဲ့ အိမ်ရှေ့မင်းသားရဲ့ ငါးပါးသီလကိုမှ ဂရုဓမ္မလို့မပြောရင် ဘယ်သူ့ငါးပါးသီလကို ဂရုဓမ္မလို့ ပြောဦးမှာလဲ။

## ဘာလို့များသူတစ်ပါးပစ္စည်းအလကားလိုချင်ရတာလဲ

ကုရုမင်းကြီးရဲ့ဆရာ ပုရောဟိတ်ပုဏ္ဏားကြီး ငါးပါးသီလကို အလေးအနက် အထွတ်အမြတ်ထားပြီး ဂရုတစိုက် ကျင့်သုံးပုံကလည်း ကြည်ညိုလေးစားစရာ၊ အတုယူအားကျစရာ ကောင်းလှပါတယ်။

တစ်နေ့တော့ ကုရုမင်းကြီးကိုခစားဖို့ နန်းတော်အသွား လမ်းခရီးကြားမှာ အရောင်တလက်လက် တောက်ပနေတဲ့ ရထား အသစ်စက်စက်တစ်စီးကို ပုရောဟိတ်ပုဏ္ဏားကြီး တွေ့လိုက်ရပါတယ်။

ဘယ်သူ့ရထားလဲ စုံစမ်းလိုက်တော့ တိုင်းခြားမင်းတစ်ပါးက ကုရုမင်းကြီးထံ လက်ဆောင်ပဏ္ဏာအဖြစ်ဆက်သလိုက်တဲ့ ရထားဆို တာ သိခွင့်ရလိုက်ပါတယ်။ ကုရုမင်းကြီး လက်ဆောင်ရမယ့် ရထား ဆိုတာလဲသိရော၊ အဲဒီရထားကို ရလိုတဲ့စိတ် ပုရောဟိတ်ပုဏ္ဏားကြီး သန္တာန်မှာ တဖွားဖွားပေါ်ပေါက်လာပါတယ်။

"အင်း....ငါကလည်း အသက်ကြီးပြီ၊ ငယ်ငယ်တုန်းကလို

သွားလို့လာလို့ ထိုင်လို့ထလို့ သိပ်မကောင်းတော့ဘူး၊ အခုလို အိုမင်းမစွမ်း ဖြစ်နေချိန်မှာ မင်းကြီးက ဒီရထား ငါ့ကို ပေးရင် သိပ်ကောင်းမှာပဲ၊ ဒီ ရထားအသစ်ကလေးနဲ့သာဆိုရင်တော့ သွားရလာရတာ သိပ်အဆင် ပြေမှာပဲ၊ သိပ်ချမ်းသာမှာပဲ"။

လမ်းတစ်လျှောက်လုံး ဒီအတွေး တွေးလာခဲ့တဲ့ ပုရောဟိတ် ပုဏ္ဏားကြီး ကုရုမင်းကြီးထံမှောက်ရောက်လို့ မင်္ဂလာနှုတ်ခွန်းဆက် စကားပြောဆို လျှောက်ကြားပြီးတဲ့အချိန်မှာပဲ တိုင်းခြားသံတမန်တွေက မင်းကြီးကို ရထားလက်ဆောင် ဆက်သလိုက်ကြပါတယ်။

မင်းကြီးက ရထားကိုကြည့်ပြီး ....

"အင်း.... ဒီရထားက သိပ်ကိုကောင်းလွန်းနေတယ်၊ ဒီလောက် ကောင်းလွန်းတဲ့ရထား ငါမသုံးပါဘူး၊ အမွန်အမြတ် လက်ဆောင်ရတဲ့ ဒီရထားကို ငါ့ရဲ့ဆရာ ပုရောဟိတ်ပုဏ္ဏားကြီးကိုပဲ ပေးလိုက်ကြပါ"လို့ မိန့်တော်မူပါတယ်။

မင်းကြီးက ဆရာဖြစ်သူကို အမြတ်တနိုး ပူဇော်ပေမယ့် ပုရောဟိတ်ပုဏ္ဏားကြီးက သူသိပ်လိုချင်ခဲ့တဲ့ အဲဒီရထားအသစ်စက်စက် ကို လုံးဝမယူတော့ပါဘူး။ ယူချင်စိတ်လည်း လုံးဝ မရှိတော့ပါဘူး။ မင်းကြီးက ထပ်တလဲလဲ ယူဖို့ ပြောပေမယ့် ပုရောဟိတ်ပုဏ္ဏားကြီးက ထပ်တလဲလဲ လုံးဝ ငြင်းဆန်လိုက်ပါတယ်။

"ငါမှားပြီ...၊ ငါ့ကို တရားဝင်မပေးသေးတဲ့ပစ္စည်း၊ ပိုင်ရှင်လက် ထဲတောင် တရားဝင်မရောက်သေးတဲ့ပစ္စည်းအပေါ် ငါလိုချင်တပ်မက် စိတ်ဖြစ်သွားခဲ့ပြီ၊ သူတစ်ပါးပစ္စည်း အလကားလိုချင်တဲ့စိတ် ဖြစ်သွားခဲ့

တဲ့အတွက် ငါတော့ အဒိန္နာဒါနကံ ထိုက်ပြီထင်ပါရဲ့။"

ပုရောဟိတ်ပုဏ္ဏားကြီးဟာ ပိုင်ရှင်ဖြစ်သူ ကုရုမင်းကြီး တရားဝင်မပေးသေးတဲ့ ရထားအပေါ် လိုချင်တပ်မက်စိတ်ဖြစ်သွားတာကို အကြောင်းပြုပြီး သူ့ရဲ့ငါးပါးသီလအပေါ်စိတ်မသန့်ဘဲ သံသယဖြစ်နေပါတယ်။ ဒါ့ကြောင့် သူပေးစေချင်တဲ့ ရထားကို ကုရုမင်းကြီးက တရားဝင်ပေးလာတာတောင်မှ ကိုယ့်ကိုယ်ကိုရှက်စိတ်နဲ့ လုံးဝမယူတော့ဘဲ အပြတ်ငြင်းပယ်လိုက်ပါတယ်။

တကယ်တော့ ပိုင်ရှင်မပေးတဲ့ပစ္စည်းကို ပိုင်ရှင်မသိအောင် ကိုယ့်သဘောနဲ့ကိုယ် မရအရယူမယ်လို့ ကြံစည်ခဲ့တာမှမဟုတ်ဘဲ၊ ပိုင်ရှင်က ငါ့ကိုပေးရင်ကောင်းမှာပဲလို့ ရိုးရိုးလေးကြံစည်ခဲ့မိတာပဲ၊ အဒိန္နာဒါနကံ မထိုက်ပါဘူး။

ပြောပြစရာအပြစ်ဆိုလို့ အပြစ်မဟုတ်တဲ့ ဒါလေးပဲရှိတဲ့ ပုရောဟိတ်ပုဏ္ဏားကြီးရဲ့ ငါးပါးသီလကိုမှ ဂရုဓမ္မလို့ မပြောရင် ဘယ်သူ့ငါးပါးသီလကို ဂရုဓမ္မလို့ ပြောဦးမှာလဲ။

ကုရုမင်းကြီးရဲ့ ကြိုးတိုင်းအမတ် (မြေတိုင်းအမတ်) ငါးပါးသီလကို အလေးအနက် အထွတ်အမြတ်ထားပြီး ဂရုတစိုက်ကျင့်သုံးပုံကလည်း ကြည်ညိုလေးစားစရာ၊ အတုယူအားကျစရာ ကောင်းလှပါတယ်။

တစ်နေ့တော့ လယ်ပိုင်ရှင်တစ်ယောက်ရဲ့မြေကို ကြိုးနဲ့တိုင်းတာနေပါတယ်။ ကြိုးရဲ့အစွန်းနှစ်ဖက်ကို လုံ့တံတစ်ခုစီနဲ့ ချည်ပြီး လုံ့တံတစ်ခုကို လယ်ပိုင်ရှင်က ကိုင်၊ လုံ့တံတစ်ခုကို ကြိုးတိုင်းအမတ်

က ကိုင်ပြီးတော့ တိုင်းတာကြတာပါ။

အဲဒီနေ့က ကြိုးတိုင်းအမတ်ကိုင်ထားတဲ့ လုံတံကို ထိုးစိုက်ရမယ့် မြေနေရာက ပုစွန်တွင်းတစ်တွင်းရဲ့ အလယ်တည့်တည့်နေရာဖြစ်နေပါတယ်။ ကြိုးတိုင်းအမတ်လည်း ဒီနေရာမှာ လုံတံစိုက်သင့်၊ မစိုက်သင့် ရတ်တရက် မဆုံးဖြတ်နိုင်ဘဲ ချီတုံချတုံဖြစ်နေပါတယ်။

"အဲဒါမှ တကယ့်ပြဿနာပဲ....၊ ပုစွန်တွင်းထဲ လုံတံစိုက်လိုက်ရင်လည်း တွင်းထဲက ပုစွန်သေသွားလိမ့်ဦးမယ်၊ တွင်းဟိုဘက် လုံတံစိုက်လိုက်ရင်လည်း ရှင်ဘုရင့်မြေ ဆုံးရှုံးသွားလိမ့်ဦးမယ်၊ တွင်းဒီဘက် လုံတံစိုက်လိုက်ရင်လည်း လယ်ပိုင်ရှင့်မြေ ဆုံးရှုံးသွားလိမ့်ဦးမယ်၊ ငါဘယ်လိုလုပ်ရပါ့မလဲ။"

နောက်ဆုံးတော့ အတိအကျသမား ကြိုးတိုင်းအမတ်လည်း "တွင်းထဲမှာ ပုစွန်မရှိလောက်ပါဘူးလေ၊ ရှိရင် တွေ့ရမှာပေါ့၊ မရှိလို့ မတွေ့ရတာပဲ၊ တရားမျှတမှုရှိအောင် ပုစွန်တွင်း အလယ်တည့်တည့်ပဲ လုံတံစိုက်လိုက်တာ ကောင်းပါတယ်" လို့ဆုံးဖြတ်ပြီး လုံတံကို ပုစွန်တွင်းထဲ ထိုးစိုက်ချလိုက်ပါတယ်။

အဲဒီမှာတင် မမျှော်လင့်ဘဲ ပုစွန်တွင်းထဲကနေ ပုစွန်တစ်ကောင်ရဲ့ ခပ်စူးစူးအော်သံကြီးကို ကြားလိုက်ရပါတော့တယ်။ ကြိုးတိုင်းအမတ်လည်း ခေါင်းနပန်းကြီးသွားပြီး အလွန်အမင်း ထိတ်လန့်တုန်လှုပ်သွားပါတယ်။

"အလို...ဘုရား ဘုရား....၊ ငါထိုးစိုက်လိုက်တဲ့ လုံတံက ပုစွန်တစ်ကောင်ရဲ့ကျောကုန်းကိုတည့်တည့် ထိုးမိသွားမိပြီထင်ပါရဲ့၊

တကယ်လို့သာ ထိုးမိခဲ့ရင်တော့ အဲဒီပုစွန်လေး သေသွားမှာ သေချာတယ်၊ ဒါဆို ငါ ပါဏာတိပါတကံ ထိုက်ပြီပေါ့”

ဘယ်အလုပ်ကိုမဆို အတိအကျလုပ်တတ်တဲ့ ကြိုးတိုင်းအမတ်ဟာ သူထိုးစိုက်လိုက်တဲ့ လှံတံကြောင့် တွင်းထဲကနေ ပုစွန်အော်သံကြားလိုက်ရတာကို အကြောင်းပြုပြီး သူ့ရဲ့ငါးပါးသီလအပေါ် စိတ်မသန့်ဘဲ သံသယဖြစ်နေပါတယ်။

တကယ်တော့ သေစေလိုတဲ့ စိတ်စေတနာမပါတဲ့အတွက် ပုစွန်လေး သေခဲ့ရင်တောင်မှ ပါဏာတိပါတကံ မထိုက်ပါဘူး။ ပြောပြစရာအပြစ်ဆိုလို့ အပြစ်မဟုတ်တဲ့ ဒါလေးပဲရှိတဲ့ ကြိုးတိုင်းအမတ် (မြေတိုင်းအမတ်) ရဲ့ ငါးပါးသီလကိုမှ ဂရုဓမ္မလို့မပြောရင် ဘယ်သူ့ငါးပါးသီလကို ဂရုဓမ္မလို့ ပြောဦးမှာလဲ။

## တစ်ဖက်တိုးဖို့တစ်ဖက်ယူ
## တစ်ဖက်လူအပေါ်ရိုးပါဦးမလား

ကုရုမင်းကြီးရဲ့ ရထားထိန်း ငါးပါးသီလကို အလေးအနက် အထွတ်အမြတ်ထားပြီး ဂရုတစိုက်ကျင့်သုံးပုံကလည်း ကြည်ညို လေးစားစရာ၊ အတုယူအားကျစရာ ကောင်းလှပါတယ်။

ကုရုမင်းကြီးဟာ ရံဖန်ရံခါဆိုသလို မြို့အပြင်ဘက်က မင်း ဥယျာဉ်မှာ တစ်နေ့လုံး ဥယျာဉ်ကစား(ပျော်ပွဲစား)ထွက်လေ့ရှိပါတယ်။ အဲဒီလိုထွက်တိုင်း သိန္ဓောမြင်းကတဲ့ မင်္ဂလာရထားနဲ့ ရထားထိန်းက အသွားအပြန် ပို့ဆောင်ပေးရပါတယ်။

တစ်နေ့ ကုရုမင်းကြီးမြို့ပြင်ဥယျာဉ်မှာတစ်နေ့လုံး ဥယျာဉ် ကစား၊ ပျော်ပွဲစားပြီးလို့ အပြန် မြို့မရောက်ခင် ညနေချမ်း နေဝင်ချိန် မှာ ကောင်းကင်တစ်ခွင်လုံး မိုးသားတိမ်လိပ်တွေ တရိပ်ရိပ်၊ တလိပ်လိပ် ထူထပ်စွာ တက်လာပါတယ်။

ရထားထိန်းလည်း မင်းကြီးမိုးစိုသွားမှာ စိုးကြောက်တာနဲ့

သိန္တောမြင်းတွေကို နှင်တံအရိပ်အယောင်လေး ပြလိုက်ပါတယ်၊ ရထားထိန်းပေးတဲ့ နှင်တံအမှတ်အသားကြောင့် သိန္တောမြင်းတွေလည်း အလျင်အမြန် ဒုန်းစိုင်းပြီး တစ်ဟုန်ထိုး ပြေးသွားကြပါတယ်။

အဲဒီအချိန်ကစပြီး သိန္တောမြင်းတွေဟာ ဥယျာဉ်အသွားမှာပဲ ဖြစ်ဖြစ်၊ ဥယျာဉ်အပြန်မှာပဲဖြစ်ဖြစ်၊ အဲဒီနေရာရောက်တိုင်း အလျင် အမြန် ဒုန်းစိုင်းပြီး တစ်ဟုန်ထိုး ပြေးသွားကြပါတော့တယ်။

ဘာလို့ ဒီနေရာရောက်တိုင်း ဒုန်းစိုင်းပြေးရတာလဲဆိုရင် သိန္တောမြင်းတွေရဲ့ စိတ်ထဲမှာ " ဒီနေရာဟာ ဘေးရန်အန္တရာယ်ရှိတဲ့ အရပ်ဖြစ်လို့သာ ငါတို့သခင် ရထားထိန်းက နှင်တံအမှတ်အသားပေးခဲ့ တာပဲ၊ နှင်တံအရိပ်အယောင်ပြခဲ့တာပဲ" လို့ထင်မှတ်ယုံကြည်နေလို့ပါပဲ။

စနစ်တကျသင်ကြားထားတဲ့ မြင်းလိမ္မာတွေဆိုတော့ တစ်ကြိမ် တစ်ခါ နှင်တံပြလိုက်တာနဲ့ တစ်သက်လုံး မှတ်မိနေတော့တာပေါ့။ ဒါပေမဲ့ ရထားထိန်းခမျာ ဝမ်းမသာနိုင်ရှာပါဘူး။

"ငါမှားသွားပြီ....၊ တကယ်တော့ မင်းကြီးမိုးစိုတာ မစိုတာက ဘာမှ ပြဿနာမဟုတ်ဘူး၊ အခုတော့ စနစ်တကျသင်ကြားထားပြီး ဖြစ်တဲ့ သိန္တောမြင်းအလိမ္မာတွေကို နှင်တံအမှတ်အသားပေးမိတဲ့ အတွက် သိန္တောမြင်းတွေခမျာ ဒီနေရာရောက်တိုင်း အကြိမ်ကြိမ်အခါခါ အမြန်ဆုံးနှုန်းနဲ့ ဒုန်းစိုင်းပြေးနေရလို့ ပင်ပန်းဆင်းရဲနေကြရပြီ၊ ခုလို သိန္တောမြင်းတွေ ပင်ပန်းဆင်းရဲရတာ ငါ့ကြောင့်... ငါ့ကြောင့်...၊ သိန္တော မြင်းတွေကို ပင်ပန်းဆင်းရဲအောင် ညှဉ်းဆဲသလို ဖြစ်သွားတဲ့အတွက် ငါတော့ ပါဏာတိပါတကံ ထိုက်ပြီထင်ပါရဲ့။ "

ရထားထိန်းဟာ သူပေးလိုက်မိတဲ့ နှင်တံအမှတ်အသားကြောင့် သိန္ဒောမြင်းတွေ ပင်ပန်းဆင်းရဲရတာကို အကြောင်းပြုပြီး သူ့ရဲ့ငါးပါးသီလအပေါ် စိတ်မသန့်ဘဲ သံသယဖြစ်နေပါတယ်။

တကယ်တော့ သိန္ဒောမြင်းတွေ ဒီနေရာရောက်တိုင်း ဒုန်းစိုင်းပြေးပြီး ပင်ပန်းဆင်းရဲကြပါစေဆိုတဲ့ စိတ်ဆိုးစေတနာဆိုးနဲ့ နှင်တံအမှတ်အသားပေးခဲ့တာမှ မဟုတ်ဘဲ၊ ဘာကံမှမထိုက်ပါဘူး။

ပြောပြစရာအပြစ်ဆိုလို့ အပြစ်မဟုတ်တဲ့ ဒါလေးပဲရှိတဲ့ ရထားထိန်းရဲ့ ငါးပါးသီလကိုမှ ဂရုဓမ္မလို့ မပြောရင် ဘယ်သူ့ငါးပါးသီလကို ဂရုဓမ္မလို့ ပြောဦးမှာလဲ။

ကုရုတိုင်းက သူဌေးကြီး ငါးပါးသီလကို အလေးအနက်အထွတ်အမြတ်ထားပြီး ဂရုတစိုက်ကျင့်သုံးပုံကလည်း ကြည်ညို လေးစားစရာ၊ အတုယူအားကျစရာ ကောင်းလှပါတယ်။

တစ်နေ့တော့ သူဌေးကြီးဟာ သူပိုင်လယ်ကဲကိုသွားပြီး သလေးစပါးစိုက်ခင်းရဲ့ အခြေအနေကို သွားကြည့်ပါတယ်။ အိမ်အပြန်မှာ ကောက်နှံပန်းလေး ပန်မယ်ဆိုပြီး သလေးနှံတစ်ဆုပ် ချိုးယူခဲ့ပါတယ်။

ကိုယ့်လယ်ကထွက်တဲ့ သလေးနှံနဲ့ ဆံကေသာမှာ ကောက်နှံပန်းပန်ပြီး ပျော်ရွှင်စွာ အိမ်ပြန်လာတဲ့ သူဌေးကြီးဟာ သလေးနှံကို သေချာကြည့်လိုက်လို့ စပါးသီးတွေမှာ ဆန်အနှစ်တည်ပြီး အဖုံးအလုံးဖြစ်နေတာလည်းတွေ့ရော၊ အကြီးအကျယ် စိတ်ထိခိုက်သွားပါတယ်။

"သလေးနှံတွေမှာ အနှစ်အဆန် စတည်နေမှန်းသိရင် ငါမချိုးခဲ့ပါဘူး၊ စပါးသီးတွေ အနှစ်တည်ပြီး အဖုံးအလုံးဖြစ်နေတာကို အသေ

အချာမစစ်ဆေးဘဲ ချိုးယူလာခဲ့တာ ငါ့အမှားပဲ။

"တကယ်ဆို ဒီလယ်ကထွက်တဲ့ စပါးတွေထဲက ခွဲတမ်းတချို့ကို မင်းပစ္စည်း၊ မင်းဘဏ္ဍာအဖြစ် ငါအရင်ပေးရဦးမှာ၊ မင်းကိုပေးရမယ့် ခွဲတမ်း မပေးရသေးဘဲနဲ့ ဒီလယ်ထဲက သလေးနှံတစ်ဆုပ်ကို ငါယူခဲ့မိပြီ။

" ဘုရား...ဘုရား...၊ ဒီလိုဆို ငါ မင်းပစ္စည်း၊ မင်းဘဏ္ဍာ၊ တိုင်းပြည်ပစ္စည်း၊ တိုင်းပြည်ဘဏ္ဍာ ခိုးယူမိသလို ဖြစ်သွားပြီပေါ့။ မင်းကို အခွန်မဆက်ရသေးခင် သလေးနှံတစ်ဆုပ် ချိုးယူမိတဲ့အတွက် ငါတော့ အဒိန္နာဒါနကံ ထိုက်ပြီထင်ပါရဲ့။"

သူဌေးကြီးဟာ ကောက်နှံပန်းပန်ဖို့ သူပိုင်လယ်ထဲက သလေးနှံတစ်ဆုပ် ချိုးယူခဲ့မိတာကို အကြောင်းပြုပြီး သူ့ရဲ့ငါးပါးသီလအပေါ် စိတ်မသန့်ဘဲ သံသယဖြစ်နေပါတယ်။

တကယ်တော့ ကိုယ်ပိုင်လယ်ထဲကပစ္စည်း ကိုယ်ယူတာပဲ၊ မင်းအတွက်ပေးရမယ့် အခွန်ဘဏ္ဍာခွဲတမ်းထဲက မင်းမသိအောင်ယူတာမှ မဟုတ်ဘဲ၊ မင်းပစ္စည်း မင်းအခွန်ကို ရှောင်လွှဲမှာမှုလဲ မဟုတ်ဘဲ၊ ကံမထိုက်ပါဘူး။ ပြောပြစရာအပြစ်ဆိုလို့ အပြစ်မဟုတ်တဲ့ ဒါလေးပဲရှိတဲ့ သူဌေးကြီးရဲ့ငါးပါးသီလကိုမှ ဂရုဓမ္မလို့မပြောရင် ဘယ်သူ့ငါးပါးသီလကို ဂရုဓမ္မလို့ ပြောဦးမှာလဲ။

ကုရုတိုင်းက တင်းခြင်အမတ် (စပါးဒိုင်အမတ်) ငါးပါးသီလကို အလေးအနက် အထွတ်အမြတ်ထားပြီး ဂရုတစိုက်ကျင့်သုံးပုံကလည်း ကြည်ညိုလေးစားစရာ၊ အတုယူအားစရာ ကောင်းလှပါတယ်။

တစ်နေ့တော့ တင်းခြင်အမတ်ဟာ စပါးကျီတစ်ခုရဲ့တံခါးခုံမှာ

ထိုင်ရင်း ရှင်ဘုရင်အတွက် စပါးခွဲတမ်းတွေ ခြင်တွယ်နေပါတယ်။ မခြင်ရသေးတဲ့ စပါးပုံထဲကနေ ခြင်တောင်းတစ်ခုနဲ့ ခြင်တွယ်ပြီး ရှင်ဘုရင့်အတွက် စပါးပုံတစ်ခု ပြုလုပ်ပါတယ်။ ခြင်ပြီးသားရှင်ဘုရင့် စပါးပုံထဲကို စပါးတောင်း ဘယ်နှတောင်းရောက်သွားပြီဆိုတာ ရေတွက်မှတ်သားနေပါတယ်။

အဲဒီလို စပါးခြင်လို့ကောင်းနေတုန်းမှာ ဖြုန်းခနဲဆို မိုးက ရုတ်တရက် ရွာချလိုက်ပါတယ်။ မမျှော်လင့်ဘဲ သည်းကြီးမဲကြီး ရွာချလိုက်တဲ့မိုးကြောင့် တင်းခြင်အမတ်လည်း ကမန်းကတန်းနဲ့ ခြင်လက်စ စပါးတောင်းထဲကစပါးတွေကို ခြင်ပြီးသား ရှင်ဘုရင့်စပါးပုံထဲ ကပျာကယာ အမြန်လောင်းထည့်ပြီး မိုးခိုဖို့ စပါးကျီထဲ အပြေးအလွှား ဝင်လိုက်ပါတယ်။

စပါးကျီထဲမှာ မိုးခိုရင်း ပြန်စဉ်းစားကြည့်လိုက်တဲ့အခါမှာတော့ ခြင်လက်စ စပါးတောင်းထဲက စပါးတွေကို ဘယ်စပါးပုံထဲ ထည့်လိုက်မိမှန်းမသိတော့ဘဲ ဝေခွဲမရဖြစ်နေပါတယ်။

"သွားပါပြီ....၊ အဲဒါမှ တကယ့်ပြဿနာပဲ၊ ခြင်လက်စ နောက်ဆုံးတောင်းထဲက စပါးတွေ ဘယ်အပုံထဲထည့်လိုက်မိပါလိမ့်၊ ရှင်ဘုရင့်စပါးပုံထဲလား၊ လယ်သမားစပါးပုံထဲလား။

"တကယ်လို့များ ခြင်ပြီးသား ရှင်ဘုရင့်စပါးပုံထဲ ထည့်လိုက်မိရင်တော့ ရှင်ဘုရင့်ရိက္ခာ တိုးအောင်လုပ်ပြီး လယ်သမားစပါး ခိုးရာရောက်တော့မယ်၊ တကယ်လို့ မခြင်ရသေးတဲ့ လယ်သမားစပါးပုံထဲ ပြန်ထည့်လိုက်မိရင်လည်း ရှင်ဘုရင့်ရိက္ခာခိုးပြီး လယ်သမားစပါး

တိုးအောင် လုပ်ပေးရာ ရောက်တော့မယ်။ ငါတော့ အဒိန္နာဒါနကံထိုက်ပြီ ထင်ပါရဲ့။"

တင်းခြင်အမတ်ဟာ ရတ်တရက်မိုးကြိုးရွာချတဲ့အချိန် နောက်ဆုံးစပါးတောင်း ဘယ်စပါးပုံထဲ လောင်းထည့်လိုက်မိမှန်း စဉ်းစားမရတော့တာကို အကြောင်းပြုပြီး သူ့ရဲ့ငါးပါးသီလအပေါ် စိတ်မသန့်ဘဲ သံသယဖြစ်နေပါတယ်။

တကယ်တော့ တစ်ဖက်မှာ စီးပွားတိုးဖို့အတွက် တစ်ဖက်ရဲ့ စီးပွားကို အလကားအချောင်ရလိုစိတ်နဲ့ ယူခဲ့တာမှမဟုတ်တာဘဲ၊ ကံမထိုက်ပါဘူး။ ပြောပြစရာအပြစ်ဆိုလို့ အပြစ်မဟုတ်တဲ့ ဒါလေးပဲရှိတဲ့ တင်းခြင်အမတ် (စပါးဒိုင်အမတ်) ရဲ့ငါးပါးသီလကိုမှ ဂရုဓမ္မလို့မပြောရင် ဘယ်သူ့ငါးပါးသီလကို ဂရုဓမ္မလို့ ပြောဦးမှာလဲ။

## အသေအချာမသိဘဲနဲ့ ဘာလို့များတစ်ဖက်သားကိုစွပ်စွဲချင်ရတာလဲ

ကုရုတိုင်းက တံခါးစောင့် ငါးပါးသီလကို အလေးအနက် အထွတ်အမြတ်ထားပြီး ဂရုတစိုက်ကျင့်သုံးပုံကလည်း ကြည်ညို လေးစားစရာ၊ အတုယူအားကျစရာ ကောင်းလှပါတယ်။

တစ်ခုသောညနေချမ်း မြို့တံခါးပိတ်ချိန်မှာ တံခါးစောင့်က တံခါးပိတ်တော့မယ့်အကြောင်း သုံးကြိမ်ကြွေးကြော်လိုက်ပါတယ်။ အဲဒီအချိန်မှာပဲ မြို့အပြင်ဘက် ခပ်လှမ်းလှမ်းကနေ သူဆင်းရဲတစ် ယောက်နဲ့ မိန်းမပျိုလေးတစ်ယောက် မြို့ထဲဝင်ဖို့ အူယားဖားယား ပြေးလာပါတယ်။

တံခါးစောင့်လည်း နောက်ကျမှ အပေါက်ဝရောက်လာတဲ့ သူတို့နှစ်ယောက်ကို စိတ်ပေါက်ပေါက်နဲ့ ဟောက်ချလိုက်ပါတယ်။

"ဘာလို့ ဒီလောက်တောင် နောက်ကျနေကြရတာလဲ၊ ဒါ မင်းမဲ့တိုင်းပြည် မဟုတ်ဘူး၊ ဒီတိုင်းပြည်မှာ ရှင်ဘုရင်ရှိတယ်၊ ဒီအချိန်

မှာ မြို့တံခါးပိတ်တယ်ဆိုတာ မသိကြဘူးလား၊ ကိုယ့်မယားနဲ့ကိုယ် တောထဲမှာ တစ်နေ့လုံး စည်းမရှိ ကမ်းမရှိ ပျော်ပါးချင်တိုင်း ပျော်ပါး၊ ကဲချင်တိုင်းကဲပြီး အခုမှ ပြန်လာရသလား၊ နောက်ကျတဲ့ ပေါက်ကရတွေ အပေါက်ဝမှာ ကျောက်ချထားလိုက်ရလို့"။ တံခါးစောင့်ရဲ့ စကားအဆုံးမှာ သူဆင်းရဲက အခုလို ပြန်ပြောလိုက်ပါတယ်။

"အို....တံခါးမှူးကြီးခင်ဗျာ၊ ဒါကျွန်တော့်မယားမဟုတ်ပါဘူး၊ ကျွန်တော့်နှမ (ညီမ)ပါ၊ တောထဲသွားတာ ထင်းခွေဖို့သွားတာပါ၊ ကျွန်တော်တို့ မောင်နှမက ဆင်းရဲလွန်းလို့ ထင်းခွေစားရတာပါခင်ဗျာ။"

ထင်းခွေယောကျ်ားဆင်းရဲသားလေးရဲ့ ဖြေရှင်းသံလည်း ကြားရရော၊ တံခါးစောင့်ခမျာ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားပါတယ်။

"အို ...ဘုရား ဘုရား...၊ ငါတော့အမှားကြီး မှားပါပကောလား၊ မယားမဟုတ်တဲ့ နှမအရင်းခေါက်ခေါက်ကို မယားလို့စွပ်စွဲမိပြီ၊ တစ်ဖက်သားအကြောင်း အသေအချာမသိဘဲနဲ့ ရမ်းသမ်းစွပ်စွဲမိတဲ့အတွက် ငါတော့ မုသာဝါဒကံထိုက်ပြီထင်ပါရဲ့"

တံခါးစောင့်ဟာ တံခါးပေါက် အရောက်နောက်ကျတဲ့ မောင်နှမနှစ်ယောက်အပေါ် သားမယားစွပ်စွဲမိတာကို အကြောင်းပြုပြီး သူ့ရဲ့ငါးပါးသီလအပေါ် စိတ်မသန့်ဘဲ သံသယဖြစ်နေပါတယ်။

တကယ်တော့ သူတစ်ပါးအကျိုး ပျက်စီးစေလိုတဲ့စိတ်၊ သူတစ်ပါးဂုဏ်သတင်း ညှိုးနွမ်းစေလိုတဲ့စိတ်နဲ့ တမင်သက်သက် လိမ်ညာဉာဏ်ဆင်ပြီး စွပ်စွဲပုတ်ခတ်တာမှမဟုတ်ဘဲ၊ မဟုတ်မှန်းသိသိကြီး

နဲ့ ကလိန်စေ့ငြမ်းဆင်ပြီး သွားပုပ်လေလွင့် လျှောက်ပြောတာမှ မဟုတ်ဘဲ၊ တကယ်မသိလို့ မှားဆူမှားငေါက်မိတာ၊ ဘာကံမှမထိုက်ပါဘူး။

ပြောပြစရာအပြစ်ဆိုလို့ အပြစ်မဟုတ်တဲ့ ဒါလေးပဲရှိတဲ့ တံခါးစောင့်ရဲ့ ငါးပါးသီလကိုမှ ဂရုမစိုက်လို့ မပြောရင် ဘယ်သူ့ ငါးပါးသီလကို ဂရုမစိုက်လို့ ပြောဦးမှာလဲ။

ကုရုတိုင်းက ပြည့်တန်ဆာမ ငါးပါးသီလကို အလေးအနက် အထွတ်အမြတ်ထားပြီး ဂရုတစိုက်ကျင့်သုံးပုံကလည်း ကြည်ညိုလေးစားစရာ၊ အတုယူအားကျစရာကောင်းလှပါတယ်။

တစ်နေ့တော့ ပြည့်တန်ဆာမဆီကို လုလင်ပျိုတစ်ယောက် ရောက်လာပြီး တစ်နေ့တာပျော်ပါးခ အသပြာတစ်ထောင် ကြိုတင်လာပေးပါတယ်။ တော်ကြာလာခဲ့ပါ့မယ်၊ စောင့်နေပါလို့ ပြောပြီး ထွက်သွားပေမယ့် သုံးနှစ်သာကြာသွားတယ်၊ ကိုယ်တော်ချောက လုံးဝပေါ်မလာပါဘူး။ ငွေတစ်ထောင်ကြိုပေးထားတဲ့ လုလင်ပျိုအပေါ်မှာ ပြုစုလုပ်ကျွေးရမယ့် တာဝန် မကျေသေးတဲ့အတွက် ပြည့်တန်ဆာမဟာ တခြား ဘယ်ယောကျ်ားနဲ့မှ အခကြေးငွေယူပြီး မပျော်ပါးခဲ့ပါဘူး။

တခြားအလုပ်ကလည်း ဘာမှမလုပ်တတ်၊ ငွေကြိုပေးထားသူကလည်း သုံးနှစ်လုံးလုံးပေါ်မလာ၊ နောက်ထပ်အလုပ်အပ်သူတွေကိုလည်း လုံးဝလက်မခံဆိုတော့ ပြည့်တန်ဆာမဟာ တစ်နေ့တခြား လုံးပါးပါးပြီး ဆင်းရဲကြပ်တည်းလာပါတယ်။ ထမင်းတစ်လုပ်စားဖို့တောင် အကြီးအကျယ် အခက်အခဲတွေ့လာပါတယ်။

မတတ်သာတဲ့အဆုံး တရားသူကြီးတွေထံ အကြောင်းအကျိုး

တင်ပြပြီး အဆုံးအဖြတ်ခံလိုက်တော့ တရားသူကြီးတွေက "သုံးနှစ်ကြာ လို့မှ မလာတဲ့ယောကျ်ား တရားမဝင်တော့ပါဘူး၊ တခြားယောကျ်ား တွေဆီ အခကြေးငွေယူပြီး အလုပ်လက်ခံနိုင်ပါတယ်" လို့ အဆုံး အဖြတ်ပေးလိုက်ပါတယ်။

တရားဆုံးဖြတ်ရာအရပ်(တရားရုံး)ကထွက်လာလာချင်းပဲ ယောကျ်ားတစ်ယောက်က တစ်နေ့တာပျော်ပါးဖို့ အသပြာတစ်ထောင် လက်ကမ်းလာပါတယ်။ အဲဒီအသပြာတစ်ထောင်ကို ယူဖို့ ပြည့်တန် ဆာမ လက်ဖြန့်လိုက်တဲ့အချိန်မှာပဲ လွန်ခဲ့တဲ့သုံးနှစ်က အသပြာတစ် ထောင် ကြိုပေးခဲ့တဲ့ လုလင်ပျို ရုတ်တရက်ရောက်လာပါတယ်။

"ဘုရားရေ....သူရောက်လာပြီ၊ ဟို....ဒီကအစ်ကိုကြီး...စိတ် တော့မရှိပါနဲ့ရှင်၊ ကျွန်မ တာဝန်မကျေသေးတဲ့.... သူ ရောက်လာလို့ အစ်ကိုကြီးဆီက ပိုက်ဆံ လက်မခံပါရစေနဲ့ဦး။"

ပြည့်တန်ဆာမဟာ အရင်လူရဲ့အပ်ထည်မပြီးသေးတဲ့အတွက် နောက်လူရဲ့အပ်ထည်ကို လုံးဝငြင်းပယ်လိုက်ပါတယ်။ ငွေယူဖို့ဖြန့် ထားတဲ့ လက်ကိုလည်း ချက်ချင်းဆုပ်ပြီး ပြန်ရုပ်သိမ်းလိုက်ပါတယ်။

တကယ်တော့ လုလင်ပျိုဟာ လူသားအစစ်မဟုတ်ပါဘူး။ နတ်တို့သနင်းသိကြားမင်းကြီးပါ။ ပြည့်တန်ဆာမရဲ့သီလကို စမ်းသပ် ကြည့်ချင်လို့ လုလင်ပျို အယောင်ဆောင်ပြီး ရောက်လာတာပါ။

ပြည့်တန်ဆာမရဲ့ စိတ်ဓာတ်နဲ့ကိုယ်ကျင့်တရားကို မျက်ဝါး ထင်ထင် မြင်လိုက်ရပြီးတာနဲ့ တစ်ပြိုင်နက် တက်သစ်စနေမင်းလို ကိုယ် ရောင်ကိုယ်ဝါတောက်ပစွာနဲ့ ကောင်းကင်းမှာရပ်တည်ပြီး သိကြားမင်း

က မင်းရင်ပြင်မှာ စုရုံးလာတဲ့ မြို့သူ၊ မြို့သားတွေကို ....

"ကိုယ်ကျင့်သီလ စောင့်ထိန်းတဲ့သူဆိုတာ ဒီပြည့်တန်ဆာမလိုမျိုးဖြစ်ရမယ်၊ သူမရဲ့စိတ်ဓာတ်နဲ့လုပ်ရပ်ကို အတုယူပြီး ကိုယ့်ရဲ့ ကိုယ်ကျင့်သီလကို အသန့်စင်ဆုံးဖြစ်အောင် လေးလေးစားစား စောင့်ထိန်းရမယ်" လို့ ဩဝါဒပေးပါတယ်။ ပြည့်တန်ဆာမရဲ့အိမ်ကိုလည်း ရတနာခုနစ်ပါး အပြည့်ဖြည့်ပေးခဲ့ပါတယ်။ "ကုသိုလ်ကောင်းမှုပြုဖို့ မမေ့ပါနဲ့" လို့ ပြည့်တန်ဆာမကို ဆုံးမပြီး သိကြားမင်းလည်း နတ်ပြည်ပြန်ကြွသွားပါတယ်။

သိကြားမင်းက ဘယ်လိုပဲ ချီးကျူးချီးကျူး၊ ပြည့်တန်ဆာမကတော့ ရှေ့လူအပေါ် တာဝန်မကျေသေးဘဲ နောက်လူပေးတဲ့ငွေကို ယူဖို့ လက်ဖြန့်လိုက်မိတာကို အကြောင်းပြုပြီး သူမရဲ့ ငါးပါးသီလအပေါ် စိတ်မသန့်ဘဲ သံသယဖြစ်နေပါတယ်။

"ဘုရားရေ....ငါတော့ ကာမေသုမိစ္ဆာစာရကံထိုက်ပြီထင်ပါရဲ့၊ ငွေပေးထားသူနဲ့ ကိစ္စမပြီးသေးသမျှ သူဟာ ငါ့ရဲ့ ကာမပိုင်လင်ယောကျ်ားပဲ၊ ကာမပိုင်ရှိပါရက်နဲ့ ဟို့လူဆီက ငွေယူဖို့ ငါလက်ဖြန့်လိုက်မိတာ.... ငါတော့ မှားပြီ။"

တကယ်တော့ တရားရုံးက ဥပဒေနဲ့အညီ အဆုံးအဖြတ်ပေးပြီးသားမို့ အလုပ်သစ်ကို လက်ခံလိုက်မိတာပဲ၊ ဖောက်ပြန်ချင်တဲ့ စိတ်မှုမရှိတာ၊ အပြစ်မရှိပါဘူး။ အပြစ်ပြောစရာဆိုလို့ အပြစ်မဟုတ်တဲ့ ဒါလေးပဲရှိတဲ့ ပြည့်တန်ဆာမရဲ့ငါးပါးသီလကိုမှ ဂရုမစိုက်လို့မပြောရင် ဘယ်သူ့ငါးပါးသီလကို ဂရုမစိုက်လို့ ပြောဦးမှာလဲ။

## ကွက်လပ်ကလေးဖြည့်ပေးပါ

အဲဒီတော့ ကိုယ့်ဘဝကိုယ် ပြန်တွေးကြည့်လိုက်တော့ ငါ ဘယ်တုန်းက၊ ငယ်ငယ်တုန်းက ဘာသတ်ဖူးတယ်။ ငါးလေးတွေ ဘယ်လို သတ်ခဲ့ဖူးတယ်။ ဘာလေးတွေဘယ်လို သတ်ခဲ့ဖူးတယ်။ ဘယ်တုန်းက သူများပစ္စည်းလည်း ငါယူခဲ့ဖူးတယ်။ ဘယ်တုန်းက အမေ့ ပစ္စည်း အမေမသိဘဲနဲ့ ငါယူခဲ့ဖူးတယ်။ အဲဒီလိုအားဖြင့် ....

ကိုယ်ငါးပါးသီလ မလုံခဲ့တဲ့ဟာတွေ ပြန်တွေးပြီးတော့ ခုန ဇာတ်တော်ထဲမှာပါသလို သံသယဖြစ်နေဖို့ ဟောတာမဟုတ်ပါဘူး။

ဇာတ်တော်ထဲမှာပါတဲ့သူတွေကလည်း သံသယဖြစ်ပြီး ပူလောင်နေကြတယ်လို့ ဆိုလိုတာမဟုတ်ပါဘူး။ တိုင်းတစ်ပါးက ငါးပါးသီလ လာတောင်းတဲ့အခါမှာ အဖြူစင်ဆုံး၊ အသန့်ရှင်းဆုံးသူအဖြစ်နဲ့ ပေးချင်လို့သာ စကားအရပြောတာနော်။

ကိုယ့်သီလအပေါ် မယုံမကြည်နဲ့ သံသယစိတ်တွေဝင်ပြီး သံ

သယစိတ်တန်းလန်းနဲ့ သေသွားရင် ဘယ်လိုနည်းနဲ့မှ ကောင်းရာသုဂတိ မရောက်နိုင်ပါဘူး။ ဒါဆိုရင် တစ်သက်လုံး စောင့်ထိန်းထားခဲ့ရသမျှ သီလတွေ အလကားဖြစ်သွားမှာပေါ့။ တကယ်တော့ ဒီလိုမဖြစ်သင့်ဘူးလေ။

ဇာတ်တော်မှာပါတဲ့ ပုဂ္ဂိုလ်ဆယ့်တစ်ဦးရဲ့ သံသယအဖြစ်အပျက်တွေက သူတို့တတွေ ငါးပါးသီလကို ဘယ်လောက်ထိ လုံခြုံအောင် စောင့်ထိန်းခဲ့ကြတယ်၊ စောင့်ထိန်းနေကြတယ်ဆိုတာ ပေါ်လွင်ထင်ရှားအောင် ပြောပြထားတာပါ။

ကိုယ်လည်း သူတို့လို နေရာတကာလိုက်ပြီး အသေးအမွှားကအစ သံသယတွေဖြစ် စိတ်ညစ်နေဖို့ နမူနာပြထားတာ မဟုတ်ပါဘူး။ ဒါပေမဲ့ မလွန်ကျူးမိခင်မှာ ဆင်ခြင်စဉ်းစားဖို့၊ ထိန်းသိမ်းစောင့်စည်းဖို့ အတွက်တော့ ကျေးဇူးများပါတယ်။

မပြုခင်မှာ သံသယဖြစ်တာက မပြုဖြစ်ဖို့အတွက် အထောက်အကူပြုနိုင်ပါတယ်။ ပြုပြီးမှ သံသယဖြစ်နောင်တရနေလို့ကတော့ စိတ်ပူလောင်ရုံနဲ့ အကုသိုလ်ဖြစ်ရုံကလွဲပြီး ဘာမှ အကျိုးမရှိပါဘူး။ ဒီလို အဖြစ်မျိုး နောင်မဖြစ်အောင် ရှောင်ကြဉ်မယ်လို့ နှလုံးသွင်းပြီး ပြီးခဲ့တာတွေကို လုံးဝမေ့ပစ်လိုက်တာ အကောင်းဆုံးပါပဲ။

အကုသိုလ်ဆိုတာ ထပ်တိုးအောင်လုပ်ရမယ့်အရာမှ မဟုတ်ဘဲ။ ပယ်ရမယ့်အရာလေ။ အကုသိုလ်မှန်း မသေချာတဲ့အရာဆိုတော့ ပိုပြီးမှတောင် ပယ်ပစ်ရဦးမှာပေါ့။

ပြောပြစရာအပြစ်ဆိုလို့ အပြစ်မဟုတ်တဲ့ ဒါလေးပဲရှိပါတယ်

လို့ ဂုဏ်ယူဝင့်ကြွားစွာ ပြောဆိုဖို့ လိုအပ်လာတဲ့အခါမျိုးမှာတော့ အပြစ်မဟုတ်တာလေးတွေ သတိရချင်ရပေါ့။

အခုနေ တရားနာပရိသတ်များကို မေးမယ် ဆိုပါတော့။ ကိုယ့်ကိုယ်ကို ငါးပါးသီလလုံတဲ့သူလို့ ပြောရဲလားလို့မေးရင် မပြောရဲဘူးလို့ပဲ ပြောကြမှာနော်။ အမှန်ကတော့ ပြောရဲရမှာ။

အခု တရားနာပရိသတ်များ အခုအချိန်မှာ ငါးပါးသီလလုံနေကြလား။ လုံပါတယ်နော်။ ခုနက ရှစ်ပါးသီလတောင် ယူထားတာ။ သုံးပါးတောင် ပိုသေးတယ်နော်။

အဲဒီတော့ ကိုယ့်ကို သူများက ဘယ်အချိန်ပဲမေးမေး ငါးပါးသီလလုံတယ်လို့ အမြဲပြောရဲရမယ်။ သူများမေးမှ မဟုတ်ဘူး။ ကိုယ့်ကိုယ်ကို ပြန်စစ်ဆေးကြည့်ရင်လည်း ငါးပါးသီလလုံတဲ့သူ အမြဲတမ်းဖြစ်နေဖို့ လိုအပ်ပါတယ်။

အဲဒီလို ငါးပါးသီလလုံတဲ့သူ အမြဲတမ်း ဖြစ်နေဖို့အတွက် ....

ဆိုပါတော့....မနက်အိပ်ရာထ မျက်နှာသစ်ပြီးတာနဲ့ ငါးပါးသီလယူ၊ နေ့တိုင်းယူရမှာနော်။ ငါကျိုးမှမကျိုးဘဲဆိုပြီး မယူဘဲမနေရဘူး။ ကျိုးမှ မကျိုးဘဲဆိုတာလည်း မရှိလောက်ပါဘူးလေ။

အဲဒီတော့ မနက်အိပ်ရာထ၊ ငါးပါးသီလယူ ၊ မနက်(၅)နာရီလောက် ယူထားတယ်ဆိုရင် (၆)နာရီလောက်ကျတော့ ပြန်စဉ်းစား၊ မနက်(၅)နာရီတုန်းက ငါ ငါးပါးသီလယူထားတယ်။ အခု(၁)နာရီအတွင်း ငါလုံခြုံရဲ့လား။

ပြန်စဉ်းစားကြည့်လိုက်တော့ ခြင်တစ်ကောင် ရိုက်မိတယ်

ဆိုပါစို့။ ငါတော့ ပါဏာတိပါတ ကျိုးသွားပြီ။ ကျိုးသွားပြီဆိုတာ သိ
တာနဲ့တစ်ပြိုင်နက်တည်း အသစ်ပြန်ဆောက်တည်လိုက်ပေါ့။

ပါဏာတိပါတ သိက္ခာပုဒ် ကျိုးသွားပြီဆိုတော့ ပါဏာတိပါတာ ဝေရာမဏီသိက္ခာပဒံ သမာဒိယာမိ။ ဒီတစ်ခုပဲ ပြန်ဆောက်တည်ပါ။ နောက်(၄)ခုက ပြန်ဆောက်တည်စရာ မလိုပါဘူး။

ငါးပါးသီလက တစ်ပေါင်းတည်း ဆောက်တည်ထားတယ် ဆိုလို့ရှိရင်တော့ တစ်ပါးကျိုးရင် အကုန်လုံးကျိုးတာပါပဲ။ သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကို တပည့်တော် ဆောက်တည်ပါတယ်ဘုရား ဆိုပြီးတော့ အကုန်လုံးပေါင်းပြီးတော့ ဆောက်တည်ထားတယ်ဆိုလို့ရှိရင်တော့ တစ်ခုကျိုးရင် ငါးခုလုံးကျိုးပါတယ်။

ပါဏာတိပါတာ... အဒိန္နာဒါနာ... စသည်အားဖြင့် တစ်ခုချင်း ခွဲပြီး ဆောက်တည်ထားရင်တော့ တစ်ခုကျိုးရင် အဲဒီ တစ်ခုပဲကျိုးပါတယ်။ ကျန်တဲ့(၄)ခုမကျိုးပါဘူး။

အဲဒီတော့ ခြင်တစ်ကောင်ရိုက်လိုက်မိလို့ ငါးပါးသီလ ကျိုးသွားတယ်ဆိုရင် ပါဏာတိပါတသိက္ခာပုဒ် တစ်ခါပြန်ဆောက်တည်၊ သီလတစ်ခုထပ်ဖြည့်၊ အဲဒါဆိုရင် နောက်ထပ် ခြင်တစ်ကောင် ထပ်မရိုက်မချင်းတော့ ငါးပါးသီလလုံတဲ့သူ ဖြစ်နေတော့မှာပဲနော်။

နောက်ထပ်ခြင်တစ်ကောင် ထပ်ရိုက်ရင်တော့ ကျိုးသွားပြန်ပြီပေါ့။ နောက်ထပ်တစ်ကောင် ထပ်ရိုက်ပြီးပြီဆိုရင်လည်း ပြန်ဆောက်တည်ပေါ့။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

တစ်ကောင်ရိုက်ပြီးတိုင်း တစ်ခါပြန်ဆောက်တည်၊ အဲဒါဆို ဆောက်တည်ပြီးတိုင်း နောက်ထပ်တစ်ကောင် မရိုက်မချင်းဟာ ပါဏာတိပါတ လုံတဲ့သူ ဖြစ်သွားတာပါပဲ။ အဲဒီတော့ ဒါဟာ သီလာနုဿတိလည်း ဖြစ်သွားပါတယ်။ ကိုယ့်သီလကိုယ် အမြဲတမ်းဆင်ခြင်နေတာဟာ ဘာဝနာတစ်မျိုးပါပဲ။

အဲဒီတော့ ရိုက်လိုက်၊ ဆောက်တည်လိုက်၊ ရိုက်လိုက်၊ ဆောက်တည်လိုက် လုပ်ပါများတော့ ကြာတော့ မရိုက်ချင်တော့ဘူး။

ခြင်တစ်ကောင်ကိုက်လာလို့ ရိုက်တော့မယ်ကြံတာနဲ့ သတိက အလိုလို ဝင်လာပြီ။ အို...ခြင်ရိုက်တာ ပါဏာတိပါတ ဖြစ်မှန်းသိရက်နဲ့ ဘာလို့ရိုက်ချင်နေရတာလဲ။ ရိုက်ပြီးရင် ပြန်ဆောက်တည်ရဦးမယ်။ မရှက်ဘူးလားဆိုပြီး ကိုယ့်ကိုယ်ကိုရှက်စိတ်ဝင်လာပါတယ်။

သီလရဲ့နီးကပ်သော အကြောင်းတရားဆိုတာ ဟိရိဩတ္တပ္ပပါပဲ။ ဟိရိဩတ္တပ္ပလို့ခေါ်တဲ့ အရှက်အကြောက် ရှိမှသာ သီလလုံခြုံနိုင်ပါတယ်။ အရှက်မရှိ အကြောက်မရှိလို့ လူတွေ သီလဖောက်ပြန်နေကြတာပါ။

အဲဒီတော့ ရိုက်လိုက်၊ ဆောက်တည်လိုက်ဆိုတော့ ကိုယ့်ကိုယ်ကို ရှက်စရာကြီး ဖြစ်သွားတာ။ တရားနာပရိသတ်များလည်း အခုနာကြားခါစတော့ ရီ (ရယ်) စရာကြီး ဖြစ်နေတာပေါ့နော်။ ကိုယ့်ဘာသာကိုယ် ရိုက်လိုက် ဆောက်တည်လိုက်၊ ရိုက်လိုက် ဆောက်တည်လိုက်လုပ်ရင် ကြာတော့ မရိုက်ဖြစ်တော့ပါဘူး။ အဲဒီလိုနဲ့ပဲ ငါးပါးသီလ တကယ်လုံတဲ့သူ ဖြစ်သွားတာပါပဲ။

ဒါကြောင့် ငါးပါးသီလ အမြဲတမ်းလုံတဲ့သူဖြစ်အောင် သတိရ တိုင်း သတိရတိုင်း ကိုယ့်သီလကိုယ် ပြန်စစ်ပြန်စစ်ပြီးတော့ ကျိုးနေ တာတွေ့ရင် ပြန်ဆောက်တည်၊ အဲဒီလို ပြုပြင်ပါ။

အခုလာခဲ့တဲ့လမ်းလိုပေါ့လေ။ လမ်းမှာ ချိုင့်တွေ၊ ကျင်းတွေ၊ ခွက်တွေ ဖြစ်နေတယ်။ ချိုင့်တဲ့နေရာမှာ ကျောက်တုံး၊ ကျောက်ခဲတွေ ထပ်ဖြည့်မယ်၊ ကတ္တရာတွေထပ်ဖြည့်မယ်။ အဲဒီလိုဆို ချိုင့်တွေကျင်း တွေ ဖြစ်နေပါဦးမလား။ မဖြစ်တော့ဘူးနော်။ လမ်းညီညာသွားတယ်။

ချိုင့်ဖြစ်လိုက်၊ ဖြစ်တဲ့နေရာပြန်ဖြည့်လိုက်၊ ချောက်ကြီးတွေဖြစ် လိုက်၊ ဖြစ်တဲ့နေရာပြန်ဖြည့်လိုက်နဲ့ ဟာတိုင်း ဟာတိုင်း ပြန်ပြန်ပြီးတော့ ဖြည့်နေမယ်ဆိုရင် ညီညာတဲ့လမ်းမှာ ချိုင့်၊ ကျင်း၊ ချောက်ဆိုတဲ့ကွက် လပ် ဖြစ်မနေတော့ဘူးပေါ့။

ဒါ့ကြောင့် တရားနာပရိသတ်များကို ပြောချင်တာက ကွက် လပ်ကလေး ဖြည့်ပေးပါလို့။ ဒါလေးပြောချင်တာနော်။

သီလတစ်ခု ကွက်လပ်ဖြစ်သွားတိုင်း ဖြစ်သွားတိုင်း ကွက်လပ် ကလေးကို ပြန်ပြီးတော့ ဖြည့်ပေးကြပါ။ သိက္ခာပုဒ်တစ်ခု ကျိုးတိုင်း ကျိုးတိုင်း အသစ်ပြန်ဆောက်တည်ပါ။ ဒါဆိုရင် ငါးပါးသီလလုံတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်သွားကြပါလိမ့်မယ်။

ဒါကြောင့် ငါးပါးသီလ ဆိုတာ နိစ္စသီလပါ။ ရှေ့မှောက်မှာပဲ ဖြစ်ဖြစ်၊ ကွယ်ရာမှာပဲဖြစ်ဖြစ် လုံခြုံအောင်စောင့်ထိန်းရတဲ့ သီလမို့လို့ ငါးပါးသီလကို နိစ္စသီလလို့ခေါ်ပါတယ်။

လူရှေ့သူရှေ့မှာ သီလလုံခြုံရုံနဲ့ သီလလုံသူ၊ သီလရှိသူလို့

မခေါ်နိုင်သေးဘူး။ ကွယ်ရာမှာလည်း လုံခြုံမှ သီလလုံသူ၊ သီလရှိသူလို့ ခေါ်နိုင်တယ်။

လူရှေ့သူရှေ့မှာ သီလရှိရုံလေးနဲ့ သီလရဲ့အကျိုးတရားတွေ မခံစားရသေးဘူး။ ကွယ်ရာမှာလည်း သီလရှိမှ သီလရဲ့အကျိုးတရားတွေ ခံစားရတာ။

ကံတွေရဲ့အကျိုးတရားဆိုတာ သူများမြင်မှ၊ လူမြင်မှ အကျိုးပေးတာ မဟုတ်ဘူးနော်။ သူများမြင်မြင်၊ မမြင်မြင် မကောင်းတဲ့အလုပ်ကလည်း မကောင်းတဲ့အကျိုး ပေးမှာပဲ၊ ကောင်းတဲ့အလုပ်ကလည်း ကောင်းတဲ့အကျိုး ပေးမှာပဲ။

ကောင်းတာလုပ်လည်း လူသိအောင် ကြွားနေစရာမလိုဘူး။ ကိုယ်လုပ်တာ ကိုယ်သိဖို့ပဲ အရေးကြီးတယ်။ မကောင်းတာတွေ ရှောင်တာကိုလည်း သူများ သိစရာမလိုဘူး။ ကိုယ်ကိုယ်တိုင် သိဖို့သာ အရေးကြီးပါတယ်။ ကိုယ့်အလုပ် ကိုယ်သိဖို့ အဓိကပါပဲ။

တကယ်တော့ သီလချိုးဖောက်ဖို့၊ မကောင်းမှုပြုဖို့အတွက် ဆိတ်ကွယ်ရာအရပ်ဆိုတာလည်း မရှိပါဘူး။

## ဘာပဲလုပ်လုပ်ဆိတ်ကွယ်ရာမရှိ

ကိုယ်ကျင့်သီလနဲ့ ပြည့်စုံလိုသူများ လိုက်နာရမယ့် ကိုယ်ကျင့်သီလ ပြည့်စုံခြင်းရဲ့အကြောင်းတရားတစ်ခုကတော့ "လောကမှာ မကောင်းမှုပြုဖို့အတွက် ဆိတ်ကွယ်ရာအရပ်မရှိဘူး"လို့ နှလုံးသွင်းထားလိုက်ခြင်းပါပဲ။

လောကမှာ မကောင်းမှုပြုဖို့အတွက် ဆိတ်ကွယ်ရာအရပ် ဆိုတာ မရှိပါဘူး။ ဘာလို့လဲဆိုတော့ သတ္တဝါတွေ ဆိတ်သုဉ်းနေတဲ့နေရာဆိုတာ တစ်နေရာမှ မရှိလို့ပါပဲ။

ဆိုပါတော့၊ အိမ်တစ်အိမ်မှာ ကိုယ်တစ်ယောက်တည်းရှိတာယ်ဆိုပေမယ့် လူအနေနဲ့သာ ကိုယ့်တစ်ယောက်တည်းရှိတာ၊ ပတ်ဝန်းကျင်မှာ လူမရှိပေမယ့် နတ်ကတော့ ရှိတာပဲ။

တောထဲတောင်ထဲ တစ်ယောက်တည်းနေတယ်ဆိုရင်လည်း ကိုယ့်ပတ်ဝန်းကျင်မှာ ဘယ်သူမှမရှိဘူးလို့ ကိုယ်က ထင်ပေမယ့် လူသာ

မရှိဘာ၊ နတ်တွေကတော့ ရှိပါတယ်။ ကိုယ်ဘာပဲလုပ်လုပ်၊ လူမမြင်ပေမယ့် နတ်မြင်ပါတယ်။

ဒါကြောင့် အဲဒီလိုမကောင်းမှုပြုဖို့အတွက် ဆိတ်ကွယ်ရာအရပ်မရှိဘူးဆိုတာကို သဘောပေါက် လက်ခံထားမယ်ဆိုလို့ရှိရင် သီလလုံခြုံတဲ့ပုဂ္ဂိုလ် ဖြစ်လာတော့တာပါပဲ။

ဒါနဲ့ပတ်သက်လို့ ဇာတ်တော်တစ်ခု၊ တရားနာပရိသတ်များအားလုံး သိပြီးသားပါပဲနော်။ မြတ်စွာဘုရားလောင်း တက္ကသိုလ်ပြည်မှာ ပညာသင်စဉ်က တက္ကသိုလ်ဆရာကြီးက သူ့ရဲ့သမီးကို ဘယ်သူနဲ့ ပေးစားရပါ့မလဲဆိုပြီးတော့ သူ့သမီးပေးစားနိုင်ဖို့အတွက် ငါ့ရဲ့သမီးကို လိုချင်တဲ့သူဟာ မိမိရဲ့အိမ်မှာရှိတဲ့ အင်မတန်ကောင်းတဲ့ အဝတ်အထည်တွေကို ဘယ်သူ့မှ အသိမပေးဘဲနဲ့ ယူလာခဲ့ကြပါလို့ ပြောလိုက်တယ်။

အဲဒီလိုပြောတော့ ကျန်တဲ့သူတွေကတော့ အိမ်မှာရှိတဲ့အဝတ်အထည်၊ အကောင်းဆုံးအဝတ်အထည်တွေကို အိမ်မှာရှိတဲ့ မိသားစုကို အသိမပေးဘဲနဲ့ ခိုးယူလာကြတယ်။ ဘုရားအလောင်း ကျောင်းသားကတော့ ယူမလာဘူး။

ဘာကြောင့် ယူမလာသလဲဆိုတော့ လောကမှာ မကောင်းမှုပြုဖို့အတွက် ဆိတ်ကွယ်ရာအရပ် ဆိုတာမရှိဘူးဆိုတာ သဘောပေါက်ထားလို့ပဲ။ လူမရှိပေမယ့် နတ်ရှိတယ်၊ လူမမြင်ပေမယ့် နတ်မြင်တယ်ဆိုတာကို သဘောပေါက်နားလည်လို့ ယူမလာခြင်းပဲဖြစ်ပါတယ်။

အဲဒီတော့ တက္ကသိုလ်ဆရာကြီးကလည်း သီလကိုစမ်းချင်လို့

သာ ခိုင်းလိုက်တာဖြစ်တော့ ဘာပစ္စည်းမှ အိမ်သူအိမ်သား မသိအောင် ယူမလာခဲ့တဲ့ ဘုရားအလောင်းကိုပဲ သူ့သမီးနဲ့ ပေးစားလိုက်ပါတယ်။ သီလရှိမရှိ စမ်းချင်လို့ ခိုင်းတာပါနော်။

ဒါ့ကြောင့် မကောင်းမှုပြုဖို့အတွက် ဆိတ်ကွယ်ရာအရပ်ဆိုတာ မရှိဘူးဆိုတာ နှလုံးသွင်းထားရင်လည်း သီလလုံသူတစ်ယောက်ဖြစ်လာနိုင်ပါတယ်။

ကိုယ်ကျင့်သီလ ဖြူစင်သူတစ်ယောက်ဖြစ်ဖို့အတွက် လိုအပ်တဲ့ နောက်အချက်တစ်ခုကတော့ လောကီအာရုံ ကာမဂုဏ်ချမ်းသာတွေရဲ့အပေါ်မှာ အပြစ်မြင်တဲ့စိတ်ကလေး ထားရှိနိုင်ခြင်းပါပဲ။

သီလတွေဖျက်ကြတယ်၊ ဖျက်ကြတယ်ဆိုတာ ကာမဂုဏ်အာရုံတွေအပေါ်မှာ မက်မက်မောမော၊ တွယ်တွယ်တာတာနဲ့ စွဲလမ်းနေကြလို့ဖျက်တာပါ။

ဟင်းကောင်းကောင်းစားချင်တယ်။ ဟင်းကောင်းကောင်းတည်းဟူသော ကာမဂုဏ်အာရုံပေါ်မှာ တပ်မက်တဲ့စိတ်ကြောင့် ဟင်းကောင်းကောင်းစားရရင်ပြီးရော၊ ကိုယ်ကျင့်သီလဖျက်ရရင် ဖျက်ရပါစေဆိုပြီးတော့ ကိုယ်ကျင့်သီလ ဖျက်ကြတာပါ။

တိုက်အိမ်ကောင်းကောင်းလေးနဲ့ နေချင်တယ်။ အိမ်ကောင်းကောင်းတည်းဟူသော ကာမဂုဏ်အာရုံပေါ်မှာ တပ်မက်တဲ့စိတ်ကြောင့် အိမ်ကောင်းကောင်းလေးနဲ့ နေရရင် ပြီးရော၊ ကိုယ်ကျင့်သီလဖျက်ရရင် ဖျက်ရပါစေ ဆိုပြီးတော့ ကိုယ်ကျင့်သီလကို ဖျက်ပါတယ်။

ကာမဂုဏ်အာရုံတွေကို တွယ်တာတပ်မက်တဲ့စိတ်၊ လိုချင်စွဲ

လမ်းတဲ့စိတ်ကြောင့် ကိုယ်ကျင့်သီလတွေ ပျက်စီးရခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ကာမဂုဏ်အာရုံတွေကို အပြစ်မြင်တတ်ဖို့ လိုပါတယ်။ အဲဒီလို အပြစ်မြင်ဖို့အတွက်လည်း တရားအစပိုင်းမှာ ဟောခဲ့တဲ့ ဇာတ်တော်လေးကို ပြန်ဆက်ရအောင်။

ဘုရားလောင်း ပုရောဟိတ်ပုဏ္ဏားက ကိုယ်ကျင့်သီလသည်သာ လောကမှာအကောင်းဆုံးတရားဆိုတာသိတော့ တောထွက်လာခဲ့တယ်။ တောထွက်ဖို့ အိမ်ကနေ ထွက်လာတော့ မြို့ထဲ တစ်နေရာ ရောက်တဲ့အခါမှာ အမဲသားဈေးထဲက အမဲသားတစ်လေးတစ်ခု၊ အသားတစ်လေးတစ်ခုကို စွန်တစ်ကောင်က ချီသွားတာ တွေ့လိုက်ရတယ်။ စွန်တစ်ကောင်က အသားတုံးချီသွားတယ်။ အသားတုံးချီသွားတဲ့ စွန်ရဲ့နောက်ကို တခြားစွန်တွေက လိုက်ကြတယ်။

နောက်ကနေလိုက်တာ ရိုးရိုးမလိုက်ဘူး။ တောင်ပံနဲ့ရိုက်တယ်။ နှုတ်သီးနဲ့ထိုးတယ်။ လက်နဲ့ကုတ်တယ်။ အသားတုံးချီထားတဲ့စွန်ကို တခြားစွန်တွေက ဝိုင်းဝန်းပြီးတော့ ညှဉ်းပန်းနှိပ်စက်ကြတယ်။

မခံမရပ်နိုင်ဖြစ်တော့ အဲဒီစွန်ကလည်း အသားတုံးကို လွှတ်ချလိုက်တယ်။ နောက်စွန်တစ်ကောင်က ချီလိုက်တယ်။ အဲဒီချီတဲ့စွန်ကိုလည်း တခြားစွန်တွေက တောင်ပံနဲ့ရိုက်၊ နှုတ်သီးနဲ့ထိုး၊ လက်သည်းနဲ့ကုတ်ကြပြန်တယ်။ မခံနိုင်တော့ လွှတ်လိုက်၊ နောက်တစ်ကောင်က ယူ၊ ယူတဲ့ကောင်ကို လိုက်နှိပ်စက်၊ အဲဒီလိုနဲ့ပဲ အသားတစ်ကို ယူတိုင်း၊ ယူတိုင်းသောစွန်ကို တခြားတခြားသောစွန်များက ဝိုင်းဝန်းထိုးဆိတ်နှိပ်စက်ကြပါတယ်။

ဒါကိုမြင်ရတော့ ဘုရားလောင်းပုရောဟိတ်ပုဏ္ဏားက " ခြော်လောကီအာရုံ ကာမဂုဏ်ချမ်းသာတွေဆိုတာ ယူတဲ့သူအတွက် ဆင်းရဲတယ်။ စွန့်တဲ့သူအတွက် ချမ်းသာတယ်။" အဲဒီလိုမွှသံဝေဂလေးပွားတော်မူလိုက်ပါတယ်။

ဒါလေးကို နမူနာယူပြီးတော့ လောကီအာရုံ ကာမဂုဏ်ချမ်းသာတွေဆိုတာ စွန်ရဲ့လက်ထဲက အသားတစ်နဲ့တူတယ်လို့ နာနာလေးနှလုံးသွင်းရမယ်။

ကာမဂုဏ်ဆိုတာဘာလဲမေးရင် လိုချင်စရာ ကောင်းတာကိုကာမဂုဏ်လို့ခေါ်တာပဲ။ လိုချင်စရာကောင်းတာ ကာမဂုဏ်ဆိုတော့သူကလည်း လိုချင်၊ ကိုယ်ကလည်း လိုချင်၊ ဟိုလူကလည်း လိုချင်၊ ဒီလူကလည်း လိုချင်၊ အားလုံးက လိုချင်ကြတယ်။ အားလုံးက လိုချင်ကြတော့ နှိပ်စက်ကြတော့တာပေါ့။

ရာထူးလေးတစ်ခု ရှိတယ်ဆိုရင် ဟိုလူကလည်း ဒီရာထူးလေးလိုချင်၊ ဒီလူကလည်း ဒီရာထူးလေးလိုချင်ဆိုတော့ ဒီရာထူးကို ရဖို့အလားအလာရှိတဲ့သူတွေကို လိုက်ပြီးတော့ တိုက်ခိုက်၊ ဖယ်ရှား၊ အတင်းတွေပြော၊ ကုန်းတွေတိုက်၊ မလုပ်သင့်မလုပ်ထိုက်တာတွေလုပ်နဲ့၊ ဒီလိုဖြစ်ကြတာ။ ဒါဘာကြောင့်လဲဆိုရင် ကာမဂုဏ်ဆိုတာ အသားတစ်နဲ့ တူလို့ပေါ့။ သူလည်းလိုချင်၊ ကိုယ်လည်းလိုချင်လို့ပေါ့။

ဒါကြောင့် လိုချင်သူတွေ ဝိုင်းဝိုင်းလည်နေတဲ့ ကာမဂုဏ်ကိုကိုယ်က စွဲလမ်းတပ်မက်နေမယ်ဆိုရင် ကိုယ်ပဲ ဒုက္ခရောက်မယ်။ ကိုယ်က ကိုယ်ကျင့်သီလတွေဖျက်ပြီးတော့ ကာမဂုဏ်တွေ ရှာထားတယ်။

ဆိုပါတော့၊ ဟင်းကောင်းကောင်းလေးစားချင်တော့ မကြာခဏ သို့မဟုတ် နေ့တိုင်းလိုလို ဟင်းကောင်းကောင်းလေး ချက်နိုင်ဖို့အတွက် ကိုယ်ကျင့်သီလတွေဖျက်ပြီးတော့ စီးပွားရှာထားတယ် ဆိုပါစို့။

ကိုယ်ကျင့်သီလဖျက်ပြီးတော့ ရှာထားတဲ့ ဟင်းကောင်းကောင်းစားကြတော့ ကိုယ်တစ်ယောက်တည်းစားရတာမဟုတ်ပါဘူး။ အိမ်သူသက်ထား ဇနီးမယားကလည်း စားတာပဲ။ သားတွေကလည်း စားတာပဲ။ သမီးတွေကလည်း စားတာပဲ။ အိမ်မှာကိုယ့်ကို မှီခိုနေတဲ့သူတွေကလည်း စားတာပဲ။

စားတော့ ကိုယ်တစ်ယောက်တည်းဟုတ်ရဲ့လား။ မဟုတ်ပါဘူး။ ဝိုင်းပြီးတော့ စားကြတာနော်။ ဒါပေမဲ့ ခံရတော့ ကိုယ်တစ်ယောက်တည်း ခံရမှာပါ။ ကိုယ်ရှာထားတာ သီလကိုဖျက်ပြီးတော့ ရှာထားတော့ စားတဲ့ အချိန်မှာ အားလုံးက ပြုံးပြုံးပျော်ပျော်စားကြပေမယ့် တမလွန်မှာ ဆင်းရဲဒုက္ခခံရတော့ ကိုယ်တစ်ယောက်တည်း ခံရတာပါ။

တမလွန်ဆိုတာ အသာထားပေါ့လေ။ ရာဇဝတ်သား မကင်းတဲ့ အလုပ်နဲ့ မတော်မတရား စီးပွားရှာထားလို့ သက်ဆိုင်ရာကဖမ်းဆီးတဲ့အတွက် မိသွားပြီ၊ ထောင်ထဲဝင်ရပြီဆိုတော့ တစ်မိသားစုလုံး ဝင်ရတာ ဟုတ်ရဲ့လား။ မဟုတ်ပါဘူးနော်။ ကိုယ်ကျင့်သီလဖောက်ဖျက်တဲ့၊ ရာဇဝတ်သားသင့်တဲ့ ကိုယ်တစ်ယောက်တည်းပဲထောင်ထဲဝင်ရတာပါ။

စားတော့အများ၊ ခံရတော့ ကိုယ့်တစ်ယောက်တည်း။

အဲဒီတော့ ကိုယ့်တစ်ယောက်တည်း ခံရမယ့်ကိစ္စ၊ ဘာလို့ ဒီကာမဂုဏ်အာရုံတွေကို သီလဖျက်ပြီးတော့ ရှာမလဲ ၊ ဒီလိုနှလုံးသွင်း

ရမယ်နော်။

မြတ်စွာဘုရားလက်ထက်တုန်းက ရာဇဂြိုဟ်မြို့မှာ အလေးမမှန်၊ တောင်းမမှန်စတဲ့ မတရားနည်းလမ်းနဲ့ ရောင်းဝယ်ဖောက်ကားစီးပွားရှာကြတဲ့ အမျိုးသမီးလေးယောက် ရှိတယ်။ သူတို့သေတော့ မြို့အပြင်ဘက်က ကျုံးဘောင်းမှာ ပြိတ္တာမတွေ ဖြစ်နေကြတယ်။

တစ်ညတော့ လူ့ဘဝက သူတို့ခင်ပွန်းဟောင်းတွေ နောက်အိမ်ထောင်သည်တွေနဲ့ သူတို့ရှာဖွေစုဆောင်းခဲ့တဲ့ စည်းစိမ်ချမ်းသာတွေခံစားပြီး ပျော်ရွှင်မြူးထူးနေကြတာရယ်၊ သူတို့မှာတော့ စားရမဲ့၊ နေရမဲ့ ဖြစ်ပြီး ဆင်းရဲဒုက္ခရောက်နေကြရတာရယ်ကို တွေးမိပြီး အော်ဟစ်ငိုကြွေးကြတယ်။

"ငါတို့ကတော့ တရားတဲ့နည်းနဲ့ရော၊ မတရားတဲ့နည်းနဲ့ရော စီးပွားဥစ္စာတွေ အပင်တပန်း ရှာဖွေစုဆောင်းခဲ့လိုက်ရတာ၊ တကယ်ခံစားရတော့ သူတို့ယောကျ်ားတွေနဲ့ သူတို့နောက်မိန်းမတွေ၊ ငါတို့မှာဘာမှမခံစားရတဲ့အပြင် အကုသိုလ်အကြွေးတွေကို ဒုက္ခအတိုးနဲ့ ဆပ်နေရပြီ၊ စားစရာမရှိ၊ နေစရာမရှိနဲ့ အတိဒုက္ခရောက်နေကြရပြီ" လို့ ပြိတ္တာမတွေက အော်ဟစ်ငိုကြွေးကြပါတယ်။

ဒါ့ကြောင့် ကာမဂုဏ်အာရုံတွေအားလုံးကို စွန့်ပြီးတော့ တောမထွက်၊ ရဟန်းမပြုနိုင်တောင်မှ သီလကိုဖျက်ပြီးမှရမယ့် ကာမဂုဏ်၊ သီလနဲ့ရင်းပြီးမှရမယ့် ကာမဂုဏ်မှာ တပ်မက်တဲ့တဏှာကိုတော့ စွန့်ပါ။ သီလနဲ့ရင်းမှရမယ့် ကာမဂုဏ်ကိုတော့ မတပ်မက်ပါနဲ့၊ အပြစ်မြင်ပါလို့ ဒါလေး ပြောချင်တာပါပဲ။

## အာသာနဲ့ချမ်းသာ၊ ဘယ်"သာ"ကိုယူမလဲ

ကာမဂုဏ်အာရုံဆိုတာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့လို့ခေါ်တဲ့ အာရုံငါးပါးကို ပြောတာပါပဲ။ အဲဒီ ကာမဂုဏ် အာရုံငါးပါးဆိုတာက စာလိုပြောရင် ဝတ္ထုကာမလို့ခေါ်ပါတယ်။

ဝတ္ထုဆိုတာ တည်ရာ၊ ကာမဂုဏ်အာရုံတွေဟာ လိုချင်နှစ် သက်ခြင်းရဲ့တည်ရာ၊ တပ်မက်ခြင်းရဲ့တည်ရာ၊ ကာမစိတ်ဖြစ်ရခြင်း ရဲ့ တည်ရာဖြစ်လို့ သူ့ကို ဝတ္ထုကာမလို့ခေါ်ပါတယ်။

အဲဒီဝတ္ထုကာမလို့ခေါ်တဲ့ ကာမဂုဏ်အာရုံတွေပေါ်မှာ လိုချင် တပ်မက်တဲ့တဏှာလေးကိုတော့ ကိလေသာကာမလို့ ခေါ်ပါတယ်။ ကာမနှစ်မျိုးရှိတာလေး မှတ်ခဲ့နော်။

ဦးဇင်းတို့က ပါဠိတွေကို နည်းနိုင်သမျှနည်းအောင် လုပ်ပြီး ဟောနေတာပါ၊ ဗမာလိုစကားပြေနဲ့ပဲ ဟောနေတာပါ။ သို့သော် ဒီလို လုံးကောက်ကလေးတွေကျတော့ မှတ်ထားသင့်ပါတယ်။ ပါဠိကိုသိပ်ပြီး

တော့ မကြောက်သင့်ဘူးနော်။

အဲဒီတော့ ကာမ(၂)မျိုးရှိတာယ်။ ပြန်ပြောကြည့်။ နံပါတ်(၁)က ဝတ္ထုကာမ၊ နံပါတ်(၂)က ကိလေသာကာမ။

တပ်မက်စရာအာရုံတွေက ဝတ္ထုကာမ၊ အဲဒီတပ်မက်စရာ အာရုံတွေပေါ်မှာ တပ်မက်တဲ့ တဏှာကတော့ ကိလေသာကာမ။

အဲဒီတော့ ဝတ္ထုကာမကိုချည်း အပြစ်မြင်ရုံနဲ့ မဖြစ်သေးဘူး။ ကိလေသာကာမကိုလည်း အပြစ်မြင်ရမယ်။

ဝတ္ထုကာမက သူ့ဟာသူရှိနေတော့ ကိုယ်က မတပ်မက်ရင် ကိုယ့်ကိုတာမှဒုက္ခမပေးပါဘူး၊ ဆိုပါတော့ ထမင်းစားတယ်ဆိုပါတော့၊ ကိုယ်စားနေတဲ့ ထမင်းဟင်းတွေကလည်း တကယ်တော့ ဝတ္ထုကာမ တွေပါပဲနော်၊ အဲဒါကို သာယာတပ်မက်တဲ့စိတ်နဲ့ စားရင် ကာမဂုဏ် အာရုံခံစားတာပဲပေါ့၊ ကာမဂုဏ်အာရုံ ခံစားတဲ့တဏှာ ဖြစ်မှာပဲ။

ဒါပေမဲ့ ဒီထမင်းပဲ ဒီဟင်းပဲ တရားအမှတ်ကလေးနဲ့စားမယ်။ သတိလေးနဲ့စားမယ်၊ ဝိပဿနာဉာဏ်လေးနဲ့စားမယ်ဆိုရင် တဏှာ ဖြစ်ပါဦးမလား။ မဖြစ်တော့ပါဘူး။

အဲဒါဆိုရင် ဒီထမင်းကို သူ့အတွက်တော့ ကိလေသာကာမ ဖြစ်စေတဲ့အာရုံလို့ မခေါ်နိုင်တော့ဘူးနော်၊ ဝတ္ထုကာမတော့ ဝတ္ထုကာမပဲ၊ ဒါပေမဲ့ သူ့အတွက်တော့ ကာမအာရုံမဖြစ်တော့ဘဲနဲ့ တရားအာရုံဖြစ် သွားပါတယ်။

တရားအာရုံရယ်လို့ လောကမှာ သီးသန့်ကြီးမရှိဘူးနော်၊ လူတွေ ကာမဂုဏ်အာရုံအဖြစ်နဲ့ခံစားနေကြတဲ့ အဆင်း၊ အသံ၊ အနံ့၊

အရသာ၊ အထိအတွေ့ တွေသည်ပင်လျှင် တရားရှုတဲ့ပုဂ္ဂိုလ်အတွက် တော့ တရားအာရုံလို့ ခေါ်ရတာနော်။

အဲဒီတော့ ကာမဂုဏ်အာရုံတွေပေါ်မှာတပ်မက်တဲ့ ဒီကိလေသာကာမဆိုတဲ့ တဏှာစေတ်ကိုလည်းအပြစ်မြင်ဖို့လိုတယ်။ အပြစ်မြင်ဖို့အတွက်လည်း သီးခြား မပြောတော့ပါဘူး။ ဇာတ်တော်လေးကိုပဲ ပြန်ဆက်ကြည့်ပေါ့။

ခုန အသားတုံးချီထားတဲ့ စွန်တစ်ကောင်ကို ဝိုင်းပြီးတော့ ထိုးဆိတ်တာကို သံဝေဂပွားပြီးတော့ ဘုရားအလောင်းတော် ပုရောဟိတ်ပုဏ္ဏားဟာ ဆက်ပြီးတော့ သွားတယ်။ သွားရင်းနဲ့ ရွာတစ်ရွာ ရောက်တော့ ညနေမိုးချုပ်သွားတယ်။ အဲဒီရွာက အိမ်တစ်အိမ်မှာ သူ တည်းခိုပါတယ်။

သူတည်းခိုတဲ့အိမ်မှာ " ပိင်္ဂလာ "လို့အမည်ရှိတဲ့ ကျွန်မတစ်ယောက်၊ အိမ်ဖော်မလေးတစ်ယောက်၊ ညဘက်အိမ်ရှင်တွေ အားလုံး အိပ်သွားတဲ့အချိန်မှာ မအိပ်သေးဘဲနဲ့ အိမ်ရှေ့ကွပ်ပျစ်လေးပေါ်မှာ တစ်စုံတစ်ယောက်ကို ထိုင်စောင့်နေတယ်။ ဘယ်သူ့ကို စောင့်တာလဲ ဆိုတော့ သူ့ရည်းစားကိုပါ။

သူက သူ့ရည်းစားနဲ့ ချိန်းထားတာနော်။ အိမ်ရှင်တွေ မသိအောင်လို့ အိမ်ရှင်တွေအိပ်တဲ့အချိန်ကိုကျော်လွန်ပြီးတော့ ရည်းစားနဲ့ ချိန်းထားတာ။ ချိန်းထားပေမယ့်လည်း သူ့ချစ်သူက ပေါ်မလာဘူး၊ ပေါ်မလာ မျှော်ရသူသာ မောနေရတယ်ဆိုတဲ့ကိန်းပေါ့လေ။ အိပ်လို့ မပျော်ဘူး။

ညဉ့်ဦးယံကုန်သွားလို့လည်းပေါ်မလာ၊ ဒီက အိပ်လို့မပျော်။ သန်းခေါင်ယံကျော်သွားလို့လည်းပေါ်မလာ၊ ဒီက အိပ်လို့မပျော်။ နောက်ဆုံးမိုးသောက်ယံလောက် ရောက်သွားတော့မှ ဪ ဒီအချိန်ထိမှ မလာရင်တော့ သူလာမှာမဟုတ်တော့ပါဘူးလေဆိုပြီးတော့ အဲဒီကျမှ အိမ်ပေါ်တက်ပြီး အိပ်လိုက်တော့မှ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပါသတဲ့။ အဲဒါကို ဘုရားအလောင်းက ကြည့်ပြီးတော့ ...

"ဪ၊ ကာမဂုဏ်အာရုံအပေါ်မှာ တောင့်တတဲ့သဘောဟာ ဆင်းရဲကြောင်းတရားပဲ။ ကာမဂုဏ်အာရုံအပေါ်မှာ တောင့်တခြင်းကင်းတဲ့သဘောဟာ ချမ်းသာကြောင်းတရားပဲ။

"ကြည့်စမ်း၊ ပိင်္ဂလာဆိုတဲ့ကောင်မလေး၊ သူ့ချစ်သူကို မျှော်နေတဲ့စိတ်၊ သူ့ချစ်သူကိုတောင့်တနေတဲ့စိတ်ကြောင့် အိပ်လို့ မပျော်ဘူး။ တစ်ညလုံးအိပ်လို့မပျော်ဘူး။ နောက်ဆုံးတော့ သူ့ချစ်သူ လာမှာ မဟုတ်တော့ပါဘူးဆိုပြီးတော့ အာသာလည်း ဖြတ်လိုက်ရော အိပ်လို့ပျော်သွားတယ်။ ချမ်းချမ်းသာသာ ဖြစ်သွားတယ်။ "

အဲဒီလို ဓမ္မသံဝေဂ ပွားလိုက်ပါတယ်။

ဒီတော့ သာနှစ်သာ လို့ပြောကြစို့ပေါ့။ အာသာနဲ့ချမ်းသာနဲ့။ အာသာဆိုတာကတော့ ပါဠိစကားလုံးပဲ။ သို့သော် မြန်မာစကားအဖြစ်နဲ့ အားလုံး သုံးနေကြတာပါပဲ။

ဒီတော့ အာသာရှိရင် ဘာ 'သာ' မရှိဘူးလဲ။ ချမ်းသာမရှိတော့ဘူး။ ချမ်းသာကိုလိုချင်ရင် အာသာကို စွန့်ရမှာပေါ့။ သာတစ်သာပဲရမယ်။ နှစ်သာလုံး ပိုင်ဆိုင်ချင်လို့မရဘူးနော်။

“သာဒင်ကို ဘာထင်သလဲ” မလုပ်နဲ့ပေါ့၊ ဟုတ်လား။ သာဒင်လဲ သာတစ်ခုပဲရမယ်နော်။ ကျေးလက်တွေမှာ နာမည်တွေမှည့်တော့လည်း သာအေးတို့၊ သာလှတို့၊ သာရင်တို့၊ ဘာတို့၊ သာတစ်သာပဲ မဟုတ်လား။ သာနှစ်သာမှည့်တဲ့သူ မရှိပါဘူးနော်။ အဲဒီတော့ သာနှစ်သာ မလုပ်ပါနဲ့။

အာသာဆိုတဲ့ ‘သာ’ကို ကိုယ်ကလိုချင်တယ်ဆိုရင် ချမ်းသာဆိုတဲ့ ‘သာ’ ကို ကိုယ်စွန့်ရတော့မယ်။ ချမ်းသာဆိုတဲ့ ‘သာ’ ကို ကိုယ်ကလိုချင်ရင်တော့ အာသာဆိုတဲ့ ‘သာ’ ကို ကိုယ်စွန့်လိုက်ပါ။

အာသာဆိုတာ ဒီနေရာမှာတဏှာကိုပြောတာပါ။ ကာမဂုဏ်အာရုံတွေပေါ်မှာ ငြိကပ်တွယ်တာပြီး တပ်မက်နေတဲ့တဏှာကို အာသာလို့ ခေါ်ပါတယ်။

အာသာရှိရင် ချမ်းသာမရှိဘူး။ အာသာမရှိမှ ချမ်းသာရှိတယ်လို့ အဲဒီလိုအာသာရဲ့အပြစ်ကို မြင်ရင်လည်းပဲ သီလလုံသူတစ်ယောက်ဖြစ်လာနိုင်ပါတယ်။

## စိတ်လစ်လို့စိတ်ညစ်တာပါ

အဲဒီလိုနဲ့ နောက်တစ်နေ့ ဘုရားအလောင်းက ရှေ့ဆက်ပြီး တော့ သွားပြန်ပါတယ်။ ရှေ့ဆက်ပြီး သွားတော့ တောအုပ်ကလေး တစ်ခုထဲ ရောက်သွားတယ်။ သစ်ပင်တစ်ပင်အောက်မှာ ရသေ့တစ်ပါး တရားထိုင်ပြီးတော့ ဈာန်ဝင်စားနေတာ တွေ့တယ်။ အဲဒါလေးတွေ့ တော့ ဩော် ... အေးချမ်းလိုက်တာ ... အေးချမ်းလိုက်တာ။

ဩော်....လောကမှာ သမာဓိထက်ကောင်းတဲ့တရားဆိုတာ မရှိတော့ပါလား။ ပဗ္ဗဇ္ဇုန်အတွက်ရော၊ တမလွန်အတွက်ရော သမာဓိ တရားဟာ အင်မတန်အဖိုးတန်ပါလား။

သမာဓိရဲ့ အကျိုးတရားတွေ အများကြီးရှိတဲ့အထဲက ဘုရား အလောင်းတော် နှလုံးသွင်းတဲ့ဂါထာထဲမှာပါတဲ့ အကျိုးတရားက အင်မ တန် နှစ်သက်စရာကောင်းပါတယ်။

န ပရံ နာပိ အတ္တာနံ၊ ဝိဟိံသတိ သမာဟိတော။

သမာဓိရှိတဲ့ပုဂ္ဂိုလ်ဟာ ကိုယ့်ကိုယ်ကိုလည်းမညှဉ်းဆဲဘူး။ သူတစ်ပါးကိုလည်း မညှဉ်းဆဲဘူးတဲ့။

လောကမှာ ကိုယ့်ကိုယ်ကို စိတ်ဆင်းရဲအောင် လုပ်နေတယ်ဆိုတာ သမာဓိ မရှိလို့ပါပဲ။ သမာဓိမရှိတဲ့သူတွေဟာ ကိုယ့်ကိုယ်ကို စိတ်ဆင်းရဲအောင် အမြဲလုပ်နေပါတယ်။ ဆိုလိုတာကတော့ သမာဓိ မရှိတဲ့သူတွေဟာ အမြဲတမ်း စိတ်ညစ်နေတတ်တယ်လို့ ဆိုလိုတာပါ။

လူတွေ စိတ်ညစ်တယ်၊ စိတ်ညစ်တယ်ဆိုတာ သမာဓိမရှိလို့ပါ။ သမာဓိမရှိတော့ စိတ်ညစ်စရာအကြောင်းတွေပဲ တွေးနေမိတော့တာကိုး။ စိတ်ညစ်စရာအကြောင်းတွေ တွေးနေမှတော့ စိတ်ညစ်ရတော့မှာပေါ့။

သမာဓိမရှိတဲ့သူရဲ့ စိတ်ထဲကို အတွေးတွေ အမြဲတမ်းဝင်နေတယ်။ ဝင်တော့လည်း ကောင်းတဲ့အတွေးတွေ ဝင်တာလားဆိုတော့ မဟုတ်ဘူး။ မကောင်းတဲ့အတွေးတွေ ဝင်တာက များတယ်။ အတွေးများတဲ့ သူဟာ အများအားဖြင့် အဆိုးတွေကိုပဲ တွေးနေမိတတ်ကြပါတယ်။

အဆိုးကိုတွေးတော့ ဖြစ်ခဲ့ပြီးတဲ့ပြဿနာတွေအကြောင်း ပြန်တွေးတယ်။ အဲဒီပြဿနာတွေနဲ့ ပတ်သက်ပြီးတော့ ပြန်လည်ခံစားတယ်။ ခံစားပြီးတော့ စိတ်ညစ်နေတယ်။ အဲဒီပြဿနာတွေမှာ ငါ မှန်ရက်သားနဲ့ သူက ဘယ်လို ဘယ်ညာ၊ အဲဒီပြဿနာဖြစ်ခဲ့တုန်းက ငါ့ရဲ့စေတနာကို သူ နားမလည်ဘူး။ သူက ငါ့ကို ဘယ်လိုထင်တယ် စသည်အားဖြင့် ပြီးခဲ့တာတွေ စားမြုံ့ပြန်တွေးပြီး စိတ်ညစ်နေတယ်။

ကိုယ့်စိတ်ထဲမှာ ထားရုံနဲ့ မပြီးဘူး။ ကိုယ့်ပတ်ဝန်းကျင်ကို

ပြောသေးတယ်။ ဘယ်တုန်းက ဘယ်ပြဿနာဖြစ်တုန်းက ကျွန်ုပ်က ဘယ်လိုပါ။ သူကဘယ်လိုထင်တယ်။ အဲဒီလိုဆိုတော့ ကိုယ့်ပတ်ဝန်းကျင်က ကိုယ့်ရဲ့ အပူတွေ ကူးစက်၊ တစ်ခါ အဲဒီကိစ္စ ပြဿနာဖြစ်တဲ့ ပုဂ္ဂိုလ်ဆီ ပြန်ရောက်တော့လည်း အဲဒီပုဂ္ဂိုလ် တစ်ခါစိတ်ညစ်။

အဲဒီလိုအားဖြင့် သမာဓိမရှိတဲ့သူဟာ ကိုယ်ကိုယ်တိုင်လည်း စိတ်ချမ်းသာအောင် မနေတတ်ဘူး။ အမြဲတမ်း စိတ်ညစ်နေတယ်။ ကိုယ့်ပတ်ဝန်းကျင်၊ ကိုယ့်နီးစပ်ရာကိုလည်းပဲ စိတ်မချမ်းသာအောင်၊ စိတ်ညစ်အောင် လုပ်တတ်ပါတယ်။ ဒီအချက်ဟာ အင်မတန်လေးလေးနက်နက်နဲ့ ချဲ့ထွင်ပြီးတော့ စဉ်းစားရမှာပါပဲ။

ကိုယ့်ကိုယ်ကို စိတ်ချမ်းသာအောင် မနေတတ်တဲ့သူဟာ သူတစ်ပါးကို ဘယ်တော့မှ စိတ်ချမ်းသာအောင် လုပ်မပေးနိုင်ပါဘူး။ ကိုယ်ကိုယ်တိုင် အမြဲတမ်း စိတ်ဆင်းရဲနေတဲ့သူဟာ သူတစ်ပါးကိုလည်း အမြဲတမ်း စိတ်ဆင်းရဲအောင် လုပ်တော့မှာပါပဲ။

ဆိုပါတော့၊ အိမ်မှာ အိမ်ထောင်ဦးစီးက စိတ်တိုနေပြီ။ အကြောင်းတစ်ခုခုကြောင့် စိတ်တိုနေပြီဆိုရင် အိမ်မှာရှိတဲ့သူတွေကို အကြောင်းမရှိ အကြောင်းရှာပြီးတော့ ဟိုဆူဒီဆူ၊ ဟိုကြမ်းဒီကြမ်း မလုပ်ကြဘူးလား။

အဲဒီတော့ အိမ်ထောင်ဦးစီးပုဂ္ဂိုလ်က စိတ်တိုနေပြီဆိုရင် အိမ်မှာရှိတဲ့ ပတ်ဝန်းကျင် မိသားစုတွေရော စိတ်မညစ်ရဘူးလား။ အဲဒီတော့ ကိုယ့်ကိုယ်ကို စိတ်ချမ်းသာအောင် မနေတတ်တော့ ကိုယ့်ပတ်ဝန်းကျင်လည်း စိတ်ဆင်းရဲတော့တာပေါ့။

ငါတော့စိတ်မချမ်းသာဘူး၊ စိတ်ဆင်းရဲတယ်ကွယ်၊ ဒါပေမဲ့ မင်းတို့ကိုတော့ စိတ်ချမ်းသာအောင် ထားချင်တယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ ကိုယ့်ကိုယ်ကိုမှ စိတ်ချမ်းသာအောင် မနေတတ်ရင် ကိုယ့်ပတ်ဝန်းကျင်ကိုလည်း စိတ်ချမ်းသာအောင် မလုပ်ပေးတတ်ပါဘူး။

သမာဓိရှိတဲ့သူဟာ ကိုယ့်ကိုယ်ကိုလည်း စိတ်ဆင်းရဲအောင် ဘယ်တော့မှ မလုပ်ဘူး။ ကိုယ့်ပတ်ဝန်းကျင်ကိုလည်း ဘယ်တော့မှ စိတ်ဆင်းရဲအောင် မလုပ်ဘူး။

ဒါကြောင့် လောကမှာ သမာဓိဆိုတဲ့ တရားဟာ အမြတ်ဆုံးပဲလို့ ဘုရားအလောင်း ပုရောဟိတ်ပုဏ္ဏားက တွေးပြီးတော့ တောထဲကို ဝင်သွားပြီး ရသေ့ရဟန်းပြုလိုက်ပါတယ်။ ပြုပြီးတော့ ဈာန်အဘိညာဉ်တွေကို ဖြစ်အောင်ကြိုးစားအားထုတ်ပြီးတော့ သေဆုံးသွားတဲ့ အခါမှာ ဗြဟ္မာပြည်ရောက်ရှိသွားပါတယ်။

## သီလပြုစင်ရုံနဲ့ကျေနပ်မနေပါနဲ့

ဒီတော့ ဒီနေရာမှာ ပြောချင်တာက သီလလုံရုံနဲ့ မကျေနပ်နဲ့။ ဘုရားအလောင်း ပုရောဟိတ်ပုဏ္ဏားကတော့ သာသနာပကာလဆိုတော့ သီလထက်သာတဲ့တရား သမာဓိကို သွားတွေ့တယ်။ သွားတွေ့တော့ လောကမှာ အကောင်းဆုံးအရာဖြစ်တဲ့ သီလနဲ့ ထိုက်တန်တဲ့တရားဟာ ဒီဈာန်သမာဓိတရားပဲဆိုပြီးတော့ ဈာန်အဘိညာဉ်တွေရအောင် ကြိုးစားအားထုတ်ပါတယ်။

အခုအချိန်ကတော့ သာသနာတွင်းကာလ ဖြစ်တဲ့အတွက်ကြောင့် ဝိပဿနာတရားတွေလည်း ထွန်းကားနေတော့ ကိုယ့်ကိုယ်ကို သီလလုံရုံနဲ့ မကျေနပ်ဘဲနဲ့ သီလကနေတစ်ဆင့် သမာဓိကိုတက်ပါ။ သမာဓိကနေတစ်ဆင့် ပညာကိုတက်ပါ။

သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါးအနေနဲ့ ပြောရင်တော့ သီလသိက္ခာပြီးရင် သမာဓိသိက္ခာ၊ သမာဓိသိက္ခာပြီးရင် ပညာသိက္ခာ။

ဒါလည်းပဲ သီလပြီး သမာဓိ၊ သမာဓိပြီး ပညာလို့ စကားအရသာ ပြောတာပါ။ တစ်ခုပြီးမှ တစ်ခု လုပ်ရမှာမဟုတ်ပါဘူး။

ငါတော့ သီလမလုံသေးဘူး၊ သမာဓိပညာ မကျင့်သေးဘူးလို့ ဒီလိုတွေးသွားမှာ စိုးလို့ပါနော်။ သီလကိုဖြူစင်အောင် စောင့်ထိန်းနေမှလည်း သမာဓိ၊ ပညာက ပြည့်စုံပါတယ်။ သမာဓိ၊ ပညာနဲ့ ပြည့်စုံအောင် သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်နေမှလည်း သီလက ဖြူစင်သွားပါတယ်။

သီလက လေးမျိုးရှိပါတယ်။

(၁) နောက်ဆုတ်ထိုင်သီလ၊
(၂) ငုတ်တုတ်ထိုင်သီလ၊
(၃) ရှေ့တိုးထိုင်သီလ၊
(၄) အမှောင်ခွင်းသီလ။

နောက်ဆုတ်ထိုင်သီလဆိုတာကတော့ .... သီလလုံခြုံသွားပြီပေါ့။ ငါးပါးသီလပဲဆိုကြပါစို့၊ ငါးပါးသီလလုံအောင် စောင့်ထိန်းနေတယ်။

ဒါပေမဲ့ သီလမရှိတဲ့သူတွေနဲ့ ပေါင်းတယ်။ ပေါင်းတော့ သီလမလုံခြုံခြင်းရဲ့အပြစ်တွေကို သူနားမလည်ဘူး။ သီလရှိတဲ့သူတွေနဲ့တော့ မပေါင်းဘူး။ မပေါင်းတော့ သီလလုံခြုံခြင်းရဲ့ ကောင်းကျိုးတွေကို သူသဘောမပေါက်ဘူး။

သီလဖြူစင်ခြင်းရဲ့ကောင်းကျိုး၊ သီလညစ်နွမ်းခြင်းရဲ့ ဆိုးပြစ်တွေကို သူ သဘောမပေါက်တဲ့အခါကျတော့ တဖြည်းဖြည်းနဲ့

သူ့ရဲ့သီလဟာ ဆုတ်ယုတ် ဆုတ်ယုတ်သွားတယ်။

မထူးပါဘူးကွာ။ မင်းပြောတာဟုတ်သားပဲကွာ။ လုံအောင်စောင့်ထိန်းလို့လည်း မထူးပါဘူးကွာဆိုပြီးတော့ တဖြည်းဖြည်းနဲ့ သီလမလုံတဲ့သူ ဖြစ်သွားတတ်ပါတယ်။

သူ့ရဲ့သီလဟာ ကျိုးလိုက်၊ ပေါက်လိုက်၊ ကျားလိုက်၊ ပြောက်လိုက်နဲ့ နောက်ဆုံး ဘာမှမကျန်တော့ဘူး။

သီလသိက္ခာပုဒ်တွေထဲက အစမှာဖြစ်ဖြစ်၊ အဆုံးမှာဖြစ်ဖြစ် တစ်ခုလောက် ပျက်စီးသွားတာကို သီလကျိုးတယ်လို့ ခေါ်တယ်။ အလယ်တည့်တည့် သိက္ခာပုဒ် ပျက်စီးသွားတာကို သီလပေါက်တယ်လို့ ခေါ်တယ်။

အစမှာဖြစ်ဖြစ်၊ အလယ်မှာဖြစ်ဖြစ်၊ အဆုံးမှာဖြစ်ဖြစ်၊ နှစ်ခုသုံးခု ဆက်တိုက်ပျက်စီးသွားတာကို သီလကျားတယ်လို့ ခေါ်တယ်။ တစ်ခုကျော်၊ နှစ်ခုကျော်စသည် ခုန်ကျော်ပြီး ပျက်စီးသွားတာကို သီလပြောက်တယ်လို့ ခေါ်တယ်။ သီလတွေ ခဏခဏ ကျိုး၊ ပေါက်၊ ကျား၊ ပြောက်နေရင် နောက်ဆုံး ဘာသီလမှ ကျန်မှာမဟုတ်တော့ဘူး။

အဲဒီပုဂ္ဂိုလ်ဟာ သူ့ရဲ့သီလကို လျှော့ကျမသွားအောင် ထိန်းသိမ်းမထားနိုင်တဲ့အတွက်ကြောင့် သူ့ရဲ့သီလကို နောက်ဆုတ်ထိုင်သီလလို့ ခေါ်ပါတယ်။

ငုတ်တုတ်ထိုင်သီလဆိုတာကတော့ သီလကနေ ရှေ့ဆက်ပြီးတော့ သမာဓိတို့ ပညာတို့ မတက်တော့ဘူး။ သီလလုံတာလေးတွေးပြီးတော့ပဲ ကျေနပ်နေတယ်။

ဩော်....ငါ ငါးပါးသီလလုံတယ်။ အများ မိုးခါးရေသောက်ပေမယ့်လည်း ငါမသောက်ဘူး။ ငါလိုလူ ဇမ္ဗူမှာရှိသေးလားဆိုပြီးတော့ ကိုယ့်ရဲ့သီလဖြူစင်တာလေးပဲတွေးပြီး ကျေနပ်နေတယ်။ ရှေ့ကိုဆက်ပြီး သမထတို့၊ ဝိပဿနာတို့ဆက်ပြီးတော့ အားမထုတ်တော့ဘူး။

မကျိုး၊ မပေါက်၊ မကျား၊ မပြောက်တဲ့ ကိုယ့်ရဲ့သီလသိက္ခာလေးနဲ့ပဲ ကျေနပ်နေတဲ့သူဟာ ရှေ့မတိုးတက်တဲ့အတွက်ကြောင့်၊ ရှေ့လည်းမတိုးဘူး၊ အောက်လည်းမကျဘူး၊ အလယ်မှာပဲ တည်တံ့နေတဲ့အတွက်ကြောင့် သူ့ရဲ့သီလကို ဌိတ်တုတ်ထိုင်သီလလို့ ခေါ်ပါတယ်။

ရှေ့တိုးထိုင်သီလဆိုတာကတော့ သီလဖြူစင်ရုံနဲ့ မကျေနပ်ဘူး။ သီလဖြူစင်တဲ့အခါမှာ စိတ်ကလေး ကြည်လင်သွားတယ်။ ကြည်လင်တဲ့စိတ်ကို အခြေခံပြီးတော့ သမာဓိတရားတွေ တိုးပွားအောင် ကြိုးစားတယ်။ သမထအလုပ် အားထုတ်တယ်။

သာသနာတွင်းဆိုလို့ရှိရင်တော့ ကသိုဏ်းတို့၊ ဘာတို့ မပွားတောင် ဗုဒ္ဓဘာသာဝင်တိုင်း သမထလုပ်ငန်းအနေနဲ့ အောက်ထစ်ဆုံး ဗုဒ္ဓါနုဿတိနဲ့ မေတ္တာ၊ ဒီနှစ်ခုတော့ ပွားများသင့်ပါတယ်။ ဘုရားဂုဏ်တော်ပွားခြင်း၊ မေတ္တာပွားခြင်းဆိုတဲ့ သမထအလုပ် အားထုတ်သင့်ပါတယ်။ သမထအလုပ်ကို အားထုတ်နေတဲ့ပုဂ္ဂိုလ်ရဲ့ သီလကို သီလသိက္ခာမှာတွင် ရပ်တံ့မနေဘဲ သမာဓိသိက္ခာအထိ ရှေ့ကို တိုးတက်သွားတဲ့အတွက် ရှေ့တိုးထိုင်သီလလို့ ခေါ်ပါတယ်။

အမှောင်ခွင်းသီလဆိုတာကတော့ သီလသိက္ခာပြည့်စုံရုံနဲ့လည်း မကျေနပ်ဘူး။ သီလဖြူစင်ခြင်းကို အခြေခံပြီး ဖြစ်လာတဲ့

စိတ်ကြည်လင်မှုကို ရင်းနှီးထားတဲ့ သမာဓိသိက္ခာ ပြည့်စုံရုံနဲ့လည်း မကျေနပ်ဘူး။ အဲဒီ သမာဓိကိုအရင်းတည်ပြီးတော့ ဝိပဿနာအလုပ်ကို ဆက်ပြီးတော့ အားထုတ်သွားတယ်။ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေနဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်အောင် ကြိုးစားသွားတယ်။

အဲဒီပုဂ္ဂိုလ်ဟာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ဆိုတဲ့အလင်းဓာတ်ကို ရရှိသွားပြီဆိုရင် ကိလေသာအမှောင်တွေကို ပယ်သတ်နိုင်မယ်။ နောက်ဆုံး ရဟန္တာဖြစ်သွားပြီဆိုရင် အဝိဇ္ဇာအမှောင်အပါအဝင် ကိလေသာအမှောင်တွေအားလုံးကို အကြွင်းမဲ့ ပယ်သတ်လိုက်နိုင်မယ်။

ဒါ့ကြောင့် ဝိပဿနာအလုပ်ကို အားထုတ်နေတဲ့ပုဂ္ဂိုလ်ရဲ့ သီလ၊ ဝိပဿနာအလုပ်အားထုတ်ခြင်းကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့ ပုဂ္ဂိုလ်ရဲ့သီလကို အမှောင်ခွင်းသီလလို့ ခေါ်ပါတယ်။ အဝိဇ္ဇာအမှောင်ကြီးအပါအဝင် ကိလေသာအမှောင်ထုအားလုံးကို အပြီးတိုင် ပယ်သတ်ခွင်းဖြိုလိုက်နိုင်တဲ့အတွက်ကြောင့်ပါပဲ။ အဲဒီတော့ ဒီသီလလေးမျိုးမှာ ဘယ်သီလအမြတ်ဆုံးဖြစ်မလဲ။ အမှောင်ခွင်းသီလဟာ အမြတ်ဆုံးပါပဲ။

ဒါ့ကြောင့် သီလလုံရုံနဲ့ ကျေနပ်မနေပါနဲ့။ ရှေ့ဆက်ပြီး သမာဓိတွေနဲ့ ပြည့်စုံအောင်ကြိုးစားပါ။ သမာဓိတွေနဲ့ ပြည့်စုံရုံနဲ့လည်း ကျေနပ်မနေပါနဲ့။ ဝိပဿနာပညာအလုပ်ကိုဆက်ပြီးတော့ အားထုတ်ပါ။ ဒါဆိုရင် လောကဉ္ဇအကောင်းဆုံးသောအရာဖြစ်တဲ့ သီလဟာ အကောင်းဆုံးသောအနေအထား၊ အကောင်းဆုံးသောပုံစံနဲ့ အကောင်းဆုံး ဖြစ်သွားပါလိမ့်မယ်။

## သီလအတွက်အသက်စွန့်ရဲလား

သီဟိုဠ်ကျွန်း (သီရိလင်္ကာ) မှာ မထေရ်တစ်ပါး တောလမ်းခရီး သွားနေတုန်း သူခိုးဓားပြတွေက မထေရ်ကြီးရဲ့ ပစ္စည်းတွေ လုယက်ပြီးတော့ မထေရ်ကြီးကို နွယ်ကြိုးတစ်ခုနဲ့ တုပ်ထားခဲ့တယ်။

နွယ်ကြိုးကလည်း သစ်ပင်ကနေ ဖြတ်ထားတဲ့ နွယ်ကြိုး မဟုတ်ဘူး။ သစ်ပင်နဲ့ တိုက်ရိုက်ဆက်နေတဲ့ နွယ်ကြိုး။

အဲဒီလို နွယ်ကြိုးနဲ့တုပ်ထားတော့ ရဟန်းတော်များရဲ့သီလမှာ ဒီလို နွယ်ပင်၊ သစ်ပင်တွေကို မဖြတ်တောက်ရဘူးဆိုတဲ့ သိက္ခာပုဒ်က ရှိတယ်။ ဒီတော့ ဒီနွယ်ကြိုးကို ဖြတ်ပြီးတော့ ထွက်မယ်ဆိုရင် ရပေမယ့် သူ့သီလပျက်စီးသွားမှာစိုးလို့ မဖြတ်ပါဘူး။

မဖြတ်ဘဲနဲ့ အသက်သေချင်သေပါစေတော့ တခြားသူဖြတ်ပေးမှ ငါသွားတော့မယ်။ ကိုယ့်ဟာကိုယ်တော့ မဖြတ်တော့ဘူးဆိုပြီးတော့ သူခိုးဓားပြတွေက နွယ်ကြိုးနဲ့တုပ်ပြီးတော့ တုံးလုံးလှဲထားတဲ့

အတိုင်း ဒီအတိုင်းပဲ မြေကြီးပေါ်မှာ တုံးလုံးလှဲပြီးတော့ ဝိပဿနာတရား အားထုတ်နေပါတယ်။

အဲဒီလိုအားထုတ်နေတော့(၇)ရက်ပြည့်တဲ့အခါမှာ ထမင်း အသက် (၇)ရက်ဆိုတဲ့အတိုင်း (၇)ရက်ပြည့်တဲ့အခါမှာ စုတေသွားပါ တယ်။ အဲဒီအချိန်မှာ သူ အနာဂါမ်ဖြစ်ပြီးတော့မှ စုတေသွားတဲ့ အ တွက်ကြောင့် ဗြဟ္မာပြည်ကိုရောက်သွားပါတယ်။

အဲဒီလိုပဲ တခြားမထေရ်ကြီးတစ်ပါးလည်း သူခိုးဓားပြတွေ က ဆင်တုန်းမနွယ်နဲ့ ချည်နှောင်ပြီးတော့ တုပ်ထားခဲ့တယ်။ ဒီလိုပဲ မြေကြီးပေါ်မှာ တုံးလုံးလှဲပြီးတော့ နွယ်ကြိုးနဲ့ တုပ်ထားတယ်။

အဲဒီအချိန်မှာပဲ သူကတော့ ရက်တောင် မဆိုင်းပါဘူး။ ခဏ နာရီပိုင်းလေးအတွင်းမှာပဲ တောမီးတွေ အကြီးအကျယ်လောင်တယ်။ တောမီးလောင်တော့ ဒီနွယ်ကြိုးဖြတ်ပြီးတော့ ပြေးမယ်ဆိုရင် အသက် ချမ်းသာရာ ရနိုင်ပါတယ်။

သို့ပေမယ့် သေချင် သေပါစေတော့၊ သီလတော့ အပျက်မခံ နိုင်ဘူးဆိုပြီး နွယ်ကြိုးကိုမဖြတ်ဘဲ ဝိပဿနာအလုပ်ကိုပဲ ကြိုးကြိုးစား စား အားထုတ်လိုက်တာ တောမီးတွေလောင်ကျွမ်းပြီးတော့ အသက် လည်း သေ၊ ကိလေသာလည်း သေသွားပါတယ်။

အသက်လည်းကုန်၊ ကိလေသာလည်းကုန်၊ အသက်ရဲ့ကုန် ခြင်းနဲ့ ကိလေသာရဲ့ကုန်ခြင်း တစ်ပြိုင်နက်တည်းဖြစ်ပြီးတော့ စုတိစိတ် ကျပြီးတော့ ပရိနိဗ္ဗာန်စံဝင်သွားပါတယ်။ ရဟန္တာဖြစ်သွားတယ်နော်။

ဒီတော့ ဒီမထေရ်နှစ်ပါး အနာဂါမ်၊ ရဟန္တာဖြစ်တာ သီလ

သက်သက်နဲ့ ဖြစ်တာဟုတ်ရဲ့လား၊ မဟုတ်ပါဘူးနော်။

သီလကိုလည်း တစ်ဖက်က အသက်နဲ့လဲပြီး စောင့်ထိန်းတယ်။ စောင့်ထိန်းပြီးတော့ ဒီအတိုင်းပဲ တုံးလုံးကြီးပဲလှဲနေတာ မဟုတ်ဘူး။ သတိပဋ္ဌာန် ဝိပဿနာတရားကို ကြိုးစားပွားများတယ်။

မိမိရဲ့လုံခြုံနေတဲ့ သီလကို အရင်းတည်ပြီးတော့ ဝိပဿနာတရား ဆက်အားထုတ်လို့သာ အနာဂါမ်ရဟန္တာဖြစ်ပြီးတော့ လောကုတ္တရာအကျိုးတွေ ခံစားသွားရတာပါ။

တချို့က စကားကတ်ချင်တတ်လို့ပါ။ လောက၌ အကောင်းဆုံးသောအရာဟာ သီလဆိုတော့ သီလဟာ အကောင်းဆုံး ဘယ်ဟုတ်မလဲ၊ ဝိပဿနာလုပ်မှ မဂ်ဖိုလ်ရမှာ၊ သီလနဲ့ မဂ်ဖိုလ်ဘယ်ရပါ့မလဲ၊ ဒါ့ကြောင့် ဝိပဿနာသာ လောကမှာ အကောင်းဆုံးအရာ မဟုတ်လား။ ဒီလိုမေးတတ်တယ်။ ဒီလိုတွေးတတ်ကြတယ်။

သူ့နေရာနဲ့သူ လေးနက်မှုရှိအောင် သူ့နေရာနဲ့သူအကောင်းဆုံးလို့ဟောတဲ့တရားကို အဲဒီလိုပြောဖို့ မလိုအပ်ပါဘူး။

အခု ဒီဝတ္ထုနှစ်ခုကို ကြည့်လိုက်ပေါ့။ သီလသက်သက်နဲ့ နိဗ္ဗာန်ရောက်သွားတာ မဟုတ်ပါဘူး။

သက်သက်ကတော့ သီလသက်သက်နဲ့မှ မဟုတ်ပါဘူး။ ဝိပဿနာသက်သက်နဲ့လည်း နိဗ္ဗာန်မရောက်နိုင်ပါဘူးနော်။ ဒါနသက်သက်နဲ့လည်း နိဗ္ဗာန်မရောက်ပါဘူး။ သီလသက်သက်နဲ့လည်း နိဗ္ဗာန်မရောက်နိုင်ပါဘူး။ သမထသက်သက်နဲ့လည်း နိဗ္ဗာန်မရောက်နိုင်ပါဘူး။ ဝိပဿနာသက်သက်နဲ့လည်း နိဗ္ဗာန်မရောက်နိုင်ပါဘူး။

နိဗ္ဗာန်ကို ဆိုက်ရောက်နိုင်တဲ့ အနီးကပ်ဆုံး အကြောင်းတရား ကတော့ ဝိပဿနာပေါ့။ သို့သော် အဲဒီဝိပဿနာက မဂ်စိတ်ထိကျေးဇူး ပြုနိုင်ဖို့ဆိုတာက ဒါန၊ သီလ၊ သမထ ပါရပါတယ်။ ဒါန၊ သီလ၊ သမထက ကျေးဇူးပြုမှသာ၊ အထောက်အပံ့ပေးမှသာ အဲဒီဝိပဿနာ ဉာဏ်က မဂ်ဉာဏ်ကို ကျေးဇူးပြုသွားတာပါ။

တချို့ နှမြောလွန်းလို့ ဒါနမပြုချင်တဲ့သူကလည်း ဒါနက သံသရာရှည်တာပဲကွာ၊ ဒါနသက်သက်နဲ့ နိဗ္ဗာန်မရောက်နိုင်ဘူး ဆိုပြီးတော့ ဒီလိုလည်း ပြောတတ်ကြသေးတယ်။ မှတ်ထားပါ။ သက်သက်နဲ့သာဆိုရင်တော့ ဘယ်သက်သက်နဲ့မှ ဘယ်တော့မှ နိဗ္ဗာန်မရောက်ဘူးလို့နော်။

သက်သက်နဲ့လည်းနိဗ္ဗာန်မရောက်ပါဘူး။ ထက်ထက်နဲ့လည်း နိဗ္ဗာန်မရောက်ပါဘူးနော်။ သက်သက်ဆိုတာက လူနာမည်ပြောတာ မဟုတ်ပါဘူး။ ဒါနသက်သက်၊ သီလသက်သက်၊ သမထသက်သက်၊ ဝိပဿနာသက်သက်၊ ဘာသက်သက်နဲ့မှ နိဗ္ဗာန်မရောက်ပါဘူးလို့ ပြောတာပါ။

ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ၊ ကုသိုလ်(၄)ချက် ချိန်သား ကိုက်ပြီဆိုမှ နိဗ္ဗာန်ကို မျက်မှောက်ပြုရတာပါ။

ဒါ့ကြောင့် လောက၌အကောင်းဆုံးသောအရာခေါ်ရတဲ့၊ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် လောက၌ အကောင်းဆုံးသောအရာ လို့ ဟောထားတဲ့ သီလကို အသက်နဲ့လဲ စောင့်ထိန်းပြီးတော့ သမထ ဝိပဿနာ ဘာဝနာတွေလည်း ပွားများကြတဲ့အတွက်ကြောင့် ဝိပဿနာ

ဉာဏ်ရဲ့အဆုံးမှာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်အောင် ကြိုးစားကြရမယ်။

သီလကို အသက်နဲ့လဲပြီး စောင့်ထိန်းရမယ်ပေါ့။

လောကမှာ ပစ္စည်းဥစ္စာနဲ့ လက်ခြေစတဲ့ ကိုယ်အင်္ဂါ နှိုင်းယှဉ်လာပြီဆိုရင်၊ ပစ္စည်းဥစ္စာကို စွန့်လိုက်မှ လက်ခြေစတဲ့ ကိုယ်အင်္ဂါ ချမ်းသာမယ်ဆိုရင် လက်ခြေစတဲ့ ကိုယ်အင်္ဂါအတွက် ပစ္စည်းဥစ္စာကို စွန့်လိုက်ပါ။

လက်ခြေစတဲ့ ကိုယ်အင်္ဂါနဲ့ အသက် နှိုင်းယှဉ်လာပြီဆိုရင်၊ လက်ခြေစတဲ့ ကိုယ်အင်္ဂါကိုစွန့်လိုက်မှ အသက်ချမ်းသာမယ်ဆိုရင် အသက်အတွက် လက်ခြေစတဲ့ ကိုယ်အင်္ဂါကို စွန့်လိုက်ပါ။

အသက်နဲ့ ကိုယ်ကျင့်သီလ နှိုင်းယှဉ်လာပြီဆိုရင်၊ အသက်ကို စွန့်လိုက်မှ ကိုယ်ကျင့်သီလ ဖြူစင်မယ်ဆိုရင် ကိုယ်ကျင့်သီလ ဖြူစင်ဖို့အတွက် အသက်ကိုစွန့်လိုက်ပါ။

သီလကိုအသက်နဲ့လဲပြီးစောင့်ထိန်းရမယ်ဆိုတာနဲ့ ပတ်သက်ပြီးတော့ တရားနာပရိသတ် အများသိကြပြီးသားပါ။ သီလကို အသက်နဲ့လဲပြီး စောင့်ရှောက်တာ ဘာသတ္တဝါနဲ့ ဥပမာပေး နှိုင်းယှဉ်ထားလဲ။ ဥပါသကာ ဒကာကြီးများ ဖြေပါဦးနော်။

" ယုန်မင်းပါဘုရား "

ယုန်မင်းကတော့ မလွန်ဆန်လျှအသင်းရဲ့တံဆိပ်ပဲ၊ ဒါနနော်။ အသက်နဲ့လဲပြီးတော့ ဒါနပြုသွားတာ၊ ဒါနအတွက် အသက်ကို စွန့်တာ။ ဒီတော့ ဘုရားအလောင်းတော်ကို ဆိုလိုတာမဟုတ်ပါဘူး။ အရှ

ဝတ္ထုတစ်ခုခုအတွက် ကိုယ့်အသက်ကို စွန့်နိုင်တဲ့ သတ္တဝါတစ်မျိုးမျိုးကို မေးတာပါ။ ဥပါသကာ ဒကာကြီးတွေ မဖြေနိုင်ကြဘူးနော်။

သီလကို အသက်နဲ့လဲပြီးတော့ စောင့်ထိန်းတဲ့နေရာမှာ စာမရီ သားကောင်လိုပဲလို့ ဥပမာပေးကြပါတယ်။

စာမရီသားကောင်ဟာ သူ့ရဲ့ အမြီးဆံတည်းဟူသော အ ကြောင်းကြောင့် သူ့ရဲ့အသက်ကိုသာ စွန့်ပါတယ်။

စာမရီဆိုတာ တချို့က အတောင်ပါတဲ့ ငှက်လို့ထင်တတ်ကြ တယ်။ စာမရီဆိုတာ ခြေလေးချောင်းရှိတဲ့ သားကောင်ပါပဲ။ တိဘက် နွားမျိုးပါပဲ။ နွားသတ္တဝါတစ်မျိုးပါပဲ။

သူ့ကို အသားစားလို့လည်း ရတယ်။ နို့စားလို့လည်း ရတယ်။ ဝန်ထင်လို့လည်း ရတယ်။ သူ့ရဲ့အမြီးဟာ အင်မတန် ရှည်တယ်။ လှလည်း လှတယ်။ အဲဒီအမြီးကို သားမြီးယပ်တောင်အဖြစ်နဲ့ လုပ်ကြ တယ်။ သားမြီးယပ်ပေါ့။ အဲဒါကို စာမရီသားမြီးယပ်လို့ ခေါ်တယ်။ မင်းမြောက်တန်ဆာငါးပါးထဲမှာ စာမရီသားမြီးယပ်ဟာ တစ်ခုအပါ အဝင်ပါပဲ။

အဲဒီတော့ စာမရီသားကောင်တစ်ကောင်ဟာ အသွားမတော် လို့ ချုံနွယ်တစ်ခုခုမှာ သူ့ရဲ့အမြီးလေးသွားပြီးငြိတယ်ဆိုရင်၊ အမြီးဆံ လေးတစ်ဆံ၊ အမြီးပင်လေးတစ်ပင်သွားပြီးတော့ သစ်ပင်ချုံနွယ်မှာ ငြိတယ်ဆိုရင် ငါအသက်ချမ်းသာရာရဖို့အတွက် အမြီးလေးတစ်ချောင်း ပြတ်ချင်ပြတ်ပါစေဆိုပြီး ရုန်းမထွက်ပါဘူး။

အမြီးဆံလေး တစ်ပင်တည်းဟူသော အကြောင်းကြောင့် အ

သက်မသေစကောင်းဘူးဆို ပြီးတော့ ရုန်းမထွက်ပါဘူးတဲ့။

ငါအသက်သေချင်သေပါစေ၊ ငါ့ရဲ့ အမြီးဆံလေးတော့ သူ့ရဲ့ သဘာဝအတိုင်း အလှမပျက် ကျန်ရစ်ပါစေ၊ မင်းမြောက်တန်ဆာ ငါးပါးထဲမှာ အပါအဝင်ဖြစ်တဲ့ စာမရီသားမြီးယပ်ကလေးကို လူသား တွေ ပကတိအတိုင်း အသုံးပြုရစ်ကြပါစေဆိုပြီးတော့ သူ့ရဲ့အမြီးဆံ ကလေးကို သူ့ရဲ့အသက်အသေခံပြီးတော့ စောင့်ရှောက်ပါတယ်။

စာမရီသားကောင်ဟာ သူ့ရဲ့ အမြီးဆံကို အသက်နဲ့လဲပြီးတော့ စောင့်ရှောက်သလို လူပီသတဲ့ လူများဟာလည်းပဲ မိမိရဲ့ငါးပါးသီလကို၊ အခြေခံအကျဆုံးဖြစ်တဲ့ ငါးပါးသီလနဲ့တကွ ကိုယ်ကျင့်သီလများကို စာမရီသားကောင်ရဲ့ထုံး နှလုံးမူပြီးတော့ အသက်နဲ့လဲ စောင့်ထိန်း ကြရမယ်။

ပြီးတော့ ရစ်မဟာ သူအုထားတဲ့ဥကို အသက်နဲ့လဲပြီးစောင့် ရှောက်သလို၊ သားတစ်ယောက်တည်းရှိတဲ့ မိခင်ဟာ သူ့ရဲ့တစ်ဦးတည်း သောသားကို အသက်နဲ့လဲပြီးစောင့်ရှောက်သလို၊ မျက်စိတစ်ဖက်တည်း အကောင်းရှိတော့တဲ့သူဟာ သူ့ရဲ့မျက်စိတစ်ဖက်ကို အသက်နဲ့လဲပြီး စောင့်ရှောက်သလို ကိုယ်ကျင့်သီလကို ချစ်မြတ်နိုးတဲ့သူဟာလည်း မိမိရဲ့ ကိုယ်ကျင့်သီလကို အသက်နဲ့လဲပြီးတော့ စောင့်ထိန်းကြရမယ်။ သီလ အတွက်ဆို ကိုယ့်အသက်ကို စွန့်လွှတ်ရဲကြရမယ်။

## သစ္စာဆိုနိုင်လောက်အောင်သီလစောင့်ထိန်းပါ

တစ်ခါတုန်းက သီဟိုဠ်ကျွန်း(သီရိလင်္ကာ)မှာ စက္ကနဆိုတဲ့ လူငယ်လေးတစ်ယောက်ရှိခဲ့ဖူးပါတယ်။ သူဟာ လူမှန်းသိတတ်တဲ့အချိန်ကစပြီး ငါးပါးသီလကို ခါးဝတ်ပုဆိုးလို မြဲမြံအောင် စောင့်ထိန်းခဲ့ပါတယ်။

တစ်နေ့တော့ သူ့ရဲ့မိခင်မှာ ပြင်းထန်တဲ့ အနာရောဂါတစ်ခု စွဲကပ်လာပါတယ်။ဆေးဆရာက ယုန်သားလတ်လတ်ဆတ်ဆတ်လေး စားလိုက်ရင် ရောဂါပျောက်နိုင်တယ်လို့ ဓာတ်စာပေးတဲ့အတွက် သူ့အစ်ကိုက စက္ကနကို လယ်တောထဲသွားပြီး ယုန်တစ်ကောင်ဖမ်းခိုင်းလိုက်ပါတယ်။

သူ လယ်တောထဲရောက်တယ်ဆိုရင်ပဲ ကောက်စပါးနုနုလေးတွေ စားဖို့လာတဲ့ ယုန်တစ်ကောင်ကို အခန့်သင့် တွေ့ရပါတော့တယ်။ ယုန်ကလေးက သူ့ကိုမြင်တာနဲ့ကြောက်လန့်ပြီး တစ်ရှိန်ထိုးပြေးလိုက်တာ နွယ်တစ်ခုနဲ့ ရစ်ပတ်မိပါလေရော။ စက္ကနလည်း ယုန်

တစ်ကောင်ကို အလွယ်တကူနဲ့ ဖမ်းမိလိုက်ပါတယ်။

ပထမတော့ ငါ့အမေအတွက် ဆေးဝါးခတ်စာရပြီ၊ ငါ့အမေတော့ ယုန်သားစားပြီးရင် ရောဂါပျောက်တော့မှာပဲလို့ တွေးမိပြီး ဝမ်းသာပျော်ရွှင်သွားပါတယ်၊ ဒါပေမဲ့ မေတ္တာကရုဏာ အားကြီးတဲ့ လူငယ်လေး၊ သီလကိုချစ်မြတ်နိုးတဲ့ လူငယ်လေးဆိုတော့ သူ့ရဲ့ဝမ်းသာပျော်ရွှင်မှုဟာ ခေတ္တခဏပဲ ခံပါတယ်။

"သတ္တဝါတစ်ဦးအသက်ရှင်ဖို့အတွက် တခြားသတ္တဝါတစ်ဦးက သေပေးရတယ်ဆိုတာ လုံးဝ သဘာဝမကျဘူး။ လုံးဝ အဓိပ္ပါယ်မရှိဘူး၊ ငါ့အမေ ရောဂါပျောက်ဖို့၊ ငါ့အမေ အသက်ရှင်ဖို့အတွက် ဒီယုန်ကလေးရဲ့ အသက်ကိုသတ်ဖြတ်ခြင်းဟာ ငါ့အတွက် လုံးဝ မသင့်တော်ဘူး။

"သွားတော့ ယုန်ကလေးရေ… သွားတော့…၊ တောထဲမှာမင်းရဲ့အဖော်ယုန်ကလေးတွေနဲ့အတူ မြက်စားလိုက်၊ ရေသောက်လိုက်နဲ့ ပျော်ပျော်ပါးပါးနေပေတော့။"

လက်ထဲအသင့်ရောက်ပြီးသားယုန်ကို ဘေးမဲ့လွှတ်ပြီးပြန်လာတဲ့ စက္ကနကို သူ့အစ်ကိုက အကြီးအကျယ် ဆဲဆိုကြိမ်းမောင်းပါတော့တယ်။ စက္ကနလည်း အစ်ကိုဖြစ်သူကို ဘာမှပြန်ပြောမနေတော့ဘဲ ရောဂါသည်းနေတဲ့ မိခင်ဆီကိုသွား၊ မိခင်အနားမှာမတ်တပ်ရပ်ပြီး သူစောင့်ထိန်းခဲ့တဲ့ သီလတွေကို နှလုံးသွင်းဆင်ခြင်ရင်း သစ္စာဆိုလိုက်ပါတယ်။

"အကျွန်ုပ်သည် မွေးဖွားသည့်အချိန်မှစ၍၊ လူမှန်းသိတတ်

သည့်အချိန်မှစ၍ သူတစ်ပါး၏အသက်ကို သေစေလိုသော စေတနာဖြင့် လုံးဝမသတ်ခဲ့ဖူးပါ၊ မိခင်ဓာတ်စာအတွက် ဖမ်းမိပြီးသား ယုန်ကလေးကိုလည်း ဘေးမဲ့လွှတ်ကာ အသက်ချမ်းသာခွင့်ပေးခဲ့ပါသည်။

"ဤစကားသည်မှန်ပါသည်၊ ဤမှန်သောသစ္စာစကားကြောင့် အကျွန်ုပ်၏မိခင်တွင်စွဲကပ်နေသော ရောဂါဝေဒနာများ လုံးဝပျောက်ကင်းပါစေသတည်း။ "

စက္ကနရဲ့သစ္စာစကား ဆုံးတာနဲ့တစ်ပြိုင်နက် သူ့မိခင်မှာ စွဲကပ်နေတဲ့ ရောဂါဝေဒနာတွေ ယူပစ်သလို လုံးဝပျောက်ကင်းသွားပြီး အကောင်းပကတိ ကျန်းမာသွားပါတော့တယ်။

အခက်အခဲ၊ အကြပ်အတည်းတွေနဲ့ တွေ့ကြုံလာတဲ့အခါမှာပဲဖြစ်ဖြစ်၊ ကောင်းမြတ်တဲ့လိုအင်ဆန္ဒတွေ ပြည့်ဝချင်တဲ့အခါမှာပဲဖြစ်ဖြစ်၊ ကိုယ် အားထုတ်ထားခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေ၊ အပြုသဘောဆောင်တဲ့လုပ်ရပ်တွေကို ပြန်ပြောင်းနှလုံးသွင်းပြီး သစ္စာဆို ဆုတောင်းမယ်ဆိုရင် အခက်အခဲအကြပ်အတည်းတွေလည်း လွတ်မြောက်နိုင်သလို ကောင်းမြတ်တဲ့ လိုအင်ဆန္ဒတွေလည်း ပြည့်ဝလာနိုင်ပါတယ်။

သစ္စာဆိုစရာအကြောင်းအရာ၊ အဖြစ်အပျက်တွေ အများကြီးရှိတဲ့အထဲမှာ ကိုယ်ကျင့်သီလဟာလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။

မိမိကိုယ်တိုင် အထူးကြောင့်ကြစိုက်၊ အထူးသတိထားပြီး ဖြူစင်သန့်ရှင်းအောင် စောင့်ထိန်းခဲ့တဲ့၊ စောင့်ထိန်းနေတဲ့ ကိုယ်ကျင့်သီလတစ်ခုခု သို့မဟုတ် ကိုယ်ကျင့်သီလ တစ်စုစုဟာ အသုံးပြုတတ်သူအတွက် အရေးကြုံတဲ့အခါမှာ အမှန်တကယ် အစွမ်းထက်တဲ့ သစ္စာ

လက်နက် ဖြစ်သွားပါတယ်။

အနည်းဆုံး ကိုယ်ကျင့်သီလတစ်ခုခု၊ သိက္ခာပုဒ်တစ်ခုခုကို အရေးကြုံတဲ့အခါ သစ္စာဆိုနိုင်လောက်အောင် အသက်နဲ့လဲပြီး စောင့်ထိန်းထားနိုင်မယ်ဆိုရင်ပဲ အဲဒီလူရဲ့စိတ်ဓာတ်စွမ်းရည်နဲ့ ဘဝတန်ဖိုးဟာ အတော်မြင့်မားနေပါပြီ။ တစ်ခုထက်ပိုပြီး စောင့်ထိန်းနိုင်မယ်ဆိုရင်တော့ အတိုင်းထက်အလွန်ပေါ့။

တရားနာပရိသတ်များ ကိုယ့်သီလကိုယ် စစ်ဆေးကြည့်ပါ။ ငါးပါးသီလ၊ သိက္ခာပုဒ်ငါးခုထဲမှာ ဘယ်သီလ၊ ဘယ်သိက္ခာပုဒ်တော့ အချိန်မရွေး သစ္စာဆိုနိုင်လောက်အောင် ငါလုံခြုံသလဲဆိုတာ စစ်ဆေးကြည့်ပါ။ တစ်ခုမှ သစ္စာဆိုနိုင်လောက်အောင် မလုံခြုံသေးဘူးဆိုရင်တော့ ဟန်မကျဘူးနော်။ ငါးပါးထဲကအနည်းဆုံး တစ်ပါးလောက်တော့ အချိန်မရွေး၊ နေရာမရွေး၊ သစ္စာဆိုနိုင်လောက်အောင် လုံခြုံမှုဖြစ်မယ်။

ငါးပါးသီလနဲ့သစ္စာဆိုတဲ့နေရာမှာလည်း ကြုံတွေ့လာတဲ့ အခြေအနေအားလျော်စွာ သူ့နေရာနဲ့သူ ဆိုတတ်ရင်တော့ ပိုကောင်းတာပေါ့၊ ပိုထိရောက်တာပေါ့၊ ပိုပြီးအစွမ်းထက်တာပေါ့။

ဥပမာ၊ ကျန်းမာရေးနဲ့ပတ်သက်လာရင် ပါဏာတိပါတ စောင့်ထိန်းတဲ့ သီလနဲ့သစ္စာဆို၊ စီးပွားရေးနဲ့ပတ်သက်လာရင် အဒိန္နာဒါနစောင့်ထိန်းတဲ့သီလနဲ့ သစ္စာဆို၊ အိမ်ထောင်ရေးနဲ့ပတ်သက်လာရင် ကာမေသုမိစ္ဆာစာရစောင့်ထိန်းတဲ့သီလနဲ့သစ္စာဆို၊ လူမှုရေးနဲ့ပတ်သက်လာရင် မုသာဝါဒစောင့်ထိန်းတဲ့သီလနဲ့ သစ္စာဆို၊ ပညာရေးနဲ့ ပတ်သက်လာရင် သုရာမေရယ စောင့်ထိန်းတဲ့သီလနဲ့ သစ္စာဆို။

ဒါကလည်း သူ့အကြောင်းနဲ့သူ့အကျိုး ပေါ်ပေါ်ထင်ထင်လိုက်ဖက်နေလို့သာ ပြောရတာပါ။ တကယ်တော့ ဘယ်အကျိုးတရားအတွက်ပဲဖြစ်ဖြစ် ဘယ်သီလနဲ့မဆို သစ္စာဆိုလို့ရပါတယ်။ အဓိကကတော့ ကိုယ်ဆိုလိုက်တဲ့ သစ္စာစကားအပေါ်မှာ ဟုတ်မှန်ကြောင်း ကိုယ်ကိုယ်တိုင် ယုံကြည်မှုရှိနေဖို့နဲ့ သစ္စာတန်ခိုးကို သံသယကင်းစွာ စိတ်ချအားကိုးဖို့ပါပဲ။

## ဘဝကောင်းတစ်ခုရချင်ရင်ငါးပါးသီလလုံမှဖြစ်မယ်

လူ့ဘဝရယ်လို့ ရလာပြီဆိုရင် ယေဘုယျအားဖြင့် အရေးကိစ္စ ငါးပါးနဲ့ မလွဲမသွေ ပတ်သက်ရပါတယ်။ "လူ့တာဝန် အရေးငါးပါး" လို့ ဆိုရင် မမှားပါဘူး။ ကျန်းမာရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ လူမှုရေးနဲ့ ပညာရေးတို့ပါပဲ။

ကျန်းမာရေးကောင်းမွန်တဲ့ လူတစ်ယောက်ဖြစ်ဖို့အတွက် ပါဏာတိပါတသိက္ခာပုဒ် လုံခြုံရပါတယ်။ ပါဏာတိပါတသမားတွေဟာ ဖြစ်လေရာဘဝတိုင်း အနာရောဂါများပြီး ကျန်းမာရေးညံ့ဖျင်းတတ်ပါတယ်။

စီးပွားရေးပြည့်စုံတဲ့ လူတစ်ယောက်ဖြစ်ဖို့အတွက် အဒိန္နာဒါန သိက္ခာပုဒ်လုံခြုံရပါတယ်။ အဒိန္နာဒါနသမားတွေဟာ ဖြစ်လေရာဘဝတိုင်း ပစ္စည်းဥစ္စာချို့တဲ့ပြီး စီးပွားရေးနိမ့်ကျတတ်ပါတယ်။

အိမ်ထောင်ရေးသာယာတဲ့ လူတစ်ယောက်ဖြစ်ဖို့အတွက် ကာ

မေသုမိစ္ဆာစာရသိက္ခာပုဒ် လုံခြုံရပါတယ်။ ကာမေသုမိစ္ဆာစာရသမား တွေဟာ ဖြစ်လေရာဘဝတိုင်း ပြဿနာရှုပ်ထွေးပြီး အိမ်ထောင်ရေးကံ ဆိုးတတ်ပါတယ်။

လူမှုရေးအဆင်ပြေတဲ့ လူတစ်ယောက်ဖြစ်ဖို့အတွက် မုသာ ဝါဒသိက္ခာပုဒ် လုံခြုံရပါတယ်။ မုသာဝါဒသမားတွေဟာ ဖြစ်လေရာ ဘဝတိုင်း လူအယုံအကြည်ကင်းမဲ့ပြီး လူမှုဆက်ဆံရေးလွဲချော်တတ်ပါ တယ်။

ပညာရေးမြင့်မားတဲ့ လူတစ်ယောက်ဖြစ်ဖို့အတွက် သုရာမေ ရယသိက္ခာပုဒ်လုံခြုံရပါတယ်။ သုရာမေရယသမားတွေဟာ ဖြစ်လေ ရာဘဝတိုင်း အသိဉာဏ်ထုံထိုင်းပြီး ပညာရေးအောက်တန်းကျတတ်ပါ တယ်။

လူ့တာဝန်အရေးငါးပါးလုံးမှာ အောက်ကျနောက်ကျမဖြစ်ဘဲ အထက်တန်းကျကျ၊ အဆင့်အတန်းမြင့်မြင့်ဖြစ်နေဖို့အကွက် ငါးပါးသီ လ၊ သိက္ခာပုဒ်ငါးခုကို အဖြူစင်ဆုံး၊ အသန့်ရှင်းဆုံးဖြစ်အောင် ထိန်း သိမ်းစောင့်ရှောက်သင့်ပါတယ်။

လူရယ်လို့ဖြစ်လာတိုင်း ဘဝကောင်းတစ်ခုရပြီလို့ မဆိုနိုင်သေး ပါဘူး။ ငါးပါးသီလဖောက်ဖျက်မှုရဲ့ အကျိုးဆက်တွေနဲ့ ထုဆစ်ထား တဲ့ လူတစ်ယောက်ရဲ့ဘဝဟာ ဘဝကောင်းမဟုတ်သေးပါဘူး။ ငါးပါး သီလ လုံခြုံမှုရဲ့ အကျိုးဆက်တွေ ထုံမွှမ်းလွှမ်းခြုံနေတဲ့ လူတစ်ယောက်ရဲ့ ဘဝကိုသာ အဖိုးတန်ဘဝကောင်းလို့ ဆိုနိုင်ပါတယ်။

လူတစ်ယောက် ငါးပါးသီလ လုံခဲ့တယ်၊ မလုံခဲ့ဘူးဆိုတာကို

သူ့ရဲ့ အကျိုးပေးကို ကြည့်ခြင်းအားဖြင့် သိနိုင်ပါတယ်။

ငါးပါးသီလ မလုံခြုံခြင်းရဲ့ အကျိုးရင်းကတော့ အပါယ်လေးပါး လားရောက်ရခြင်းပါပဲ။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်လေးပါးမှာ ကံအားရှိသမျှခံပြီး လွတ်လာလို့ လူ့ဘုံကို ရောက်လာတဲ့အခါမှာတော့ အကျိုးဆက်အနေနဲ့ ကံဟုန်ရှိသမျှ အမျိုးစုံသော ဆင်းရဲဒုက္ခတွေကို ခံစားရပြန်ပါတယ်။

လူ့ဘဝမှာ ခံစားရမယ့် ငါးပါးသီလမလုံခြုံခြင်းရဲ့အပြစ်တွေကို အလေးအနက်ဆင်ခြင်နှလုံးသွင်းသင့်ပါတယ်။ မလုံခြုံခြင်းရဲ့အပြစ်တွေကို သိရင် လုံခြုံခြင်းရဲ့အကျိုးတွေကိုလည်း အလွယ်တကူသိနိုင်ပါတယ်။

ငါးပါးသီလမလုံခြုံခြင်းရဲ့ အပြစ်နဲ့ လုံခြုံခြင်းရဲ့အကျိုးကို ဖော်ပြတဲ့ ဆောင်ပုဒ်တွေကို နှုတ်တက်ရအောင်ကျက်ထားပြီး မကြာခဏ သတိရဆင်ခြင်နေကြပါလို့ အထူးတိုက်တွန်းလိုက်ပါရစေ။

ပါဏာတိပါတ်၊ သူ့သက်သတ်က
ချို့တတ်အင်္ဂါ၊ မွဲပြာရုပ်သွင်
အားအင်ချို့ယွင်း၊ လျင်ခြင်းလည်းဝေး
ဘေးကိုကြောက်တတ်၊ အသတ်ခံရာ
အနာများလျက်၊ ခွဲရံပျက်၍
အသက်တိုလျ၊ ပြစ်များစွာသည်
ရှောင်ကအပြန်အကျိုးတည်း။

ပါဏာတိပါတသိက္ခာပုဒ် မလုံခြုံတဲ့သူ၊ သူတစ်ပါးအသက်ကို သတ်ဖြတ်တဲ့သူဟာ ဖြစ်လေရာဘဝတိုင်း မျက်စိ၊ နား၊ နှာ၊ အင်္ဂါခြေ

လက် ချို့ယွင်းတတ်ပါတယ်။ ရုပ်ဆင်းသွင်ပြင် စိုစိုပြည်ပြည်မရှိဘဲ မွဲပြာခြောက်ညှိုးနေတတ်ပါတယ်။

အားအင်ချို့ယွင်းပြီး အားနည်းနေတတ်ပါတယ်။ လျှင်မြန်ဖျတ်လတ်ခြင်း ကင်းဝေးပြီး တုံ့နှေးတုံ့နှေး ဖြစ်နေတတ်ပါတယ်။ ဘေးရန်တစ်စုံတစ်ခု ပေါ်ပေါက်လာရင် အလွန်အမင်း ကြောက်ရွံ့ထိတ်လန့်နေတတ်ပါတယ်။

သူတစ်ပါးရဲ့ အသတ်အဖြတ်ခံရတတ်သလို ကိုယ့်ဘာသာကိုယ် အဆိပ်သောက်၊ ဆွဲကြိုးချစတဲ့နည်းနဲ့ သေကြောင်းကြံစည်ပြီးလည်း သေရတတ်ပါတယ်။ အနာရောဂါများတတ်ပါတယ်။ အခြေအရံ ပျက်စီးတတ်ပါတယ်။ အသက်တိုတတ်ပါတယ်။

~ ဆောင်ပုဒ်ကိုကြည့်ပြီး တစ်ခုချင်း စကားပြေပြန်၊ အဓိပ္ပါယ်ဖော်ပါ။ မခက်ပါဘူး။ ပါဏာတိပါတသိက္ခာပုဒ် လုံခြုံမယ်၊ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်မယ်ဆိုရင်တော့ ခုပြောခဲ့တဲ့ အပြစ်တွေရဲ့ ဆန့်ကျင်ဘက် အပြန်အကျိုးတွေကို ရပါလိမ့်မယ်။

အဒိန္နဒါ၊ ခိုးမိပါမူ
ဉစ္စာနည်းမွဲ၊ ဆင်းရဲငတ်ဘိ
လိုရှိမရ၊ ဘောဂပျက်စီး
ရေမီးသူခိုး၊ မွေခံဆိုးနှင့်
မင်းဆိုးအပြား၊ ရန်မျိုးငါးကြောင့်
ပျက်ပြားဉစ္စာ၊ ပြစ်များစွာသည်
ရှောင်ခါအပြန်အကျိုးတည်း။

အဒိန္နာဒါနသိက္ခာပုဒ် မလုံခြုံတဲ့သူ၊ ပိုင်ရှင်မပေးဘဲ သူတစ်ပါး ပစ္စည်းကို မတရားယူတဲ့သူဟာ ဖြစ်လေရာဘဝတိုင်း ပစ္စည်းဥစ္စာ မွဲတတ်ပါတယ်။ လူဆင်းရဲဖြစ်တတ်ပါတယ်။ အငတ်ငတ် အပြတ်ပြတ်နေရတတ်ပါတယ်။ *အလိုရှိတာ မရဘဲ ဖြစ်တတ်ပါတယ်။*

လုပ်ငန်းမကျွမ်းကျင်ခြင်း၊ သူတစ်ပါးလိမ်လည်ခြင်းစတဲ့ အကြောင်းအမျိုးမျိုးကြောင့် စီးပွားဥစ္စာပျက်စီးတတ်ပါတယ်။ ရေ၊ မီး၊ သူခိုး၊ အမွေခံသားသမီးဆိုး၊ မင်းဆိုး ဆိုတဲ့ ရန်သူမျိုးငါးပါးရဲ့ နှောင့်ယှက်ဖျက်ဆီးမှုကြောင့် ပိုင်ဆိုင်သမျှ စည်းစိမ်ဥစ္စာတွေ လက်လွှတ်ဆုံးရှုံးရတတ်ပါတယ်။

*အဒိန္နာဒါနသိက္ခာပုဒ် လုံခြုံမယ်၊ သူတစ်ပါးဥစ္စာကို ပိုင်ရှင်* မပေးဘဲ ယူခြင်းမှ ရှောင်ကြဉ်မယ်ဆိုရင်တော့ ခုပြောခဲ့တဲ့ အပြစ်တွေရဲ့ ဆန့်ကျင်ဘက် အပြန်အကျိုးတွေကို ရပါလိမ့်မယ်။

မိစ္ဆာစာရ၊ ကျူးလွန်ကလည်း
မုန်းကြသူများ၊ ရန်သူပွား၍
ရှားပါးလာဘ်တိတ်၊ ချမ်းသာဆိတ်၏
ဣတ္ထိပဏ္ဍုက်၊ မျိုးယုတ်ခါခါ
မျက်နှာမလှ၊ အရှက်ရလျက်
လက္ခဏာဣန္ဒြေ၊ ယွင်းသွေချို့သိမ်
စိုးရိမ်များစွာ၊ ချစ်သူကွာသည်
ရှောင်ခါအပြန်အကျိုးတည်း။

ကာမေသုမိစ္ဆာစာရသိက္ခာပုဒ် မလုံခြုံတဲ့သူ၊ မိမိကာမပိုင်မ

ဟုတ်သူနဲ့ ဖောက်ပြန်လွန်ကျူးတဲ့သူဟာ ဖြစ်လေရာဘဝတိုင်း မလိုမုန်းထားသူ ပေါများတတ်ပါတယ်။ ရန်သူလည်း များတတ်ပါတယ်။ လာဘ်လာဘ ရှားပါးတိတ်ဆိတ်တတ်ပါတယ်။ ချမ်းသာမှုကင်းဆိတ်တတ်ပါတယ်။

မိန်းမဖြစ်ရတတ်ပါတယ်။ မိန်းမမဟုတ်၊ ယောကျ်ားမဟုတ်ပဏ္ဍုက် (မိန်းမလျာ၊ ယောကျ်ားလျာ) ဖြစ်ရတတ်ပါတယ်။ ယောကျ်ားဖြစ်ပြန်ရင်လည်း ယုတ်ညံ့တဲ့အမျိုးမှာ ဖြစ်ရတတ်ပါတယ်။

မျက်နှာပျက်ပြီးတော့ အရှက်ကွဲရတတ်ပါတယ်။ ရုပ်ဆင်းအင်္ဂါ လက္ခဏာ ဣန္ဒြေတို့ ချို့ယွင်းသေးသိမ်တတ်ပါတယ်။ စိုးရိမ်ကြောင့်ကြမှု အားကြီးတတ်ပါတယ်။ ကိုယ်ချစ်တဲ့သူတွေနဲ့ ခွဲခွာကွေကွင်းရတတ်ပါတယ်။

ကာမေသုမိစ္ဆာစာရသိက္ခာပုဒ် လုံခြုံမယ်၊ မိမိကာမပိုင်မဟုတ်သူနဲ့ ဖောက်ပြန်လွန်ကျူးခြင်းမှ ရှောင်ကြဉ်မယ်ဆိုရင်တော့ ခုပြောခဲ့တဲ့ အပြစ်တွေရဲ့ ဆန့်ကျင်ဘက် အပြန်အကျိုးတွေကို ရပါလိမ့်မယ်။

မုသားစကား၊ ပြောဆိုငြားမူ
စကားမပီ၊ သွားမညီတည်း
ပုပ်ညှီပါးစပ်၊ ခြောက်ကပ်ကိုယ်ရေ
ဣန္ဒြေနှောက်၊ ပုံယွင်းဖောက်၍
မရောက်သြဇာ၊ နှုတ်လျှာကြမ်းထော်
လျှပ်ပေါ်လော်လီ၊ စိတ်မတည်သည်
ရှောင်ပြီအပြန်အကျိုးတည်း။

မုသာဝါဒသိက္ခာပုဒ် မလုံခြုံတဲ့သူ၊ မဟုတ်မမှန်တဲ့စကားကို လိမ်ညာလှည့်ပတ် ပြောဆိုတတ်တဲ့သူဟာ ဖြစ်လေရာဘဝတိုင်း စကား ပီပီသသ မပြောတတ်တဲ့သူ ဖြစ်ရပါတယ်။ သွားတွေ မညီမညွှတ် ရှိတတ်ပါတယ်။ ခံတွင်းပါးစပ် ပုပ်ညှီတတ်ပါတယ်။

ကိုယ်အသားအရေ စိုစိုဖပ်ဖပ်မရှိဘဲ ခြောက်ကပ်ပူရှိန်နေတတ်ပါတယ်။ မျက်စိ၊ နား စတဲ့ ဣန္ဒြေတွေ နောက်ကျနေတတ်ပါတယ်။ ပုံဟန်သွင်ပြင် မလှပဘဲ ဆိုးဝါးဖောက်ပြန် ချို့ယွင်းနေတတ်ပါတယ်။

သူတစ်ပါးအပေါ်ဩဇာမရောက်၊ အာဏာမတည် ဖြစ်တတ်ပါတယ်။ နှုတ်ခမ်းထော်၊ လျှာကြမ်းပြီး အပြောအဆို သရမ်းတတ်ပါတယ်။ စိတ်တည်ငြိမ်မှု လုံးဝမရှိဘဲ လျှပ်ပေါ်လော်လီတတ်ပါတယ်။

မုသာဝါဒသိက္ခာပုဒ် လုံခြုံမယ်၊ မဟုတ်မမှန်တဲ့စကားကို လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်မယ်ဆိုရင်တော့ ခုပြောခဲ့တဲ့အပြစ်တွေရဲ့ ဆန့်ကျင်ဘက် အပြန်အကျိုးတွေကို ရပါလိမ့်မယ်။

သေရည်သောက်လင့်၊ သင့်မသင့်၌
ရေးခွင့်မသိ၊ ပျင်းရိမေ့ရှူး
ကျေးဇူးမဆပ်၊ ဟိရောတ္တပ်ကင်း
ခမင်းများထို၊ အကုသိုလ်ကို
မငြိုလွယ်စွာ၊ ပြုကျင့်ရာသည်
ရှောင်ခါအပြန်အကျိုးတည်း။

သုရာမေရယသိက္ခာပုဒ် မလုံခြုံတဲ့သူ၊ သေရည်အရက်

သောက်စားတဲ့သူဟာ ဖြစ်လေရာ ဘဝတိုင်း အရေးအခွင့် သင့်မသင့်ကို မသိတတ်ပါဘူး။ ပျင်းရိတတ်ပါတယ်။ မေ့လျော့မှုရှိတတ်ပါတယ်။ အရူးအနှမ်း ဖြစ်တတ်ပါတယ်။

သူတစ်ပါးပြုဖူးတဲ့ ကျေးဇူးတရားတွေကို မသိတတ်၊ မဆပ်တတ်တော့ပါဘူး။ ဟိရီဩတ္တပ္ပလို့ခေါ်တဲ့ အရှက်အကြောက်လဲ ကင်းတတ်ပါတယ်။ သေရည်အရက်သောက်မိရင် ဘယ်အကုသိုလ်ကိုမှ မရှောင်တော့ဘဲ မကောင်းမှု အကုသိုလ်အားလုံးကို အလွယ်တကူ ပြုမိတတ်ပါတယ်။

ငါးပါးသီလနဲ့ပတ်သက်တဲ့ ဒီဆောင်ပုဒ်ငါးခုကို နှုတ်တက်အလွတ်ရအောင် ကျက်ထားပါ။ ဆောင်ပုဒ်မှာပါတဲ့ အကျိုးအပြစ်တွေကို တစ်ခုချင်း စဉ်းစားဆင်ခြင်ပါ။ ငါးပါးသီလမလုံခြုံခြင်းရဲ့ အကျိုးဆက်တွေနဲ့ ဖွဲ့စည်းတည်ဆောက်ထားတဲ့ လူတစ်ယောက်ရဲ့ဘဝဟာ လူဖြစ်ကျိုးမနပ်တဲ့ ဘဝမျိုးဖြစ်လို့ အဲဒီလို လူ့ဘဝမျိုးမရောက်ရလေအောင် ငါးပါးသီလကို ခါးဝတ်ပုဆိုးလို မြဲမြဲအောင် ထိန်းသိမ်းစောင့်ရှောက်ပါ။

## သတိပဋ္ဌာန်အားထုတ်မှသီလလုံခြုံမယ်

ဒီနေ့က ငါးပါးသီလအခါတော်နေ့ ဆိုတော့ ဒီငါးပါးသီလ လုံဖို့အတွက် လုပ်ရမယ့်အချက်တွေကို ခုနပြောခဲ့တာ(၁)က မကောင်းမှုပြုဖို့အတွက် ဆိတ်ကွယ်ရာအရပ်မရှိဘူးဆိုတာ လက်ခံဖို့၊ နှလုံးသွင်းဖို့၊ (၂)က ကာမဂုဏ် အာရုံတွေအပေါ်မှာ အပြစ်မြင်ဖို့၊ ကာမဂုဏ်အာရုံကို လိုချင်တပ်မက်တဲ့စိတ်ကလေးတွေ လျှော့ဖို့၊ ဒီနှစ်ချက်ကိုပြောခဲ့ပါတယ်။ ရှေ့ပိုင်းမှာ ပြောခဲ့တာကတော့ သီလပျက်ခြင်းရဲ့အပြစ်(၅)မျိုး သီလရှိခြင်းရဲ့ အကျိုး(၅)မျိုး၊ ဒါလေးတွေ နှလုံးသွင်းထားလို့ရှိရင် ငါးပါးသီလလုံသူ ဖြစ်နိုင်ပါတယ်။

သို့သော် သီလလုံခြုံဖို့အတွက် အဓိကအကျဆုံး အချက်ကတော့ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောထားတဲ့ ပါဠိတော်ပါပဲ။

ဣမေသံ ခေါ ဘိက္ခဝေ ပဉ္စန္နံ သိက္ခာဒုဗ္ဗလျာနံ ပဟာနာယ စတ္တာရော သတိပဋ္ဌာနာ ဘာဝေတဗ္ဗာ။

" ကိုယ်ကျင့်သိက္ခာကို အားနည်းစေတတ်တဲ့ ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒ၊ သုရာမေရယမဇ္ဇပမာဒဋ္ဌာနလို့ခေါ်တဲ့တရားငါးမျိုးတို့ကို ပယ်သတ်နိုင်ဖို့အတွက် သတိပဋ္ဌာန်တရားလေးပါးတို့ကို ပွားများရပါမယ် "....တဲ့။

ဆိုလိုတဲ့ အဓိပ္ပါယ်ကတော့ " ငါးပါးသီလလုံဖို့အတွက် သတိပဋ္ဌာန်ပွားပါ။" ဒါဘုရားဟောစစ်စစ်ပါနော်။

ငါးပါးသီလလုံချင်ရင်ဘာလုပ်ရမလဲဆိုရင် သတိပဋ္ဌာန်တရားပွားများရမယ်။ သတိအမြဲတမ်းရှိနေရင် ငါးပါးသီလလုံတော့တာပဲပေါ့။ ခြင်ရိုက်တော့မယ်ဆိုရင် သတိပဋ္ဌာန်တရား ပွားများနေကျလူက ရိုက်ချင်စိတ်ပေါ်လာတာနဲ့ တစ်ပြိုင်နက် ရိုက်ချင်တယ်၊ ရိုက်ချင်တယ်လို့မှတ်တော့မှာကိုးနော်။ ရိုက်ချင်တယ်လို့မှတ်တဲ့ သတိလေး ဝင်လာတာနဲ့ မရိုက်ဖြစ်တော့ပါဘူး။

သတိဟာ မကောင်းတဲ့ အလုပ်ကိုလုပ်ဖို့ ဘယ်တော့မှ တွန်းအားမပေးဘူး။ သတိဟာ ဘယ်တော့မှ ချောက်မတွန်းတတ်ဘူး။ ကောင်းတဲ့အလုပ်တွေ လုပ်ဖို့သာ သတိက တွန်းအားပေးတတ်ပါတယ်။

ငါးပါးသီလမလုံတာ ဘာ့ကြောင့်လဲဆိုရင် သတိမရှိလို့ပါ။ ဒါ့ကြောင့် တရားနာပရိသတ်များအားလုံး အသက်သေဆုံးသည်အထိ ငါးပါးသီလလုံခြုံတဲ့ ပုဂ္ဂိုလ်တွေဖြစ်အောင် သတိပဋ္ဌာန်တရားကို အားထုတ်ကြရမယ်။

ဘယ်လောက်ထိ အားထုတ်ရမလဲဆိုရင် အနည်းဆုံး သောတာပန်ဖြစ်တဲ့အထိ အားထုတ်ရမယ်။ ဘာလို့လဲဆိုတော့ သောတာပန်

ဖြစ်မှ ငါးပါးသီလက တကယ်မြဲသွားလို့ပါ။ သောတာပန်မဖြစ်သေးသမျှတော့ ငါးပါးသီလ တကယ်မမြဲသေးပါဘူး။

ဒါ့ကြောင့်ငါးပါးသီလကို အထင်မသေးနဲ့လို့ ပြောတာ၊ တရားနာပရိသတ်များက ငါးပါးသီလကို အထင်သေးသလား။ မသေးနဲ့နော်။ ငါးပါးသီလ တကယ်လုံတဲ့သူဖြစ်ဖို့ဆိုတာ သောတာပန်ဖြစ်မှ ဖြစ်တာပါ။

သောတာပန်မဖြစ်သေးဘူး၊ ပုထုဇဉ်ပဲဆိုရင်တော့ သတိအားကောင်းနေတုန်းတော့ ငါးပါးသီလ လုံဦးမယ်ပေါ့။ သတိလေး ပျက်သွားပြီ၊ သတိလေး လျော့သွားပြီ၊ သတိလေး ကင်းသွားပြီဆိုတာနဲ့ ငါးပါးသီလဖောက်ဖျက်ဖို့ အချိန်မရွေးဖြစ်နိုင်ပါတယ်။ ငါးပါးသီလကို လွန်ကျူးစေတတ်တဲ့ ကိလေသာကို သောတာပန်ဖြစ်တဲ့ ပုဂ္ဂိုလ်ကမှ ပယ်နိုင်တာကိုး။

ဒါ့ကြောင့် ငါးပါးသီလဆိုတာလည်း သီလလို့ ပြောပေမယ့် ပညာသိက္ခာနဲ့ ဆက်စပ်နေပြန်တယ်။ သောတာပတ္တိမဂ်နဲ့ ငါးပါးသီလလွန်ကျူးကြောင်း ကိလေသာကို ပယ်နိုင်မှသာ ငါးပါးသီလလုံသူ ဖြစ်ရတာဆိုတော့ ငါးပါးသီလလုံသူဖြစ်အောင် လုပ်ပါ၊ ငါးပါးသီလကိုအကြွင်းမဲ့လုံအောင်လုပ်ပါလို့ပြောလိုက်တာဟာ တစ်နည်းအားဖြင့် သောတာပန်အနည်းဆုံးဖြစ်အောင် တရားအားထုတ်ပါလို့ ပြောတာနဲ့အတူတူပါပဲ။

ဒီတော့မေးချင်ပါတယ်။ ငါးပါးသီလလုံဖို့အတွက် ဘာလုပ်ရမလဲ၊ သတိပဋ္ဌာန်တရား ပွားများရမယ်။

ဒါ ဘုရားဟောစစ်စစ်ပဲနော်။

အင်္ဂုတ္တိုရ်ပါဠိတော် တတိယအုပ် စာမျက်နှာ(၂၅၀)ပေါ့လေ။

ကဲ ....ငါးပါးသီလ အကြွင်းမဲ့လုံ့သူတွေဖြစ်အောင် သတိပဋ္ဌာန်တရား ပွားကြပါစို့။

တင်ပလ္လင်ခွေထိုင်၊ ခြေထောက်တွေကို ထပ်မထားနဲ့၊ ခွဲထား၊ ခါးမတ်မတ်ထား၊ အသက်ကိုဝအောင်ရှူ၊ စိတ်ကို နှာသီးဝ လေထိတဲ့နေရာမှာ ကပ်ထား။

လေဝင်ရင် နှာသီးဝကို ထိပြီး ဝင်သွားမယ်။ ထိတဲ့နေရာမှာ စိတ်ကပ်၊ သတိကပ်ထားပြီး 'ဝင်တယ်' လို့မှတ်ပါ။ လေထွက်ရင်လည်း နှာသီးဝကို ထိပြီး ထွက်သွားမယ်။ ထိတဲ့နေရာမှာ စိတ်ကပ်၊ သတိကပ်ထားပြီး 'ထွက်တယ်' လို့ မှတ်ပါ။

ဝင်တယ်လို့ မမှတ်လိုက်ရဘဲ ဝင်မသွားစေရဘူး။ ထွက်တယ်လို့ မမှတ်လိုက်ရဘဲ ထွက်မသွားစေရဘူးလို့ ဆုံးဖြတ်ပြီးတော့ ဝင်တိုင်း ထွက်တိုင်း အဆက်မပြတ်သိနေအောင် ရှုမှတ်ပါ။

နှာသီးဝမှာ သတိကပ်ပြီး ရှုမှတ်နေတဲ့ကြားက စိတ်က ဟိုရောက်ဒီရောက် ရောက်သွားရင်လည်း အာရုံနောက် စိတ်မလိုက်ပါနဲ့။ နှာသီးဝ လေထိတဲ့နေရာမှာပဲ သတိမြဲနေအောင် စူးစူးစိုက်စိုက် ရှုမှတ်ပါ။ နှာသီးဝမှာ သတိမြဲပြီး စိတ်အထိုင်ကျသွားရင် အတွေးတွေလည်း ဝင်မလာတော့ပါဘူး။

ဘယ်လိုမှကို နှာသီးဝမှာ စိတ်ကို ထားလို့မရအောင် အတွေးတွေ သိပ်လွှမ်းမိုးနေရင်တော့ တွေးတယ်၊ တွေးတယ်၊ စဉ်းစားတယ်

စဉ်းစားတယ်၊ ဒီလိုလေး မှတ်ရမှာပေါ့။

စိတ်ကို တိုက်ရိုက်မှတ်လို့မရဘူးဆိုရင်လည်း ကိုယ့်စိတ်ကူးထဲမှာ မြင်နေတဲ့အာရုံလေးတွေကိုပဲ မြင်တယ်၊ မြင်တယ်၊ အိမ်ကို သတိရသွားရင်လည်း အိမ်ကို မြင်နေတာဆိုတော့ မြင်တယ်၊ မြင်တယ်၊ သီချင်းသံလေးတွေ ကိုယ့်နားထဲ ကြားနေလို့ရှိရင်လည်း ကြားတယ်၊ ကြားတယ်၊ ဒီလို မှတ်ရမှာပေါ့။

အဲဒီတော့ ထိုင်မှတ်တဲ့အခါ ပင်တိုင်ကတော့ ဝင်လေ၊ ထွက်လေ မှတ်ရမယ်။ အတွေးစိတ်တွေပေါ်လာရင် တွေးတယ်၊ တွေးတယ်၊ စဉ်းစားတယ်၊ စဉ်းစားတယ် မှတ်ရမယ်။

လောဘစိတ်တွေ ပေါ်လာလို့ရှိရင်လည်း လိုချင်တဲ့စိတ်က ထင်ရှားရင် လိုချင်တယ်၊ လိုချင်တယ်၊ တပ်မက်တဲ့စိတ် ပေါ်လာရင် တပ်မက်တယ်၊ တပ်မက်တယ်၊ သာယာတဲ့စိတ်ပေါ်လာရင် သာယာတယ်၊ သာယာတယ်၊ ဒီလို ရှုမှတ်ရမှာပါ။

စိတ်တိုစရာတွေ တွေးမိလို့ စိတ်တိုလာရင်လည်း စိတ်တိုတယ်၊ စိတ်တိုတယ်။ စိတ်ဆိုးရင် စိတ်ဆိုးတယ်၊ စိတ်ဆိုးတယ်၊ စိတ်ညစ်ရင် စိတ်ညစ်တယ်၊ စိတ်ညစ်တယ်။ ဒီလို မှတ်ရမှာပါပဲ။

ထိုင်တာတွေ သိပ်ကြာလို့ ဝေဒနာတွေဖြစ်လာရင် ကျဉ်တဲ့နေရာ စိတ်စိုက်ပြီးတော့ ကျဉ်တယ်၊ ကျဉ်တယ်၊ နာတဲ့နေရာစိတ်စိုက်ပြီးတော့ နာတယ်၊ နာတယ်၊ အောင့်တဲ့နေရာစိတ်စိုက်ပြီးတော့ အောင့်တယ်၊ အောင့်တယ် ဒီလိုရှုမှတ်ရမှာပါ။

အဲဒါတွေ မှတ်ပြီးသွားရင်တော့ နောက်ဆုံး နှာသီးဝ ဝင်လေ

ထွက်လေ ပင်တိုင်မှာ စိတ်ကို ပြန်ထားပြီး ဝင်တယ်၊ ထွက်တယ် မှတ်ရမှာပါပဲ။ ဒါက ထိုင်အမှတ်ပါ။

ကိုယ့်အိမ်မှာ သီးသန့်အချိန်ရလို့ရှိရင် စင်္ကြံလေးလျှောက်ပြီးတော့လဲ မှတ်လို့ရတာပါပဲ။ ခြေလှမ်းတဲ့အခါ ခြေထောက်လေးကြွတော့ကြွတယ်။ လှမ်းတော့ လှမ်းတယ်။ ချတော့ ချတယ်။ အသေးစိတ်မမှတ်နိုင်ရင်တောင် လှမ်းတယ်၊ လှမ်းတယ်နဲ့ မှတ်နေရမှာပေါ့။

အိမ်ရှေ့နဲ့အိမ်နောက်၊ မီးဖိုချောင်နဲ့ ဧည့်ခန်း၊ အိမ်ပေါ်နဲ့ အိမ်အောက် နေ့တိုင်း ဆင်းလိုက်တက်လိုက်လုပ်နေတာပဲ။ ဒီခြေလှမ်းတွေကို လှမ်းတယ်၊ လှမ်းတယ်မှတ်သွားရင် ဘယ်လောက်အဖိုးတန်မလဲ။

ခြေတစ်လှမ်း ကုဋေတစ်သန်း ဆိုတာ အမှတ်ပါတဲ့ ခြေလှမ်းလေးတွေကို ပြောတာပါ။ လှမ်းတိုင်း လှမ်းတိုင်း လှမ်းတယ်လို့ မှတ်နေတဲ့ ခြေလှမ်းလေးဟာ ကုဋေတစ်သန်းတန်ပါတယ်။

အိမ်ရှေ့နဲ့ အိမ်နောက်၊ အိမ်ပေါ်နဲ့အိမ်အောက် နေ့တိုင်းသွားနေရတာပဲ။ ဒါလေးတွေမှတ်သွားပါ။ ထမင်းစားတဲ့နေရာကနေ လက်ဆေးတဲ့နေရာ နေ့တိုင်းသွားနေရတာပဲ။ လက်ဆေးတဲ့နေရာကနေ ထမင်းစားတဲ့စားပွဲ နေ့တိုင်း လာနေရတာပဲ။ ဒီခြေလှမ်းလေးတွေ မှတ်သွားပေါ့။

နေ့တိုင်း ထမင်းမစားတဲ့သူ မရှိဘူး။ ထမင်းစားတိုင်းမှာ ထမင်းလုပ်တိုင်း ထမင်းလုတ်တိုင်းကို ဝါးတယ်၊ ဝါးတယ်လို့ ရှုမှတ်ပြီးစားရင် ထမင်းဝါးရင်းနဲ့လည်း ဝိပဿနာကုသိုလ် ဖြစ်နေပါတယ်။

နေ့တိုင်း ကျင်ကြီးမစွန့်၊ ကျင်ငယ်မစွန့်တဲ့နေ့မရှိဘူး။ စွန့်တိုင်း

စွန့်တိုင်း စွန့်ချင်တယ်၊ စွန့်ချင်တယ်၊ စွန့်တယ်၊ စွန့်တယ်။ စွန့်ချင်တဲ့စိတ်ရော၊ စွန့်ချင်တဲ့အမူအရာရော ရှုမှတ်ပြီးတော့ နေရမှာပေါ့။ ရေအိမ်ထဲမှာထိုင်နေတဲ့အမူအရာကိုရော ထိုင်တယ် ထိုင်တယ် မှတ်လို့ရတာပေါ့။ ရေအိမ်ထဲက အနံ့အသက်တွေကိုလဲ နံတယ်၊ နံတယ်လို့ ရှုမှတ်ရမှာပေါ့။ အဲဒီလိုဆို နေ့တိုင်း ဝိပဿနာကုသိုလ်တွေ မရေမတွက်နိုင်အောင် ရနေမှာပါ။

သီးသန့်ကြီးထိုင်နိုင်မှ တရားအားထုတ်လို့ရတာ မဟုတ်ဘူးဆိုတာလဲ သဘောပေါက်ထားရမယ်။

အဲဒီတော့ ထိုင်ပြီးတော့ အာနာပါန အခြေခံပြီးတော့ ပေါ်ရာစိတ်၊ ပေါ်ရာဝေဒနာ၊ ပေါ်ရာအာရုံကို ရှုမှတ်တာကို ထိုင်အမှတ်လို့ ခေါ်ပါတယ်။

နေရာတစ်နေရာ သတ်မှတ်ပြီးတော့ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ပြီးတော့ ရှုမှတ်တာကိုတော့ စင်္ကြံအမှတ်လို့ ခေါ်ပါတယ်။

သွားရင်းလာရင်း၊ စားရင်းသောက်ရင်း၊ ရေချိုးရင်း မျက်နှာသစ်ရင်း၊ ပြုဖွယ်ကိစ္စလေးတွေ ပြုလုပ်ရင်းနဲ့ ရှုမှတ်တာကိုတော့ အထွေထွေအမှတ်လို့ခေါ်ပါတယ်။ တစ်နည်းပြောရရင် အထွေထွေ အသေးစိတ်အမှတ်လို့ခေါ်ပါတယ်။

နိဗ္ဗာန်ရောက်ချင်တဲ့ပုဂ္ဂိုလ်၊ သတိပဋ္ဌာန်ကိုအောင်မြင်အောင် ပွားများတဲ့ပုဂ္ဂိုလ်ဟာ ထိုင်အမှတ်ကိုရော၊ စင်္ကြံအမှတ်ကိုရော၊ အထွေထွေအမှတ်ကိုရော၊ အမှတ်(၃)မျိုးလုံးကို တန်ဖိုးထားပြီး ရှုမှတ်ရမှာပါ။

အလုပ်မရွေး၊ နေရာမရွေး၊ ဣရိယာပုတ်မရွေး၊ အချိန်မရွေး ဆိုတဲ့ မရွေးလေးပါးကို လက်ကိုင်ထားပြီး ရှုပွားသွားရမှာပါ။

ဒီတော့ဟောသွားတဲ့တရားတွေ အကုန်လုံး မမှတ်မိတောင်မှ နောက်ဆုံးပြောသွားလိုက်တဲ့ “ငါးပါးသီလလုံဖို့ရန် သတိပဋ္ဌာန်ပွားပါ” ဆိုတဲ့ ဘုရားဟော ပါဠိတော်စစ်စစ်လေးကိုတော့ မှတ်သွားပါ။

ငါးပါးသီလလုံဖို့ရန်အတွက် သတိပဋ္ဌာန်ပွားရမယ် လို့မြတ်စွာဘုရားဟောထားတယ်၊ ငါးပါးသီလ တကယ်လုံချင်ရင် သတိပဋ္ဌာန်ပွားမှဖြစ်မယ်၊ ကိုယ်ကျင့်သီလ အကြွင်းမဲ့ဖြူစင်ချင်ရင် သတိပဋ္ဌာန်တရား ပွားများအားထုတ်မှဖြစ်မယ်ဆိုပြီးတော့ စားစား သွားသွား နားနား နေနေ ဘာပဲလုပ်လုပ် သတိပဋ္ဌာန်တရားပွားများကြပါလို့ အလေးအနက် တိုက်တွန်းလိုက်ပါတယ်။

လောကမှာ အကောင်းဆုံးအရာက ကိုယ်ကျင့်သီလ၊ အဲဒီ ကိုယ်ကျင့်သီလ ပြည့်စုံဖို့အတွက် အကောင်းဆုံးနည်းလမ်းက သတိပဋ္ဌာန်ဝိပဿနာ၊ ဒီတော့ အကောင်းဆုံးအတွက် အကောင်းဆုံးပေါ့။

## အပ္ပမာဒေန သမ္ပာဒေထ

လောကဥ္ဇ အကောင်းဆုံးသောအရာဆိုတဲ့ တရားကို နာကြား ကြရတဲ့ တရားနာပရိသတ်များ လောကမှာ အကောင်းဆုံးအရာဖြစ် တဲ့ ကိုယ်ကျင့်သီလကို အမြတ်တနိုး တန်ဖိုးထားပြီးတော့ အသက်နဲ့ လဲ ကြိုးစားဖြည့်ကျင့်နိုင်ကြပါစေ။

ကိုယ်ကျင့်သီလ အကြွင်းမဲ့ဖြူစင်ခြင်းရဲ့ အကြောင်းဖြစ်တဲ့ သတိပဋ္ဌာန် ဝိပဿနာတရားကိုလည်း ယုံကြည်လေးမြတ်စွာ ဗုဒ္ဓ နည်းကျ ကြိုးစားအားထုတ်နိုင်ကြပါစေ။

ကြိုးစားအားထုတ်နိုင်ကြတဲ့အတိုင်းလည်းပဲ ဝိပဿနာဉာဏ် တွေ အဆင့်ဆင့်တက်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေ အဆင့်ဆင့်တက်ပြီး တော့ နိဗ္ဗာန်ချမ်းသာကို ဒီဘဝ၊ ဒီခန္ဓာ နောက်ဆုံးအဖြစ်နဲ့ မျက်မှောက်ပြု နိုင်ကြပါစေလို့ ဆုတောင်းရင်း ဦးပဥ္စင်းတို့ရဲ့ တရားကို ဒီနေရာမှာပဲ နိဂုံးချုပ်ပါတယ်။

တရားနာပရိသတ်များအားလုံး လက်အုပ်ချီထားကြပါ။

အရေးကြီးဆုံးစကားတစ်ခွန်းနဲ့ တရားနိဂုံးချုပ်ပါတော့မယ်။

အပ္ပမာဒေန သမ္ပာဒေထ။

အပ္ပမာဒေန– မမေ့မလျော့ မပေါ့မဆ ပြင်းပြထက်သန် မှန်ကန်သော သတိတရားဖြင့်၊ သမ္ပာဒေထ– သီလ၊ သမာဓိ၊ ပညာဟုဆိုအပ်သော သိက္ခာသုံးပါးတို့ကို ကိုယ်စီကိုယ်င ပြည့်စုံအောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။ ။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

၁၃၆၁ ခုနှစ်၊ တော်သလင်းလပြည့်နေ့၊ ၁၉၉၉ ခုနှစ်၊ စက်တင်ဘာလ (၂၄)ရက်နေ့၊ သထုံမြို့နယ်၊ ကျိုက္ကော်၊ ကဒိုက်ကလေးကျေးရွာ၌ ဟောကြားအပ်သောတရားတော်ကို ပြုပြင်ဖြည့်စွက် ရေးသားထားပါသည်။

အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)